မြဝတီ နေ့စဉ်
အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ ရှေ့ဆောင်၊ ကြီးမှူး၊ ဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သောစိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည်လူ၏ နောက်သို့ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ထက်ကြပ်မကွာ ကပ်၍ပါလေ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၈၅)
■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ အင်္ဂါနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နှစ်နိုင်ငံအကြား စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ထီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံသည် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်

စာမျက်နှာ ၅ ကော်လံ ၁ ★



ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် ကာကွယ်ဆေးထိုးလုပ်ငန်းများ ပြန်လည် လည်ပတ်ဆောင်ရွက်လျက်ရှိ

ဖလမ်း အောက်တိုဘာ ၁၉

ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာရပ်နားထားသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများပြန်လည် လည်ပတ်ဆောင်ရွက်နေပြီဖြစ်ရာ ယနေ့မွန်းလွဲပိုင်းတွင် ဖလမ်းမြို့မြို့တော်ခန်းမနှင့်

စာမျက်နှာ ၅ ကော်လံ ၄ ➤

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

ဇရာဝတီ တိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည်အောက်တိုဘာလ ၁၀ ရက်နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါ်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကိုဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေငြိုင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာ

စာမျက်နှာ ၁၆ ကော်လံ ၅ ❖



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာ - ၃ သို့

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပ

စာ - ၇ သို့

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ကျွန်းလှမြို့နယ်၌ နေကြာဧက ၉၆၀ လျာထားစိုက်ပျိုးမည်

ကျွန်းလှ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်နေကြာဧက ၉၆၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၉၆၀ စိုက်ပျိုးဖို့လျာထားပါတယ်။ နေကြာကို ဆောင်းရာသီမှာ အဓိကစိုက်ပျိုးကြပြီး အရင်နှစ်က ၁၂၃၁ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နေကြာကို ယာမြေများမှာ သီးသန့်စိုက်ပျိုးကြသလို လယ်ရိတ်သိမ်းပြီး သီးထပ်လည်း စိုက်ပျိုးကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက ပြောသည်။

နေကြာစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျွန်းလှမြို့နယ်၌ နေကြာသီးနှံကို ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ဆင်းရွှေကြာ -၂၊ ရေဆင်း - ၁ နှင့် ဒေသမျိုးများ စိုက်ပျိုးကြကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိပါက ဒေသတွင်းစားသုံးဆီဖူလုံပြီး မိသားစုဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ချောင်းသာ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျလိုက်နာမောင်းနှင်သွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးလုပ်ငန်းများကို အောက်တိုဘာလ ၁၈ ရက်တွင် ချောင်းသာမြို့အဝင်ချောင်းသာ-ရွှေသောင်ယံ လမ်းခွဲ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်အဆင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လုံခြုံရေးခါးပတ် ပတ်၍ မောင်းနှင်ရန်၊ လမ်းမကြီးပေါ်တွင် ယာဉ်များကို အချိန်ကြာမြင့်စွာ ရပ်နားထားခြင်းမပြုရန်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် ဆိုင်ကယ်ဦးထုပ် စနစ်တကျဆောင်း၍ မေးသိုင်းကြိုးတပ်ဆင်မောင်းနှင်ရန်၊ သတ်မှတ်လူဦးရေထက် ပိုမိုတင်ဆောင်စီးနင်းခြင်း မပြုရန်နှင့် သက်ဆိုင်ရာ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များကို စည်းကမ်းနှင့်အညီ ဆောင်ရွက်ထားရှိရန်တို့ကို အသိပညာပေးပြောကြားသည်။

ထို့နောက် မော်တော်ယာဉ်နှင့် မော်တော် ဆိုင်ကယ်များဖြင့် သွားလာကြသည့် ခရီးသွားပြည်သူများအား ဥပဒေနှင့်မလွတ်ကင်း သည့်ပစ္စည်းများ သယ်ဆောင်ခြင်း မပြုလုပ်ကြရန် အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ယာဉ်များအတွင်း ဥပဒေနှင့်မလွတ်ကင်းသည့် ပစ္စည်းများ သယ်ဆောင်လာခြင်း ရှိ၊ မရှိ စစ်ဆေးကြောင်း သိရသည်။

မျိုးဝင်း(ပြန်/ဆက်)

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်

လူငယ်တိုင်းအတွက်အားကစား

လူတိုင်းသည် အသက်ရှည်စွာ အနာကင်းစွာနေထိုင်လိုကြသည်။ သက်ရှည်ကျန်းမာ၍ ရောဂါကင်းရှင်းစွာနေထိုင်နိုင်ခြင်းမှာ လူတိုင်းမျှော်လင့်နေသောကျန်းမာရေးဆုလာဘ်ဖြစ်သည်။ ကျန်းမာစွာနေထိုင်ရန်လိုအပ်ချက်များတွင် အားကစားလုပ်ဆောင်ခြင်းဖြစ်သည်။ ပြေးလွှားလှုပ်ရှားအားကစားဆိုသည့်အတိုင်း လှုပ်လှုပ်ရှားရှားဖြင့် သွားလာနေထိုင်ကြရမည်ဖြစ်သည်။ လူတိုင်းအတွက် အသက်အရွယ်မရွေးလုပ်သင့်သည်မှာ နေ့စဉ်လမ်းလျှောက်ပေးခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်းဖြင့် လေကောင်းလေသန့်ရရှိကာ စိတ်ကိုကြည်လင်စေသည်။ ခန္ဓာကိုယ်ပေါ့ပါးရွှင်လန်းသည်။

ကျန်းမာရေးကို မည်သည့်အရွယ်ကစတင်လုပ်ဆောင်ရမည်နည်းဆိုသော် ကျောင်းနေစဉ်အရွယ်ကတည်းက စတင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေနိုင်ရေး စီမံဆောင်ရွက်ထားသကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းကျန်းမာမာပညာသင်ကြားနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍကို အထူးအလေးထားလုပ်ဆောင်လျက်ရှိသည်။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ မြို့နယ်များတွင် အဆင့်အတန်းမီဘောလုံးကွင်းများ၊ မိုးလုံလေလုံအားကစားရုံများ၊ အများပြည်သူအားကစားလုပ်နိုင်သည့်ပန်းခြံများကို နိုင်ငံတော်ဘဏ္ဍာမှစိုက်ထုတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့တည်ဆောက်ပေးထားသည့်အတွက် ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအနေဖြင့် မိမိတို့ဝါသနာပါရာ အားကစားနည်းတစ်မျိုးမျိုးကို လေ့ကျင့်နိုင်သည်။ မိမိတို့ဝါသနာပါသည့် ဘောလုံး၊ ခြင်းလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ် စသည်ဖြင့် အားကစားနည်းများအလိုက် လေ့ကျင့်ခွင့်ရရှိခြင်းအားဖြင့် မိမိတို့သည် ကျန်းမာရေးကောင်း၍ ကျောင်းနေလည်းပျော် စာလည်းတော်သူများဖြစ်လာပေလိမ့်မည်။

အနာဂတ်နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မျိုးဆက်သစ်လူငယ်များက လွှဲပြောင်းရယူကြရမည်ဖြစ်သည်။ ပညာအရည်အချင်းအရ ကောင်းမွန်သင့်လျော်သည့်တာဝန်ဖြစ်သော်လည်း ကျန်းမာရေးချို့ယွင်းနေပါက မိမိအတွက်အခွင့်အရေးရရှိမှုနည်းပါးနိုင်သည်။ ထို့ကြောင့် ကျောင်းနေစဉ်အရွယ်ကတည်းက ပညာရေးမှာထူးချွန်နေသကဲ့သို့ ကျန်းမာရေးမှာလည်း ကောင်းမွန်နေကြရမည်ဖြစ်သည်။ ကျောင်းတိုင်းတွင်လူရည်ချွန်ရွေးချယ်ကြရာ၌ စာပေတစ်ခုတည်းကိုသာကြည့်၍ ရွေးချယ်ခြင်းမဟုတ်ပေ။ အားကစားလှုပ်ရှားမှုကိုလည်း ကြည့်၍ရွေးချယ်ခြင်းဖြစ်ပေရာ အားကစားသည် လူငယ်တိုင်းအတွက် မရှိမဖြစ်သောအရာဟုဆိုချင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၇ ရက်က ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ အကြီးစားပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် တက္ကသိုလ်အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းနှင့် ပွဲကြည့်စင်အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ **"ဘောလုံးကွင်းအား မီတာ ၄၀၀ ပြေးလမ်းပါစံကိုက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ပွဲကြည့်စင်ကိုလည်းသတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ပြန်လည်တည်ဆောက်သွားရန်လိုကြောင်း၊ အားကစားကွင်းအဆင့်မြှင့်တင်ခြင်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ကျောင်းအားကစားပွဲများအား လေ့ကျင့်ရေးအားကစားကွင်း၌ဆောင်ရွက်နိုင်ရေး စီမံပေးထားရန်လိုကြောင်း"** လမ်းညွှန်မှာကြားခဲ့သည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များအတွက်အားကစားကဏ္ဍမြင့်မားနေစေရေးကို အလေးထားလျက်ရှိပေရာ လူငယ်တိုင်းက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ပြည့်စုံခြင်းနှင့်အတူ အားကစားကိုလည်း အလေးအနက်ထားလေ့ကျင့်ပျိုးထောင်မှုပြုကြရန်ဖြစ်ပါကြောင်း။ ။

သင်(FM)အသံလွှင့်အစီအစဉ်

၂၀-၁၀-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Behind The Success
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (၄) ၏ နောက်တွင် ပုဒ်မခွဲ (၃) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၃) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉) နှင့် (၁၀) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (ငါး) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်း မရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀-က။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင်က သတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည်-"

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ) ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၂၀)သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၉

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၂၀)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာကျော်ကျော်မင်း၊ ဌာနမှူးများ၊ ပညာဌာနမှူးများမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာကျော်ကျော်မင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၂၀)သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၂၀၄ ဦး၊ သင်တန်းသူ ၂၃၀ စုစုပေါင်း ၄၃၄ ဦးတက်ရောက်ပြီး အောက်တိုဘာလ ၁၉ ရက်မှ ဒီဇင်ဘာလ ၂၄ ရက်ထိ သင်တန်းကာလ(၁၀)ပတ်ကြာဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

မြဝတီ

မီးဘေးလုံခြုံရေးအသိပညာပေး ရက်တိုသင်တန်းဖွင့်လှစ်

မအူပင် အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ စက်သုံးဆီဆိုင်နှင့် စျေးများ မီးဘေးလုံခြုံရေး အသိပညာပေး ရက်တိုသင်တန်းကို ယနေ့နံနက် ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်အောင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးထွန်းက အယ်လ်နီညိုကာလအတွင်း အပူရှိန်မြင့်တက်မှုကြောင့် စက်သုံးဆီဆိုင်များနှင့်စျေးများအတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရန်နှင့် အရေးပေါ် မီးငြိမ်းသတ်ရေးပစ္စည်းများ လွယ်ကူလျင်မြန်စွာအသုံးပြုနိုင်စေရန်ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ မအူပင်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် စျေးများမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းနည်းပြများဖြစ်သည့် ခရိုင်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးဌေးနှင့် လက်ထောက်မီးသတ်ဦးစီးဌာနဦးစီးမှူးဦးဇော်ဖြိုး အောင်တို့က အောက်တိုဘာလ ၁၉ ရက်မှ ၂၁ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စန်းစန်း



ဒေသ	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၆ ° c	/	၃၅ ° c
ရန်ကုန်	၂၆ ° c	/	၃၄ ° c
မန္တလေး	၂၆ ° c	/	၃၆ ° c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အပိုးတန်ရေချိုကို ချွေတာကြပါစို့

၁၉-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

“ဟုတ်တယ်လူကလေးရေ ဟိုနွယ်ဘူးအိုင်နယ်ပင်လယ်နက်နယ် ပုပွားနယ်တွေဘက်က အင်မတန်နယ်ကြမ်းသတဲ့ သားရဲ့၊ ရဲမက်တွေ အစောင့်အရှောက် အကုန်ခေါ်သွားပါလား သားရယ်”

ပူပန်စွာပြောနေကြသော မိခင်နှင့် ဇနီးဖြစ်သူကို ရှင်းပြရ၏။ အရှင့်ဘဏ္ဍာတော် ယမ်းထုပ်ကြီးများမှာ အလွန်တန်ဖိုးကြီးသည့် တိုင်းတစ်ပါးသားတို့ကအစ အလိုရှိနေကြသော ရတနာများဖြစ်ကြောင်း၊ သူ့အသက်ထက် ဤ၌စုဆောင်းသိုမှီးပြီးသော အရှင့်ဘဏ္ဍာယမ်းစိမ်းများ မပျက်မစီးမပျောက်မရှဖို့ရန်က ပို၍အရေးကြီးကြောင်း ရှင်းပြရလေသည်။

သူ့မိခင်ကြီး ပူသည်ထက် ပို၍ပူသောအပူက ရှင်မိညိုလေး၏နုနယ်သော နှလုံးသားတွင် စူးဝင်နေရာလေသည်။ ဤမျှ ဂုဏ်သတင်းမွှေးပြီး ဩဇာအာဏာကြီးမားလှသော သွားလေရာမျက်နှာပန်းပွင့်နေသည့် လူညိုချော သူ့ခင်ပွန်းကို တစ်ရွာတစ်ကျီဆောက် သွားမည်ကို သူအစိုးရိမ်ဆုံးဖြစ်လေသည်။

“အစ်ကို အခုလို ညအိပ်ညနေတွေ မကြာခဏ သွားနေရတာတော့ ညိုမကြိုက်ပါဘူး အစ်ကိုရယ်၊ ဒါကတော့ မင်းမိန့်နဲ့မဆိုင်ဘူးထင်ပါရဲ့”

“အို ဘယ့်နယ်ပြောလိုက်ပါလိမ့် မိညိုရယ်၊ ဒါမောင့်တာဝန်လေ မင်းဘဏ္ဍာတစ်စုံတစ်ခု ပျက်စီးပျောက်ရှခဲ့ရင် အရှင့်အမျက်တော်ဆိုတာ အကြောင်းသုံးပါးမရွေးဘူး နှမရဲ့”

“ဒါဆို နှမတော်လေးလည်း လိုက်ခဲ့မယ်လေ မောင်မောင်ရယ်၊ နှမတော်နေထိုင်လို့လည်း မကောင်းဘူး။ အိပ်မက်တွေလည်း မကောင်းဘူး အစ်ကို၊ ဟုတ်တယ် အစ်ကို့ရဲ့ ရင်ဘတ်နဲ့လက်မောင်းတွေမှာ သွေးတွေရွဲနစ်နေတယ်လို့မြင်မက်တာ သုံးကြိမ်ရှိပြီ အစ်ကိုရဲ့ ”

“ကဲကဲ ပူမနေပါနဲ့ မိညိုရယ် အစ်ကို့မှာ ဆောင်ဓားအမြဲ ကိုယ်နဲ့ကပ်ပါတယ် နှမရဲ့”

ခင်ပွန်းဖြစ်သူ၏ရင်ခွင်ထဲ၌ ကယုကယင် မှေးစက်ရင်း မူနွဲ့နွဲ့ကလေးပြောနေသော ရှင်မိညိုကို စံနက်ကျော် ယုယုယယလေး ပွေ့ဖက်ထားလိုက်သည်။ ထိုစဉ် ရွာအဝင်လမ်းဆီမှ ဖုန်တထောင်းထောင်းထအောင် အပြေးနှင်လာကြသော မြင်းသည်တော်နှစ်ယောက်က စံနက်ကျော်အိမ်တော်ဝင်းကြီးထဲသို့ အရှိန်နှင့်ဝင်လာကြ၏။ ခရီးဝေးမှ အပြင်းနှင်လာကြရသော မြင်းကြီးများက အသက်ရှူသံပြင်းပြင်းနှင့် မောဟိုက်နေကြပြီး နှာတဖူးဖူးမှုတ်နေကြသည်။

ရွှေနန်းတော်၌ အရေးတော်ပေါ်ပြီထင်ရဲ့ဟု တွေးကာ အိမ်ရှေ့ထွက်လာချိန်တွင် မြင်းသည်တော်နှစ်ယောက်က မြင်းများပေါ်မှအမြန်ဆင်းကာ သူ့ရှေ့မြေပြင်၌ ပုဆစ်တုပ်ခေါင်းငုံ့ စာချွန်လွှာပေလိပ်ကို မြှောက်ထားကြလေသည်။

“အဘမင်းဘုရားက စာချွန်တော် အမြန်ပို့သခိုင်းလိုက်ပါတယ်ဘုရား”

“ဟယ် ကိုစံရွှေးတို့ပါလား ဘဘဘုရားနဲ့ မယ်မယ်ရော ကျန်းခဲ့သာလို့ မာကြရဲ့လားဟဲ့”

“မှန်ပါ့ ဘဘုရားရော မယ်ဘုရားပါ ကျန်းမာပါတယ် သခင်မလေး”

“သြော် အေး အေး မောင်မင်းတို့ ဒီနံနက်ကတည်းက ရွှေမြို့တော်ကနေ အပြင်းချီလာကြရဲ့ မှတ်တယ်၊ သွား သွား ရေမိုးချိုးပြီး နားကြတော့၊ ပြီးရင် ထမင်းသုံးဆောင်ကြကွဲ့၊ ဟဲ့ မယုံ၊ မပုံ၊ မပွင့်တို့ ထမင်းပွဲအမြန်ပြင်ကြစမ်း။ ရွှေမြို့တော်စံအိမ်က စံရွှေးတို့လာကြသကွဲ့”

“မှန်လှပါ တပ်မှူးဘုရား၊ ဘဘုရားက နှုတ်အားဖြင့်လည်း အမှာပါးလိုက်ပါတယ်၊ ဒေသထွက် သူ့အကြိုက်လေးတွေကိုလည်း အပါယူခဲ့ပါတဲ့ဘုရား”

စံရွှေးစကားကြောင့် စံနက်ကျော်ပြုံးလိုက်သည်။ ဘဘဘုရား ဦးကျော်ရွှေးက ထန်းရည်နှင့် ထန်းရည်ချိုးကို အလွန်ကြိုက်သူဖြစ်၏။

“ကဲကဲ မောင်မင်းတို့နားကြကွဲ့၊ ရေကို ဖြည်းဖြည်းမှချိုးကြ၊ ခြေလက်ဆေးကြောပြီး ထမင်းအရင်စားကြ”

အခန်းထဲသို့ဝင်လာချိန်တွင် သူ့မိဘများထံမှ စာဖြစ်နေသဖြင့် ရှင်မိညိုက သိချင်ဇောဖြင့် နောက်မှ အပြေးလိုက်လာကာ မည်သူမျှမရှိသော လုံခြုံသည့် အိပ်ခန်းတွင်းဖြစ်၍ ကျန္ဒြေဆောင်မနေတော့ဘဲ ခင်ပွန်းကိုသိုင်းဖက်ကာ စာချွန်တော်ကိုလှုချေသည်။

“ဟဟ ရှင်မ ဘယ့်နယ်လုပ်တာလဲကွဲ့၊ မတော်လဲသွားမှဖြင့် ကိုယ်ဝန်ကနုနုနဲ့ ဒုက္ခများကုန်ပဲ့မယ်ကွယ်”

“မိညို့ မစောင့်နိုင်တော့ဘူး မောင်မောင်ရဲ့၊ မယ်မယ်တို့ မိညိုကို လွှမ်းနေကြရှာလောက်ပြီလေ”

စံနက်ကျော်က စာချွန်လွှာကို ဖွင့်၍ဖတ်လိုက်ရာ စာက နည်းနည်းမျှသာဖြစ်သည်။

“ကိုယ်တော်ကြီးဘုရား သမီးတော် မြောက်ဆောင်သခင်မကြီးကို မြင်ကွန်းကိုယ်တော်ကြီးကသုတ်သင်လိုက်သည်၊ ရွှေနန်းတော်သို့ အမြန်ပြန်လာရမည်” ဟူ၏။

“ဟာ ဘယ်လိုဖြစ်တာလဲ၊ စုလျားကြသည်မှ လပိုင်းမျှသာပေဲ”

“ရွာအပြင် တောတန်းများကို ဖြတ်နေချိန်တွင် တစ်ခြမ်းပဲ့လလေးက အလင်းလုၡ် သာနေရရှာသည်။ မြင်းခွာသံသဲ့သဲ့မျှကြားကတည်းက ပန်းဝါရင်ခုန်နေရရှာသည်။ သူ့အဖြစ်ကို အဘသိလျှင် အသက်နှင့်ကိုယ် အိုးစားကွဲနိုင်၏။ မင်းမူတော်သားလူညိုထွားကို အသည်းကြားက ချစ်ချင်းတရားဖြင့် သူအသက်ပေး၍ ချစ်ခဲ့ရသည်။ ခြောက်လဆိုသည်မှာ ရာသီတစ်ပတ်လည် တစ်နှစ်ကွယ်ဖို့ ထက်ဝက်ကျိုးလို့ လာခဲ့လေပြီ။ ချစ်သူ့ကိုယ်ပွားလွယ်ထားရသည်ပင် ငါးလခန့်ရှိလေပြီ။ အပျိုစင်လေးဖြစ်၍ ကိုယ့်ကိုယ် ကိုယ် ဘာဖြစ်လို့ဖြစ်သည်ပင်မသိ ပကတိရိုးစင်းစွာ အစားပျက်သည်ဟုထင်ခဲ့ရာမှ ယခုဖြင့်သေချာခဲ့လေပြီ။

လရောင်ပြာပြာအောက် ခြံဝင်းပေါက်မှ မြင်းကို တစ်လှမ်းချင်း မောင်းဝင်လာသော စံနက်ကျော်ကို မြင်လျှင် အိမ်အောက်၌ ရေနွေးကြမ်းသောက်ရင်း စကားလက်ဆုံကျနေကြသော ဇော်သည်လူကြီးနှစ်ယောက်နှင့် ဦးဖိုးမင်တို့ အမြန်ထကာ မြေပေါ်ဒူးတုပ်ခစားကြလေသည်။

“မှန်ပါ့ တပ်မင်း ဘယ်လိုအရေးများရှိလို့ ညကြီးအချိန်မတော် ကြွချီတော်မူလာပါသလဲ ဘုရား။။”

“ဘာတဲ့လဲအစ်ကို၊ မိညိုကို လွှမ်းနေကြတယ်တဲ့လားဟင်”

“မိညိုကလည်း ကဲ ရော့ စာချွန်ကို အသေအချာသိမ်း၊ အစ်ကိုစီမံစရာတွေ အမြန်စီမံရလိမ့်မယ်၊ ညဉ့်နက်ရင် နက်လိမ့်မယ် မိညို”

ပြောပြောဆိုဆိုဖြင့် ပဝါကို သျှောင်တစောင်းပေါင်းလျက် အပေါ်ဝတ်တစ်ထည်အမြန်ဝတ်ကာ နောက်လိုက်ရဲမက်များနှင့်အတူ မြင်းများဖြင့် အပြင်းထွက်သွားကြလေသည်။

■ ■ ■ ■ ■

မေတ္တာစစ်နှင့် ကျေးလက်မြင်ကွင်း

ရွာအပြင် တောတန်းများကို ဖြတ်နေချိန်တွင် တစ်ခြမ်းပဲ့လလေးက အလင်းလုၡ် သာနေရရှာသည်။ မြင်းခွာသံသဲ့သဲ့မျှကြားကတည်းက ပန်းဝါရင်ခုန်နေရရှာသည်။ သူ့အဖြစ်ကို အဘသိလျှင် အသက်နှင့်ကိုယ် အိုးစားကွဲနိုင်၏။ မင်းမူတော်သားလူညိုထွားကို အသည်းကြားက ချစ်ချင်းတရားဖြင့် သူအသက်ပေး၍ ချစ်ခဲ့ရသည်။ ခြောက်လဆိုသည်မှာ ရာသီတစ်ပတ်လည် တစ်နှစ်ကွယ်ဖို့ ထက်ဝက်ကျိုးလို့ လာခဲ့လေပြီ။ ချစ်သူ့ကိုယ်ပွားလွယ်ထားရသည်ပင် ငါးလခန့်ရှိလေပြီ။ အပျိုစင်လေးဖြစ်၍ ကိုယ့်ကိုယ် ကိုယ် ဘာဖြစ်လို့ဖြစ်သည်ပင်မသိ ပကတိရိုးစင်းစွာ အစားပျက်သည်ဟုထင်ခဲ့ရာမှ ယခုဖြင့်သေချာခဲ့လေပြီ။

လရောင်ပြာပြာအောက် ခြံဝင်းပေါက်မှ မြင်းကို တစ်လှမ်းချင်း မောင်းဝင်လာသော စံနက်ကျော်ကို မြင်လျှင် အိမ်အောက်၌ ရေနွေးကြမ်းသောက်ရင်း စကားလက်ဆုံကျနေကြသော ဇော်သည်လူကြီးနှစ်ယောက်နှင့် ဦးဖိုးမင်တို့ အမြန်ထကာ မြေပေါ်ဒူးတုပ်ခစားကြလေသည်။

“မှန်ပါ့ တပ်မင်း ဘယ်လိုအရေးများရှိလို့ ညကြီးအချိန်မတော် ကြွချီတော်မူလာပါသလဲ ဘုရား။။”

စံနက်ကျော်လည်း မြင်းပေါ်ကဆင်းပြီး ဦးဖိုးမင်တို့ လူကြီးများကို ခုံတန်းလျားဌ်ပင် ထိုင်ကြပါရန် ရိုကျိုးခယဆွင့်ပြုလိုက်ကာ သူကိုယ်တိုင်က တစ်ဖက်တန်းလျားဌ် ထိုင်လိုက်သည်။ ရဲမက်နှစ်ယောက်က ခြံစည်းရိုးအစပ်မှ အသင့်စောင့်နေကြ၏။ အိမ်အပေါ်ကြမ်းကြားမှ ကညင်ဆီမီးရောင်ဖြင့် မြင်နေရသော စံနက်ကျော်လည်း မြင်းပေါ်ကဆင်းပြီး ဦးဖိုးမင်တို့ လူကြီးများကို ခုံတန်းလျားဌ်ပင် ထိုင်ကြပါရန် ရိုကျိုးခယဆွင့်ပြုလိုက်ကာ သူကိုယ်တိုင်က တစ်ဖက်တန်းလျားဌ် ထိုင်လိုက်သည်။ ရဲမက်နှစ်ယောက်က ခြံစည်းရိုးအစပ်မှ အသင့်စောင့်နေကြ၏။ အိမ်အပေါ်ကြမ်းကြားမှ ကညင်ဆီမီးရောင်ဖြင့် မြင်နေရသော ချစ်သူလူညိုထွားကိုယ်ဂျင်ကြီးမျက်နှာကိုကြည့်ကာ မပန်းဝါမျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးများက အလိုလို ကျလာ၏။

“ဟဲ့ သူငယ်မ လာလေ အတော်ကြာ တပ်မင်းက မေးနေမှဖြင့်” အစ်မခေါ်သံက ပန်းဝါနားထဲသို့ မိုးကြိုးအလုံးတစ်ရာ ပစ်ချလိုက်သကဲ့သို့ တုန်လှုပ်သွားမိသည်။

အိမ်အောက်တွင် အစ်မတို့၊ အဘတို့နှင့် သူနှုတ်ဆက်စကားများ ပြောနေလေပြီ။ သူဘာဆက်ပြောမည်နည်း။ ပန်းဝါကြားလည်းကြားချင်နေမိ၏။ ကြားလည်းမကြားရဲအောင် ရင်တွင်းလှိုက်ဖိုကြောက်နေမိသည်။

ဆက်လက်ဖော်ပြပါမည်။

ပဲမျိုးစုံနှင့်လယ်ယာထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် အမှတ် (၇)ရပ်ကွက် လေးကျွန်းမာရ်အောင်ဓမ္မာရုံ၌ ပဲမျိုးစုံနှင့် လယ်ယာထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၁၈ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန်းက အယ်လ်နီညိုသဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများထိခိုက်ပျက်ဆီးမှုမရှိစေရေး ကြိုတင်ကာကွယ်ရန် အသိပညာပေးဆွေးနွေးပြောကြားသည်။

ယင်းနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပင်ရောဂါဗေဒဌာနပါမောက္ခ (အငြိမ်းစား) ဒေါက်တာမြင့်လွင်က ပဲမျိုးစုံနှင့် လယ်ယာထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေး ပညာပေးဆွေးနွေးခြင်း၊ Golden Star ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်သူရမျိုးလွင်က Golden Star Oganic ထုတ်ကုန်များအကြောင်း ရှင်းလင်းမိတ်ဆက်ခြင်းတို့ ဆောင်ရွက်သည်။

ထို့နောက် Golden Star ကုမ္ပဏီ၏ မြေဆီလွှာပညာရှင် ဒေါ်လွင်မွန်ဖူးက မြေနမူနာစစ်ဆေးခြင်းနှင့် Soil Scanner စက်အသုံးပြုခြင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ကျေးရွာ ၂၁ ရွာမှ တောင်သူ ၉၂ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မင်းဂုတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်း

ကျွန်းစု အောက်တိုဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မင်းဂုတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းကို အောက်တိုဘာလ ၁၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းရန်ပုံငွေကို ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု၏ အရေးပါပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ ဦးစားပေးလုပ်ငန်းရွေးချယ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အထွေး

❖ **နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ . . .**

❖ **ရာသီဥတုဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan အားရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ **ရွှေဖုံးမှအဆက်**

နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှု၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြား စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ထွက်ခွာ



နေပြည်တော် အောက်တိုဘာ ၁၉

ဘယ်လာရုစ်သမ္မတနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့ဌေစာရင်းကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောနေလင်းအောင်၊ မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့်အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

မြဝတီ

ဂါလန် ၅၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

စစ်ကိုင်း အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စစ်ကိုင်းမြို့နယ် အာလောင်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေဖြင့် ဆောင်ရွက်သော ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၁၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်ချို၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ အာလောင်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အာလောင်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေကျပ် ၁၉ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ယခုနှစ် မေလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သူသူ

➤ **ချင်းပြည်နယ်မှ**

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှလွယ်ခန်းမ၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းနှင့် ကျောင်းအခြေပြုသားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်းအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသောင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်ဒေါက်တာကျော်ကံကောင်းက နိုင်ငံတော်မှ နှစ်စဉ်မွေးဖွားလျက်ရှိသည့် ကလေးငယ်များအား ချင်းပြည်နယ်ကဲ့သို့ ခက်ခဲဒေသများမကျန် ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိသည့် အစီအစဉ်ကိုလည်းကောင်း၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်း ထိုးနှံပေးရခြင်း အကြောင်းနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းအတွက် ပြည်သူလူထုသို့ အသိပေးနှိုးဆော်သည့် Video Clip အားပြသသည်။

အခမ်းအနားအပြီးတွင်နေရပ်ပြန်ဒေသခံများဖြစ်သည့် အသက် ၉ လမှ ၅ နှစ်အရွယ်ကလေးများကို ဝက်သက်၊ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုအား ကြည့်ရှုအားပေးသည်။

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းအား အောက်တိုဘာလ ၁၉ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အောက်တိုဘာလ ၁၉ ရက် ယနေ့တွင် ကလေး ၆၀ အား ထိုးနှံပေးကြောင်းသိရသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှလွယ်ခန်းမ၌ကျင်းပသည့် ကျောင်းအခြေပြုသားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ဖလမ်းမြို့ပေါ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အထက်တန်းကျောင်းများမှ အသက် ၉ နှစ်မှ ၁၁ နှစ်အရွယ်ကျောင်းသူ ၇၃ ဦးတို့အား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ဒုတိယဝန်ကြီးနှင့် ချင်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်တို့သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ နံနက်ပိုင်းကလည်း ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ဖလမ်းခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး ရုံးအဆောက်အအုံပြုပြင်ပြီးစီးမှု နှင့်ဝန်ထမ်းများတာဝန်ထမ်းဆောင်နေမှုအခြေအနေ၊ 66KV ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းအခြေအနေ၊ လျှပ်စစ်ဝန်ထမ်း ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိသည့်အချိန်တွင် မြို့တွင်းလျှပ်စစ်ဓာတ်အားဖြန့်ဝေနိုင်ရေး လိုအပ်သည်များ စီမံဆောင်ရွက်ထားရန်၊ ရုံးတွင်းရုံးပြင် သာယာလှပရေးဆောင်ရွက်ရန်၊ ဆယ်တင်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းထားရှိပြီး လိုအပ်သည့်အချိန်တွင် ပြန်လည်အသုံးပြုနိုင်ရေး ပြင်ဆင်ထားရှိရန် မှာကြားသည်။

ထိုမှတစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖလမ်းခရိုင်ကြီးကြပ်ရေးရုံး အဆောက်အအုံပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှု၊ အမှုထမ်း၊ အရာထမ်းဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုနှင့် အိမ်ရာများတွင် ဝန်ထမ်းများနေထိုင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရုံးနှင့်ဝန်ထမ်းအိမ်ရာပတ် ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြည်သူများကို ကောင်းမွန်သည့်ဝန်ဆောင်မှုပေးရန် မှာကြားခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများ



ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် ဂရုတ်ဧကအားလုံး ရာနှုန်းပြည့်ခူးဆွတ်ပြီးစီး



ပွင့်ဖြူ အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် ဂရုတ်ဧကအားလုံး ရာနှုန်းပြည့်ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက ဂရုတ် ၅၆၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးထားသော ဂရုတ်စိုက်ခင်းများကို စက်တင်ဘာလပထမပတ်မှ စတင်ခူးဆွတ်ခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်ခူးဆွတ်ပြီးစီးပြီဖြစ်သည်။

“ပွင့်ဖြူမြို့နယ်မှာ မိုးသီးနှံအဖြစ် စိုက်ပျိုးထားတဲ့ ဂရုတ် ၅၆၁ ဧက ရာနှုန်းပြည့်ခူးဆွတ်ပြီးစီးပြီဖြစ်လို့ တစ်ဧကကို ၇၂၅ ပိသာနှုန်း ထွက်ရှိပါတယ်။ ဂရုတ်စိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဂရုတ်တွေ စိုက်ပျိုးထွက်ရှိဖို့၊ အချိန်မီခူးဆွတ်သိမ်းဆည်းနိုင်စေဖို့ စတဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်” ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် အစားအစာဘေးကင်းလုံခြုံမှုရှိစေရန်နှင့် အရည်အသွေးကောင်းမွန်သောသီးနှံများ ရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ GAP စိုက်ပျိုးရေးနည်းစနစ်များ၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲရေးနည်းပညာများ၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီရိတ်သိမ်းနည်းစနစ်များကို ကွင်းဆင်းအသိပညာပေးခဲ့သဖြင့် ဂရုတ်စိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ပြီးခဲ့သည့်နှစ်ကထက် အထွက်နှုန်း ပိုမိုကောင်းမွန်ခဲ့သည်။

ဂရုတ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်၍ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းရန်ပုံငွေထုတ်ချေးပေး

မင်းလှ အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရှားပင်ကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၁၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် တခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၄၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦးအတွက် ငွေကျပ် ၄၉ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးအတွက် ငွေကျပ် သုံးသန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးအတွက် ငွေကျပ် သုည ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးအတွက် ငွေကျပ် ၅၂ ဒသမ ၄၅ သန်းကို နေ့ချင်းပြီးထုတ်ချေးပေးကြောင်း သိရသည်။ **အေးမြတ်**



အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေး


မြို့သစ် အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ပြည်သူများ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အယ်လ်နီညိုရာသီဥတုကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို အောက်တိုဘာလ ၁၉ ရက်တွင် မြို့နယ်စည်ပင်သာယာဝေးအတွင်းနှင့် စာတိုက်လမ်းဆုံတို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာဝေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများနှင့် စာတိုက်လမ်းဆုံရှိ ခရီးသွားပြည်သူများထံ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အဆိုပါအယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ မီးသတ်မူရေးအကြောင်းအရာများ၊ ကျန်းမာရေးဆိုင်ရာ သတိပြုလိုက်နာရမည့်အချက်များပါဝင်ပြီး ပြည်သူများ ကြိုတင်သတိပြုကာကွယ်နိုင်ရန် ဌာနဆိုင်ရာဝန်ထမ်းများက အသိပညာပေးဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းအိဖြန်(ပြန်/ဆက်)



ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး


မိုးကောင်း အောက်တိုဘာ ၁၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် အင်ကြင်းကုန်းကျေးရွာ၌ ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အောက်တိုဘာလ ၁၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မေဝင်းက VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ အင်ကြင်းကုန်းကျေးရွာ၌ ကွန်ကရစ်ရေပြွန်သုံးခု တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အင်ကြင်းကုန်းကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃ ဒသမ ၂၇ သန်း စုစုပေါင်း ငွေကျပ် ၁၈ ဒသမ ၂၇ သန်းဖြင့် အကျယ် ၁ ပေခွဲ၊ အရှည် ၂၄ ပေရှိ ရေပြွန်သုံးခုတည်ဆောက်ခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **နွဲ့ယဉ်**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နယ်မြေရှင်းလင်းခြင်းနှင့် လမ်း/တံတားပြုပြင်ခြင်းများဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ကျေးလက်ကျန်းမာရေးဌာနဆောက်လုပ်ပေး၍ ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ပေးနိုင်ရေး၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ပညာသင်ဆုများပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး၊ ကိုယ်ပိုင်ကျောင်း/ပုဂ္ဂလိကကျောင်းအမည်များကို မြန်မာဘာသာဖြင့် ဆောင်ရွက်ပေးရေး၊ ပညာရေးဝန်ထမ်းများအား ရာထူးတိုးပြောင်းရွှေ့ခန့်ထားရာတွင် "စံ"များထားရှိပေးနိုင်ရေး၊ ပုဂ္ဂလိကကျောင်းများနှင့် ပြည်ပနိုင်ငံများမှ ရရှိသောဘွဲ့များအား အသိအမှတ်ပြုထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၈ ခု** မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ်၊ ရန်မျိုးအောင်ကျေးရွာမှ အင်းသဘောက်တံတားအထိ လမ်းအား လုံခြုံရေးဆောင်ရွက်ခြင်း၊ နယ်မြေရှင်းလင်းခြင်းနှင့် လမ်း/တံတားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်မျိုးသန့်က ကျောက်ကြီး - နတ်သံကွင်းလမ်းပေါ်ရှိ ရန်မျိုးအောင်ကျေးရွာမှ အင်းသဘောက်တံတားအထိ ၃၁သမ၄မိုင် လမ်းပိုင်းနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများကို နယ်မြေလုံခြုံရေးနှင့်မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပြီးပါက မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ လမ်း/တံတားများပြုပြင်ခြင်း၊ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်များ တွက်ချက်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ပြုပြင်တည်ဆောက်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းပိုင်းအား ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး အပြည့်အဝရရှိအောင် ဆောင်ရွက်ပြီးမှသာ ပြည်သူများပုံမှန်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းမိုးဇော်ဦး၏ **မိုင်းဆတ်ခရိုင်ရှိ (၅၀) ခုတင်ဆုံ ဆေးရုံအား (၁၀၀) ခုတင်ဆုံအဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး လူနာဆောင်များအမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မိုင်းဆတ်မြို့ ခုတင် (၅၀)ဆုံ ပြည်သူ့ဆေးရုံ၏ တစ်ရက်ပျမ်းမျှအတွင်းလူနာဦးရေမှာ ၂၀၂၃ ခုနှစ်တွင် ၁၇ ဦး၊ ၂၀၂၄ ခုနှစ်တွင် ၁၈ ဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၉ ဦး၊ ၃ နှစ်စာပျမ်းမျှခြင်း အနေဖြင့် ၁၈ ဦးရှိပြီး ဆေးရုံခွဲပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၃၈ ရာခိုင်နှုန်း၊ ၃ နှစ်စာပျမ်းမျှခြင်းအားဖြင့် ၃၆ ရာခိုင်နှုန်းသာရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် လတ်တလော အဆိုဆောက်လုပ်ပေးနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ကျန်းမာရေးဦးစီးဌာနအနေဖြင့် လာမှုမရှိခြင်း၊ လွမ်းခြုံလူဦးရေ ၃၀၀၀၀ ကျော်ရှိသော်လည်း အနီးဆုံးဆေးရုံများသို့ သွားရောက်ရန် ၄၅ မိနစ်မှ ၁ နာရီခွဲသာကြာမြင့်ခြင်း၊ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် မြေနေရာအကျယ်အဝန်းလုံလောက်မှုမရှိခြင်းတို့ကြောင့် ဟေမန်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံဆောက်လုပ်ရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၏ **ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များချိတ်ဆက်၍ ပညာသင်ဆုများပိုမိုရရှိရေးဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတကာအဆင့်မီပညာရေးသင်ယူနိုင်ရေးနှင့် နိုင်ငံတကာပညာသင်ဆု အခွင့်အလမ်းများ ပိုမိုရရှိစေရေး အတွက် ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များ အကြား ပညာရေး၊ သုတေသနနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့ သင်တန်းများစေလွှတ်လျက်ရှိရာ ပါရဂူဘွဲ့အတွက် ၈၁ ဦး၊ မဟာဘွဲ့အတွက် ၂၆ ဦး၊ ဒီပလိုမာသင်တန်းအတွက် ၁၂ ဦးနှင့် အခြားသင်တန်းများအတွက် ၁၃၂ ဦး စေလွှတ်ခဲ့ပြီး၊ စုစုပေါင်းသင်တန်းသား ၂၅၁ ဦး စေလွှတ်ပြီးဖြစ်ပါကြောင်း၊ ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာရှိတက္ကသိုလ်များချိတ်ဆက်၍ နိုင်ငံတကာအဆင့်မီ ပညာသင်ကြားနိုင်ရန်နှင့် ပညာသင်ဆုများရရှိရေးအတွက် (MoU) နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပညာသင်ဆုများတိုးမြှင့်ရရှိစေရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **ပုဂ္ဂလိကပညာရေးဥပဒေအရ ဒုတိယအမျိုးအစား ကိုယ်ပိုင်ကျောင်းသို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ အမည်များကို မြန်မာဘာသာဖြင့်ဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကပညာရေး ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်လက် မှ တ် ထု တ် ပေး ထား သော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသောကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့်သင်ကြားသောကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ မြန်မာဘာသာဖြင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ နိုင်ငံတကာသင်ရိုးသင်းလည်းကောင်း၊ နိုင်ငံ၀န်ထမ်းနည်းဥပဒေများတွင် ပါရှိသော ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ တန်းစီဇယားပုံစံများဖြင့်လည်းကောင်း၊ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခြင်းအတွက် တန်းစီဇယားမူများကို တက္ကသိုလ်များမှ သက်ဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီး ရရှိလာသောမူများဖြင့် တိကျစွာစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာအတတ်ပညာဦးစီးဌာနရှိ သင်ကြားရေးဆရာ၊ ဆရာမများနှင့်စီမံခန့်ခွဲရေး၀န်ထမ်းများ၏ ရာထူးအားလုံးအတွက် ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ ပြောင်းရွှေ့ လျော်ကထားရာတွင် အနည်းဆုံး တာ၀န်ထမ်းဆောင်ရမည့် နှစ်များသတ်မှတ်ခြင်း၊ အနေကြာသတ်မှတ်ခြင်း၊ အနေကြာသတ်မှတ်ချက်မှ ကင်းလွတ်ခြင်း၊ မိသားစုပေါင်းစည်းခြင်း (ပညာရေးနှင့် အခြား၀န်ကြီးဌာန)နှင့် ရာထူးတိုး/ ပြောင်းရွှေ့ အမိန့်စာများထုတ်ပြန်ခြင်းတို့ကို စံများသတ်မှတ်ထားရှိ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံပညာဦးစီးဌာနရှိ ပညာရေး၀န်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့ရာထူးပြောင်း၊ရာထူး (တာ၀န်ပြောင်း)နှင့် ရာထူး ၀င်ပေါက် ခန့်ထားရေးများအား အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဦးဆောင်မှုဖြင့်

စာမျက်နှာ ၈ သို့

➫ **စာမျက်နှာ ၇ မှ**

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီး (ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း) တို့ပါဝင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲသတ်မှတ်အတည်ပြု၍ ခွင့်ပြုခဲ့သော သတ်မှတ်ချက်များအတိုင်း အခြေခံပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ ပြောင်းကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်တည်း ဆောင်ရွက် လျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနရှိ ပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ ပြောင်းရွှေ့ခြင်းကိစ္စများကို သတ်မှတ်ထားသည့်စံများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုဂ္ဂလိကကျောင်းများနှင့် ပြည်ပနိုင်ငံများမှရရှိသော ဘွဲ့များအား မည်ကဲ့သို့ အသိအမှတ်ပြုထားကြောင်းနှင့် နိုင်ငံတာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် မည်ကဲ့သို့ စီမံထားရှိမှုအားသိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးဝင်းမောင်သိန်းက မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပညာသင်ကျောင်းများနှင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများ၌ ဘွဲ့/ မဟာဘွဲ့/ ပါရဂူဘွဲ့များနှင့် ပြည်ပနိုင်ငံများမှရရှိထားသော ဘွဲ့များနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကပညာရေးဥပဒေ ပုဒ်မ ၃၈၊ ၃၉ နှင့် ၄၀ တွင် ဖော်ပြထားသော ပုဂ္ဂလိကကျောင်းဆရာအရည်အချင်းသတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ကိုက်ညီပါက သက်ဆိုင်ရာပုဂ္ဂလိကအခြေခံပညာကျောင်းဆရာအဖြစ်လည်းကောင်း၊ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းဆရာအဖြစ်လည်းကောင်း၊ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်းဆရာအဖြစ်လည်းကောင်း လျှောက်ထားနိုင်ပြီး ပုဂ္ဂလိကကျောင်းဆရာအဖြစ် လျှောက်ထားသူများသည် DCS (Disloyal Civil Servant) ကင်းရှင်း၍ ရရှိသော ဘွဲ့မှန်ကန်မှုရှိပါက သက်ဆိုင်ရာပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်ထုတ်ပေး၍ အသိအမှတ်ပြုထားပါကြောင်းနှင့်နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားလိုပါက သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ လျှောက်ထားနိုင်ပါကြောင်းနှင့် ပုဂ္ဂလိကကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခြင်းသည်လည်း နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းပင် ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးဝရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၁၉ ရက်မြောက်နေ့ကိုအောက်တိုဘာလ ၂၁ ရက်တွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

သံဖြူဇရပ်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

သံဖြူဇရပ် အောက်တိုဘာ ၁၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဝဲကလောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် သံဖြူဇရပ်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝဲကလောင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သံဖြူဇရပ်မြို့နယ် ဝဲကလောင်းကျေးရွာ၌ အရှည်ပေ ၁၉၀၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မ ရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေကျပ် ၁၅၀ ဒသမ ၃၅ သန်းအသုံးပြုပြီး ဇူလိုင်လ ၂၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများအား လုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဝဲကလောင်းကျေးရွာရှိကျေးရွာသူ၊ကျေးရွာသားများ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)





ကဝမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပဲပုပ်အစားထိုးသီးနှံ စိုက်ပျိုးရေးအသိပညာပေးဟောပြော

ကဝ အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် စိုက်ပျိုးရေးလုပ်ကိုင်နေကြသောတောင်သူများအား အယ်လ်နီညိုဖြစ်ပေါ်မှုကြောင့်စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ် သက်ရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ ပဲတီစိမ်းကို(GAP)စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးနှင့် ပဲပုပ်အစားထိုးသီးနှံစိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ပိုင်းက ကဝမြို့နယ် အဒူးကျေးရွာလူထုအခြေပြုတောင်သူပညာပေးစခန်း၌ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက စိုက်ပျိုးရေး၊ ကျန်းမာရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအမှာစကားပြောကြားသည်။

ထို့နောက် ကဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲကိုကို က ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ပဲတီစိမ်းကို(GAP) စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပဲပုပ်အစားထိုးစိုက်ပျိုးရေးနှင့် အယ်လ်နီညိုရာသီဥတုကြောင့် ဆန်စပါး၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများအထွက်နှုန်းကျဆင်းမှုမရှိစေရန်၊ အပူဒဏ်အန္တရာယ် သက်ရောက်နိုင်မှုများအား ကာကွယ်နိုင်ရန်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များအား အသိပညာပေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ အဒူးကျေးရွာအုပ်စုနှင့် ပင်ကလောင်ကျေးရွာအုပ်စုမှ တောင်သူ ၁၂၇ ဦး တက်ရောက်ကြပြီး တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြကြောင်းသိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

MWD Education, Knowledge & Sports Channel

၂၀-၁၀-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၇:၀၀ – ၀၈:၃၀ Grade – 4 မြန်မာစာ၊ အင်္ဂလိပ်စာ

၂။ ၁၅:၃၀ – ၁၆:၄၅ Grade – 4 သချိုင်္ဂ၊ သိပ္ပံ

၃။ ၁၆:၄၅ – ၁၉:၀၅ Grade – 6 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိုင်္ဂ(၁)၊ သချိုင်္ဂ(၂)

၄။ ၁၉:၀၅ – ၂၀:၃၀ Grade – 6 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

ကြာမျိုးငါးမည် ပွင့်သည့်လ

❖ ငါးမည်ကြာ ရနံ့သင်း
အဆင်းလှ ရောင်စုံညီ။
တူရာသီ ချိန်ခါသင့်
ဖူးပွင့်ကြသည်။
ကြယ်စင်မင်း အသဝန်
ထိန်ကြည်လွင် ယှဉ်တောက်ပ။
မြတ်ဗုဒ္ဓ လူတို့ပြည်
ကြွချီဆင်းလ။

❖ အဘိဓမ္မာ ခုနစ်ကျမ်း
စီးဖြန်းဟော ဒေသနာ။
မိနတ်သား ကျေးဇူးဟောင်း
အကြောင်းပြုကာ။
တာဝတိံသာ နတ်ပြည်မှာ
ဗြဟ္မာနှင့် နတ်အပေါင်း။
ဘုရားရှင် မြတ်ဗုဒ္ဓ
မြွက်ဟသွန်းလောင်း။

❖ သုံးလကုန် ဝါကာလ
မြွက်ဟောပြ ဒေသနာညီ။
အဘိဓမ္မာ ခုနစ်ကျမ်း
စီးဖြန်းခဲ့သည်။
ပြီးဆုံး၍ လူတို့ပြည်
ကြွချီခဲ့ သုံးလီစောင်းတန်း။
သင်္ကီဿပြည် ညခရီး
ဆီမီးရောင်လွှမ်း။

❖ ဝါကျွတ်ချိန် သမယ
ဆောက်တည်ကြ မြတ်ကုသိုလ်။
သီလယူ ကျောင်းကန်မွေ့
ချမ်းမြေ့ရိပ်ခို။
ဓမ္မအခါတော် နေ့မှာဆို
ဘိုးဘွားအို ကန်တော့။
ဦးခိုက်ကာ သဒ္ဓါပွားလို့
ဝပ်တွားမာန်လျော့။ ။

ဝိုင်းမောင်(မာန်အောင်)

သတိပြုဖွယ် ကျောက်ကပ်အန္တရာယ်

မောင်နေ(မြကျွန်း)

ကျောက်ကပ်သည် ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကိုဖယ်ရှားပေးကာ သွေးတွင်းရှိရေနှင့် ဓာတ်ဆားပမာဏမျှတအောင် ထိန်းညှိပေးသည့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့ပြင် သွေးတွင်းအည စ်အကြေးနှင့် ပိုလျှံအရည်များကို စစ်ထုတ်၍ ဆီးအဖြစ်စွန့်ပစ်ခြင်း၊ ခန္ဓာကိုယ်ရေဓာတ် ပမာဏထိန်းညှိပေးခြင်း၊ သွေးပေါင်ချိန်ထိန်းညှိရာတွင်ကူညီပေးခြင်း၊ ဗီတာမင်- D ထုတ်ပေးခြင်း၊ သွေးနီဥထုတ်လုပ်ရန် လိုအပ်သည့်ဟော်မုန်းများထုတ်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးသည်။

ခန္ဓာကိုယ်၏ ခါးအနီး ကျောရိုးတစ်ဖက်တစ်ချက်စီတွင် ကျောက်ကပ်တစ်လုံးစီရှိပြီး ပဲစေ့ပုံသဏ္ဌာန်ရှိကာ အရှည် ၁၀ စင်တီမီတာခန့်ရှိသည်။ ကျောက်ကပ်၏ အပြင်အစိတ်အပိုင်းအင်္ဂါရပ်များတွင် အဝကျဉ်းကျဉ်းနှင့် သွေးကြောမျှင်လေးများပါရှိပြီး နူးညံ့သည့် အရွတ်ဖြင့် ဖုံးအုပ်ထားသည့် ဘောလုံးပုံစံများရှိသည်။

ကျောက်ကပ်နှင့်ရေ

ကျောက်ကပ်ကျန်းမာရေးအတွက် အရေးတကြီး လိုအပ်သည်မှာ ရေဖြစ်ပြီး ရေဓာတ်ပြည့်ဝပါက အညစ်အကြေးဖယ်ရှားခြင်း၊ ကျောက်တည်ခြင်းမှ ကာကွယ်ခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်ခြင်း စသည်တို့ဖြစ်စေသည်။ ရေဓာတ်ခန်းခြောက်မှုဖြစ်ခဲ့လျှင် ကျောက်ကပ်ကျောက်တည်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းနှင့် သွေးတိုးရောဂါများကို ခံစားရနိုင်သည်။ လူတစ်ဦးသည် တစ်ရက်လျှင် ရေ ၂ လီတာမှ ၃ လီတာအထိ သောက်သုံးသင့်သည်။ သို့ရာတွင် ကျောက်ကပ်ရောဂါအခံရှိသူများ၊ ဆရာဝန်မှ အရည်ကန့်သတ်ထားသူများအနေဖြင့် ညွှန်ကြားချက်အတိုင်း လိုက်နာသင့်သည်။

ကျောက်ကပ်ပျက်စီးပုံအဆင့်ဆင့်

ကျောက်ကပ်ပျက်စီးမှုသည် ရုတ်တရက်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ တဖြည်းဖြည်းဖြစ်ပွားလာခြင်းဖြစ်သည်။ ကျောက်ကပ်ရောဂါရှိကြောင်း ပြသသည့်လက္ခဏာတချို့မှာ မောပန်းလွယ်ခြင်း၊ ခန္ဓာကိုယ်ရောင်ရမ်းခြင်း၊ ဆီးအမြဲပ်ထခြင်း၊ ဆီးအနံ့ရှိလာခြင်း၊ ဆီးမကြာခဏသွားခြင်းတို့ဖြစ်ပြီး သွေးတိုး၊ ဆီးချို၊ လေးဖက်နာနှင့် SLE ခေါ် အရေပြားလေးဖက်နာရောဂါများသည် ကျောက်ကပ်ကို တိတ်တဆိတ်ဖျက်ဆီးနေသော်လည်း ရောဂါလက္ခဏာမပြတတ်ပေ။ ထို့ကြောင့် ပုံမှန်သွေးစစ်၊ ဆီးစစ်ရန် လိုအပ်သလို ရှောင်သင့်သည်များကိုလည်း ရှောင်ကြဉ်ရန်လိုအပ်သည်။

"ကျောက်ကပ်ဝေဒနာရှင်တစ်ဦးအနေဖြင့် သွေးတိုးခြင်း၊ အစာမစားနိုင်ခြင်း၊ အော့အန်ခြင်း၊ နုံးချည့်ခြင်း၊ အိပ်ငိုက်ခြင်း၊ မျက်နှာ၊ ခြေ၊ လက်ဖောရောင်ခြင်း၊ ညအိပ်ချိန် အာခြောက်၍နိုးခြင်း၊ နှာခေါင်းအစား ပါးစပ်ဖြင့် အသက်ရှူရခြင်း၊ ကြို့ထိုးချိန်ကြာခြင်း (၁၅-၃၀ မိနစ်ခန့်)၊ နှလုံးခုန်နှုန်းမမှန်ခြင်း၊ ဆီးတွင် အမြဲပ်ပါခြင်း၊ ဆီးအနံ့ထွက်ခြင်း၊ မကြာခဏဆီးသွားခြင်း၊ ပုံမှန်နေရောင်ခြည်ကို မကြည့်နိုင်ခြင်းတို့ ခံစားရနိုင်သည် ..."

ရောဂါအခံကြောင့် ကျောက်ကပ်ပျက်စီးခြင်း

နာတာရှည်ဆီးချို၊ သွေးတိုး၊ လေးဖက်နာရောဂါ ဝေဒနာရှင်များနှင့် တိုင်းရင်းဆေး/ နိုင်ငံခြားဆေး သောက်သုံးသူများသည် ကျောက်ကပ်ပျက်စီးနိုင်ခြေပိုများသည်။

ကျောက်ကပ်ဝေဒနာရှင်တစ်ဦးအနေဖြင့် သွေးတိုးခြင်း၊ အစာမစားနိုင်ခြင်း၊ အော့အန်ခြင်း၊ နုံးချည့်ခြင်း၊ အိပ်ငိုက်ခြင်း၊ မျက်နှာ၊ ခြေ၊ လက်ဖောရောင်ခြင်း၊ ညအိပ်ချိန် အာခြောက်၍နိုးခြင်း၊ နှာခေါင်းအစား ပါးစပ်ဖြင့် အသက်ရှူရခြင်း၊ ကြို့ထိုးချိန်ကြာခြင်း (၁၅-၃၀ မိနစ်ခန့်)၊ နှလုံးခုန်နှုန်းမမှန်ခြင်း၊ ဆီးတွင် အမြဲပ်ပါခြင်း၊ ဆီးအနံ့ထွက်ခြင်း၊ မကြာခဏဆီးသွားခြင်း၊ ပုံမှန်နေရောင်ခြည်ကို မကြည့်နိုင်ခြင်းတို့ ခံစားရနိုင်သည်။

ကျောက်ကပ်ဆေးခြင်း

ကျောက်ကပ်နှစ်လုံးရှိပြီး ကျောက်ကပ်ရောဂါများသည် ကျောက်ကပ်တွင်းရှိ သွေးတွင်းအညစ်အကြေးနှင့် ပိုလျှံအရည်များကို မစစ်ထုတ်နိုင်သည့်အခါ ခန္ဓာကိုယ်အတွင်း အန္တရာယ်ရှိအဆိပ်အတောက်များ စုပုံလာသည်။ ထိုအခါ ကျောက်ကပ်ဆေးခြင်းဖြင့် ကျောက်ကပ်၏လုပ်ဆောင်ချက်များ ပြန်လည်ကောင်းမွန်လာသည်။ ကျောက်ကပ်ဆေးနည်းမှာ လက်မောင်းမှသွေးထုတ်၍ သွေးစစ်စက်တွင် အညစ်အကြေးများစွန့်ထုတ်ပြီး သန့်စင်ပါက ယင်းသွေးများကို ခန္ဓာကိုယ်အတွင်း ပြန်ပို့ခြင်းဖြစ်သည်။ ကျောက်ကပ်ဆေးရာတွင် တချို့က တစ်လတစ်ကြိမ်၊ တချို့က တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ဆေးရသည်။

ကျောက်ကပ်ဝေဒနာရှင်များအနေဖြင့် ဆားနှင့် အချိုမှန့်စားသုံးမှုလျှော့ချရန်၊ အသင့်စား အစားအစာ၊ ဆီကြော်စာနှင့် ဓာတုဆိုးဆေးပါဝင်သည့် အစားအစာများရှောင်ရန်၊ ဆော်ဒါပါသည့်အချိုရည်ရှောင်၍ သကြားမထည့်သည့် အသီးဖျော်ရည်သောက်သုံးရန်၊ ပူလွန်း၊ စပ်လွန်းသည့်အစားအစာများ၊ ကင်ထားသည့်အသားများမစားရန်၊ မှိုတက်စာများမစားရန်၊ အမဲသား၊ ဆိတ်သားနှင့် ဝမ်းတွင်းကလီစာများ မစားရန် (တစ်ရက်လျှင် အသား ၆၀ ဂရမ်ထက် မပိုဘဲ တစ်ပတ်နှစ်ကြိမ်သာစားရန်)လိုအပ်သည်။ ထို့ပြင် ဆေးလိပ်ဖြတ်ပါ။ တည်းသီးလုံးဝရှောင်ပါ။ ဟင်းနုနယ်၊ ကန်စွန်းရွက်လျှော့စားပါ။ ကျောက်ကပ်တွင် ကျောက်တည်သူများ ဆီးဖြူသီးမစားသင့်ပါ။ အရက်၊ ဘီယာ၊ ကွမ်းရှောင်ကြဉ်ပါ၊ အကိုက်အခဲပျောက်ဆေးများအား ဆရာဝန်ညွှန်ကြားချက်အတိုင်းသာသောက်ပါ။ (မှတ်ချက်။ ကိုယ်လက်လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ပေးပါ။ အိပ်ရေးဝဝအိပ်စက်ပါ။)

ကျောက်ကပ်ကို အထောက်အကူပြုစေသည့် အစားအစာများမှာ စတော်ဘယ်ရီသီး၊ ဘလူးဘယ်ရီသီး၊ ပန်းသီး၊ စပျစ်သီးအနီရောင်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီစိမ်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဆယ်လ်မွန်ငါး၊ တူနာငါးကဲ့သို့ Omega- 3 ကြွယ်ဝသည့် ငါးများနှင့် သဘော်သီးအစေ့အစိမ်းစားပါ။ သဘော်သီးအစေ့ကို အမှုန့်ပြုလုပ်၍ ရေနွေးဖြင့်သောက်ပါ။

လူ၏ခန္ဓာကိုယ်အစိတ်အပိုင်းသည် နေ့စဉ်လှုပ်ရှား၍ လုပ်ငန်းတာဝန်အသီးသီးကို ထမ်းဆောင်လျက်ရှိသည်။ အသက် ၆၀ အရွယ်ရှိသူတစ်ဦးသည် ရက်ပေါင်း ၂၁၉၀၀ ဖြတ်သန်းခဲ့ပြီးသလို ဖြတ်သန်းခဲ့ရသည့်ရက်များတွင် ခန္ဓာကိုယ်ပြင်ပအစိတ်အပိုင်းများသည် ၂၄ နာရီ လှုပ်ရှားရသည်။ နှစ်ရှည်သုံးစက်များကဲ့သို့ ခန္ဓာကိုယ်ချို့ယွင်းမှုဖြစ်လာသည့်အခါ ဆေးထိုး၊ ဆေးလူး၊ ဆေးသောက်ခြင်းမှသည် ခွဲစိတ်ခြင်း၊ ဖြတ်တောက်ခြင်းနှင့် အစားထိုးအဆင့်ထိတိုင် ရောက်ရှိလာခြင်းဖြစ်သည်။ ကျောက်ကပ်သည် ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါတစ်ခုဖြစ်ရာ အသက်အရွယ်အရလည်းကောင်း၊ တခြားပယောဂကြောင့်လည်းကောင်း ယိုယွင်းပျက်စီးလာနိုင်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်း၏ ဆိုစကားကဲ့သို့ ကျောက်ကပ်အန္တရာယ်မဖြစ်စေရေး ကြိုတင်ကာကွယ်နိုင်ပါရန်နှင့် ဖြစ်ပွားခဲ့လျှင် အချိန်မနှောင်းမီ ကုသမှုခံယူကြပါရန် ကျန်းမာရေးသုတအနေဖြင့် ရေးသားလိုက်ရပါသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စျေးများ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြို့နယ်အတွင်းရှိ စျေးများ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာလ ၁၉ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဥက္ကလာပမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စျေးတာဝန်ခံ၊ စျေးလုံခြုံရေးများသည် မြောက်ဥက္ကလာပမြို့နယ် (ဃ)စျေး၊ မေဓာဝီစျေး၊ နွယ်သာကီစျေး၊ (ခ)စျေး၊ ဝေဘာဂီစျေးတို့ရှိ စျေးအတွင်းရေသို့လှောင်ကန်များ၊ မီးဘေးလုံခြုံရေးဆောင်ရွက်ထားသည့်ပစ္စည်းကိရိယာများ၊ စျေးအရှေ့ရှိ Fire Hydrant System မှ ရေထွက်အားစမ်းသပ်ခြင်း၊ လျှပ်စစ်ဝိုင်ယာရှေ့ခွဲဖြစ်ပွားနိုင်မှုမရှိစေရန် မီးကြိုး၊ မီးခလုတ်များစနစ်တကျသုံးစွဲထားခြင်းရှိ၊ မရှိတို့ကိုစစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ရွှေသောင်ယံမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေး

ရွှေသောင်ယံ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ် (၂) ရပ်ကွက်ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ အသက်ကိုးလမှ ငါးနှစ်အောက်ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်း လုပ်ငန်းများကို အောက်တိုဘာလ ၁၉ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေးဆရာမများက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး သတ်မှတ်အသက်အရွယ်ရှိ ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါများမှ ကာကွယ်နိုင်၍ ကျန်းမာရေးကောင်းမွန်စေရန်ရည်ရွယ်ပြီး ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြစ်သည်။

ကာကွယ်ဆေး ထိုးနှံရာတွင် တစ်ပတ်အတွင်း ဖျားနာနေသော ကလေးငယ်များ၊ တခြားကာကွယ်ဆေးတစ်မျိုးမျိုးထိုးနှံစဉ်က ပြင်းထန်စွာဓာတ်မတည့်မှုများဖြစ်ပေါ်ခဲ့ဖူးခြင်း၊ လက်ရှိကျန်းမာရေးအခြေအနေအရ ကိုယ်ခံအားကျဆင်းနေသော ကလေးငယ်များရှိပါက ကျွမ်းကျင်သောကျန်းမာရေးဝန်ထမ်းများနှင့်တိုင်ပင်ပြီးမှသာ ကာကွယ်ဆေးထိုးနှံရမည်ဖြစ်သည်။



ဝက်သက်နှင့် ဂျိုက်သိုးရောဂါများသည် ကလေးငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရောဂါများဖြစ်သဖြင့် များကို အချိန်မီထိုးနှံပေးရန် ရောဂါကာကွယ်ရေးအတွက် သတ် လိုအပ်ကြောင်း သိရသည်။ မှတ်ထားသည့် ကာကွယ်ဆေး

ရန်ကင်း

စက်တင်ဘာလ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၏ ပဲမျိုးစုံထုတ်လုပ်မှုတိုးတက်ရေးနှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြှင့်တင်ခြင်းဖြင့် ဈေးကွက်ဝေစုပိုမိုရရှိနိုင်မည့် အလားအလာများဆိုင်ရာ စာတမ်းကောက်နုတ်ချက်

မြန်မာ့ပဲမျိုးစုံထုတ်လုပ်မှုတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် အဓိကကဏ္ဍသုံးခု၏ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ပဲမျိုးစုံထုတ်လုပ်မှုသည် အမျိုးသားစီးပွားရေးနှင့် ပို့ကုန်ကဏ္ဍအတွက် အရေးပါသောမောင်းနှင်အားတစ်ခုဖြစ်ပါသည်။ ပဲမျိုးစုံ၏ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို စာချုပ်ပါစံချိန်စံညွှန်းများအတိုင်း မြှင့်တင်နိုင်ရန်အတွက် တောင်သူလယ်သမားများ၊ နိုင်ငံတော်အစိုးရနှင့် ကုန်သည်/ပို့ကုန်လုပ်ငန်းရှင်များဟူသော အဓိကမဏ္ဍိုင်သုံးခုအပြန်အလှန်ချိတ်ဆက်၍ ဟန်ချက်ညီညီဆောင်ရွက်ရန် အလွန်ပင်လိုအပ်လှပါသည်။

၁။ တောင်သူလယ်သမားများ၏ အရည်အသွေးမြှင့်၊ ထွက်နှုန်းမြှင့်သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ

ကုန်ထုတ်လုပ်မှု၏ ပင်မအသက်သွေးကြောဖြစ်သော တောင်သူများသည် အစဉ်အလာစိုက်ပျိုးနည်းစနစ်များမှ ခေတ်မီနည်းပညာအခြေပြုစိုက်ပျိုးရေးသို့ပြောင်းလဲရန် လိုအပ်ပါသည်။ ဒေသရေမြေနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်သည့် အသီအမှတ်ပြုမျိုးကောင်းမျိုးသန့်များကိုအခြေခံ၍ စိုက်ပျိုးရပါမည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ကို စနစ်တကျကျင့်သုံးခြင်းဖြင့် ဓာတုဓာတ်ကြွင်းကျန်မှု ကင်းစင်သော ပဲများကို ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းကာ ခေတ်မီစက်ကိရိယာများသုံးစွဲခြင်း၊ ရိတ်သိမ်းချိန်လွန်အစိုဓာတ်ထိန်းသိမ်းခြင်းနှင့် မှိုတက်ခြင်းမှကာကွယ်ခြင်းတို့ကို ဂရုပြုခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုကိုလျှော့ချရပါမည်။ တောင်သူများအနေဖြင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း (MPBMSMA) နှင့် နိုင်ငံတော်မှပံ့ပိုးသော ဈေးကွက်သတင်းအချက်အလက်များကို ပုံမှန်လေ့လာကြည့်ရှုလျက် အရည်အသွေးမီသီးနှံများကို အစဉ်တစိုက်စိုက်ပျိုးထုတ်လုပ်ပေးရမည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်၏မူဝါဒနှင့် အခြေခံအဆောက်အဦပံ့ပိုးရေးကဏ္ဍ

နိုင်ငံတော်အနေဖြင့်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်အထောက်အကူပြုမည့်မူဝါဒများနှင့် အခြေခံအဆောက်အဦများကို စနစ်တကျပံ့ပိုးပေးရပါမည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနများမှတစ်ဆင့် ပြည်ပဈေးကွက်က လိုလားသော မျိုးသစ်များကို သုတေသနပြုထုတ်လုပ်ပြီး တောင်သူများထံ သက်သာသောဈေးနှုန်းဖြင့် အချိန်မီဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့် အရည်အသွေးမီသွင်းအားစုများ အလွယ်တကူရရှိနိုင်ရေး၊ ကျေးလက်ကုန်ထုတ်လမ်းများ၊ လျှပ်စစ်မီးနှင့် စံချိန်မီသိုလှောင်ရုံများတည်ဆောက်ပံ့ပိုးပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရပါမည်။

ဝယ်ယူသူနိုင်ငံများနှင့် ကုန်သွယ်မှုမူဝါဒတည်ငြိမ်မှုရှိစေရန် G2G သဘောတူညီချက်များ ခိုင်မာစွာချုပ်ဆိုခြင်းနှင့် ပြည်ပပို့ကုန်များစံချိန်စံညွှန်းပြည့်မီကြောင်း သက်သေပြနိုင်မည့် အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုအရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းများကို တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် တောင်သူများ၏အရည်အသွေးမီ သီးနှံများစိုက်ပျိုးထုတ်လုပ်မှုကို စဉ်ဆက်မပြတ်တိုးမြင့်အောင် ပံ့ပိုးပေးရန်လိုအပ်ပါသည်။

၃။ ကုန်သည်နှင့် ပို့ကုန်လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့်ဈေးကွက်ရှာဖွေရေးကဏ္ဍ

ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များသည် တောင်သူနှင့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးသူများဖြစ်သည့်အတွက် တောင်သူများနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးခြင်းစနစ်ကိုဦးစားပေး၍ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖော်ဆောင်ရမည်ဖြစ်ပါသည်။

အရည်အသွေးကောင်းမွန်သော ပဲများကို ထိုက်တန်သည့် ဈေးနှုန်းပေး၍ ဝယ်ယူခြင်းဖြင့် တောင်သူများအရည်အသွေးမြှင့်လိုစိတ်ကို တွန်းအားပေးရပါမည်။ ပဲများကို ကုန်ကြမ်းအတိုင်းတင်ပို့ခြင်းထက် သန့်စင်ခြင်း၊ ကြိတ်ခွဲခြင်း၊ Grading ရွေးချယ်ခြင်းနှင့် ထုပ်ပိုးမှုစနစ်များမြှင့်တင်ကာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲတင်ပို့ခြင်းဖြင့် အိန္ဒိယဈေးကွက်တစ်ခုတည်းအပေါ် မှီခိုနေမှုကိုလျှော့ချ၍ တရုတ်၊ အာဆီယံနှင့် ဥရောပဈေးကွက်သစ်များသို့ တိုးချဲ့ထိုးဖောက်ခြင်း၊ ခေတ်မီသိုလှောင်မှုနည်းစနစ် Cold Storage များဖြင့် ပဲ၏အရည်အသွေးမပျက် ထိန်းသိမ်းခြင်းတို့ဖြင့် ကမ္ဘာ့ဈေးကွက်တွင် ခိုင်မာသောနေရာတစ်ခုရယူသင့်ပါသည်။

မြန်မာ့ပဲမျိုးစုံအရည်အသွေးမြှင့်တင်ခြင်းမှသည် ကမ္ဘာ့ဈေးကွက်သို့ တိုးချဲ့ထိုးဖောက်ခြင်း

ဆက်လက်တင်ပြမည့် အကြောင်းအရာမှာ "မြန်မာ့ပဲမျိုးစုံထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမြင့်မားလာမှုမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သစ်များသို့ တိုးချဲ့ထိုးဖောက်နိုင်မည့် အခွင့်အလမ်းများ" အကြောင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပဲမျိုးစုံကုန်သွယ်မှုစနစ်ကို လေ့လာကြည့်ပါက အဓိကအားနည်းချက်ကြီးတစ်ခုကို တွေ့ရမည်ဖြစ်ပြီး အဆိုပါအားနည်းချက်မှာ **Market Concentration Risk** ဟုခေါ်သည့် **အိန္ဒိယနှင့်တရုတ် ဈေးကွက်ကြီးနှစ်ခုအပေါ်၌သာ ရာနှုန်းပြည့်နီးပါးမှီခိုနေရခြင်း** ဖြစ်ပါသည်။ သို့သော်လည်း တောင်သူများ၏ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို တစ်ပြိုင်နက်တည်းမြှင့်တင်နိုင်ပါက ကျွန်ုပ်တို့၏ ပို့ကုန်ကဏ္ဍအတွက် အကြီးမားဆုံးအလှည့်အပြောင်းတစ်ခုဖြစ်လာမည်မှာ သေချာပါသည်။

အရည်အသွေးစံချိန်စံညွှန်းမိပြီး ဓာတုဓာတ်ကြွင်းကင်းစင်သော မြန်မာ့ပဲများသည် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့အပြင် **အာဆီယံဒေသတွင်း ဈေးကွက်များ**ဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများသို့ **AFTA အခွန်ကင်းလွတ်ခွင့်**ကို အသုံးပြုကာ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မတ်ပဲ၊ ပဲစင်စုံနှင့် ပဲတီစိမ်းကို အမြောက်အမြား စားသုံးပြီး အရည်အသွေးကောင်းမွန်ပါက ဈေးနှုန်းမြှင့်ပေးချေလေ့ရှိသည့် **UAE၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် တူကီယဲအပါအဝင် အရှေ့အလယ်ပိုင်း High-end ဈေးကွက်များ**သို့လည်းကောင်း၊ Vegan နှင့် ကျန်းမာရေးလိုက်စားသူများပြားသည့် **ဂျာမနီ၊ နယ်သာလန်နှင့် ဗြိတိန်အစရှိသော EU ဈေးကွက်များ**သို့လည်းကောင်း၊ ပဲပင်ပေါက်ဖောက်ခြင်းနှင့် မုန့်ပဲသရေစာများအတွက် အရည်အသွေးမြင့် မတ်ပဲနှင့် ပဲတီစိမ်းကိုအလိုရှိနေသည့် **ဂျပန်နှင့် တောင်ကိုရီးယားကဲ့သို့ အရှေ့အာရှအဆင့်မြင့်ဈေးကွက်များ**သို့လည်းကောင်း တိုက်ရိုက်တင်ပို့နိုင်မည့် အခွင့်အလမ်းများရရှိလာမည်ဖြစ်ပါသည်။

ဤကဲ့သို့ အရည်အသွေးမြင့်တက်လာခြင်းသည် ပမာဏတိုးတက်ရုံသာမက စီးပွားရေးအရလည်းကြီးမားသည့် တွက်ခြေကိုပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ပဲများကို မူလအတိုင်း အစုလိုက်အပြုံလိုက် တင်ပို့ရာမှ "Premium Grade" အဖြစ်ပြုပြင်၍ **ပုံမှန်ပေါက်ဈေးထက် ၂၀% မှ ၄၀% အထိပိုမိုမြင့်မားသည့် Premium Price** ကို ရရှိနိုင်မည့်အပြင် ပဲခွဲခြမ်း (Split Dhal)၊ ပဲမှုန့် (Flour) နှင့် အသင့်စား ပဲသရေစာများအဖြစ် ပြောင်းလဲထုတ်လုပ်သည့် **Value-Added Products** များ တင်ပို့နိုင်သဖြင့် ပို့ကုန်တန်ဖိုးဆတိုးတိုးတက်လာမည်ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ဒေါ်လာနှင့် ယူရိုကဲ့သို့ ခိုင်မာသည့် နိုင်ငံခြားငွေကြေးများ တိုက်ရိုက်စီးဝင်လာပြီး ပို့ကုန်ကဏ္ဍတစ်ခုလုံး၏ Growth Rate ကို သိသိသာသာတိုးမြှင့်လာစေမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ သွင်းကုန်မူဝါဒပြောင်းလဲတိုင်း မြန်မာ့ပဲဈေးကွက်ရိုက်ခတ်မှုဒဏ်ခံရသည့် ဘဝမှလွတ်မြောက်နိုင်ရန်အတွက်လည်း ဈေးကွက်သစ်များသို့ ခွဲဝေတင်ပို့ခြင်းက အဓိကသော့ချက်ဖြစ်ပါသည်။ ဈေးကွက် ၄-၅ ခုသို့ ဖြန့်ကြက်ထားနိုင်ပါက ဝယ်လိုအားပိတ်ပင်မှုသို့မဟုတ် အခွန်တိုးမြှင့်မှုဒဏ်များကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်ကာ နိုင်ငံအလိုက် ပွဲတော်ရက်များနှင့် ရိတ်သိမ်းချိန်များ မတူညီကြသည့်အတွက် တစ်နှစ်ပတ်လုံး ပုံမှန်ဈေးကွက်ဝယ်လိုအားရှိနေပြီး ရိတ်သိမ်းချိန်ဈေးနှုန်းကျဆင်းမှုကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ပြည်ပစူပါမားကက်ကြီးများ၊ အစားအသောက်ကုမ္ပဏီကြီးများနှင့် ၁ နှစ်မှ ၃ နှစ်အထိ သေချာရေရာသည့် **ရေရှည်အရောင်းအဝယ် စာချုပ်များ**ကိုပါ စိတ်ချလက်ချချုပ်ဆိုနိုင်လာမည်ဖြစ်ပါသည်။

ကမ္ဘာ့ဈေးကွက်အတွင်း၌ ကနေဒါ၊ ဩစတြေးလျနှင့် ယူကရိန်းတို့ကဲ့သို့ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရာတွင်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးစရိတ်နှင့် လုပ်အားခသက်သာမှုကြောင့် ရရှိမည့် **ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း**၊ အာရှနှင့် အရှေ့အလယ်ပိုင်းသို့ ရေလမ်းခရီးနီးကပ်သဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ အချိန်တိုအတွင်းပို့ဆောင်နိုင်သည့် **Geographical Advantage** တို့က အသာစီးရစေမည်ဖြစ်ပါသည်။

ထို့ပြင် **"Myanmar Pulses"** ဟူသည် သန့်ရှင်းလတ်ဆတ်မှုနှင့် စံချိန်စံညွှန်းမီမှုဟူသော Brand Reputation ပေါ်ထွက်လာပြီး ကမ္ဘာ့ကုန်စည်ဒိုင်များတွင် ဦးစားပေးတောင်းဆိုလာကြမည်ဖြစ်ရာ တောင်သူများ၏ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမြင့်မားလာခြင်းသည် ပို့ကုန်တင်ပို့သူများအတွက် ကမ္ဘာ့ဈေးကွက်စင်မြင့်ထက်သို့ တက်လှမ်းနိုင်မည့် အကောင်းဆုံးသော့ချက်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မြန်မာ့ပဲမျိုးစုံကဏ္ဍသည် ကုန်ကြမ်းရောင်းချသူ ဘဝမှသည် ကမ္ဘာ့ပဲဈေးကွက်ကို လွှမ်းမိုးနိုင်သော၊ စေတနာစိုက်ထုတ်မှုနှင့် အရည်အသွေးပြည့်ဝသော လုံခြုံစိတ်ချရသည့် ပို့ကုန်ကဏ္ဍအဖြစ်သို့ မလွဲမသွေကူးပြောင်းရောက်ရှိသွားတော့မည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

နိဂုံးချုပ်

ခြုံငုံသုံးသပ်ရသော် မြန်မာ့ပဲမျိုးစုံကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ GAP စနစ်သုံး တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု၊ နိုင်ငံတော်၏ အခြေခံအဆောက်အဦနှင့် မူဝါဒဆိုင်ရာပံ့ပိုးမှု၊ ပို့ကုန်လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်သစ်ဖောက်ကားခြင်းတို့သည် ကွင်းဆက်တစ်ခုအဖြစ် အပြန်အလှန်အမှီသဟဲပြုနေပါသည်။ သို့ဖြစ်ပါ၍ ကဏ္ဍအသီးသီးမှတာဝန်ရှိသူများ ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သွားပါက မြန်မာ့ပဲမျိုးစုံကဏ္ဍ၏ အနာဂတ်အလားအလာမှာ ပြည်တွင်း၌သာမက နိုင်ငံတကာဈေးကွက်တွင်ပါ ရေရှည်ခိုင်မာစွာရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနာ	စစ်ကိုင်း	တာချီလိတ်	မော်လမြိုင်	လားရှိုး	တောင်ကြီး	လိုင်ကော်	ဟားခါး
92 Ron	၄၇၀၅	၄၈၆၀	၄၉၀၀	၄၇၂၀	၄၈၆၅	၄၈၈၀	၄၉၁၀	၄၇၉၀	၅၁၆၀	၅၁၉၀	၄၉၀၀	၄၉၆၀	၄၉၀၀	၄၈၆၀	၄၈၇၀	၅၁၀၀
95 Ron	၄၈၅၀	၅၀၀၅	၄၉၂၅	၄၈၆၅	၅၀၁၀	၅၀၂၅	၅၀၅၅	၄၉၃၅	၅၃၀၅	၅၃၀၅	၅၀၄၅	၅၀၄၅	၅၀၀၅	၅၀၁၅	၅၀၁၅	၅၂၄၅
HSD (500 ppm)	၄၄၈၅	၄၆၃၅	၄၅၉၀	၄၅၀၀	၄၆၄၀	၄၆၅၀	၄၆၈၅	၄၅၇၀	-	၄၉၅၀	၄၅၉၀	၅၁၆၀	၄၆၇၅	၄၆၄၅	၄၆၄၅	၄၈၆၅
HSD (50 ppm)	၅၁၄၀	၅၁၆၅	၅၁၄၅	၅၁၄၅	၅၁၆၀	၅၁၆၅	၅၁၆၀	၅၁၂၂	၅၁၆၅	၅၁၉၆	၅၁၄၅	၅၁၄၅	၅၁၄၅	၅၁၆၅	၅၁၆၅	၅၁၈၅
HSD (10 ppm)	၅၁၄၀	၅၁၆၅	၅၁၄၅	၅၁၄၅	၅၁၆၀	၅၁၆၅	၅၁၆၀	၅၁၂၂		၅၁၉၆	၅၁၄၅	၅၁၄၅	၅၁၄၅	၅၁၆၅	၅၁၆၅	၅၁၈၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၇၆	၄၅၉၉
95 Ron	၄၆၁၆	၄၇၄၂
HSD (500 ppm)	၄၂၇၀	၄၃၉၃
HSD (50 ppm)	၅၁၈၈	၅၂၂၂
HSD (10 ppm)	၅၁၈၈	၅၂၂၂

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

■ ကျောဖုံးမှအဆက်

ထို့နောက် ဒုတိယသမ္မတသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းတစ်လျှောက်ရှိ အိမ်ရာများအမြင့်တင့်တယ်ပြီး စနစ်တကျရှိ စေရန် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းရှိ ဘောလုံးကွင်း၊ အားကစားကွင်းများတည်ဆောက်မည့် လျာထားအဆိုပြုမြေနေရာနှင့် ကနောင်မင်းသားကြီးလမ်းရှိ လျာထားအဆိုပြုမြေနေရာများကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် စက်မှုဒေသလမ်းမကြီးရှိ ခေတ်မီပန်းခြံနှင့်ဘောလုံးကွင်း တည်ဆောက်မည့်လျာထားအဆိုပြုမြေနေရာကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် ပြည်ထောင်စုလမ်းရှိ ဘောလုံးအားကစားကွင်း လျာထားအဆိုပြုမြေနေရာကို လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း) အနော်ရထာစက်မှုဇုန်ရှိ တိုးချဲ့ဆောင်ရွက်မည့် မြေနေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

မြဝတီ

မိုးပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ကြောင်း မိုးလေဝသနှင့်ဧလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မိုး/၈လ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် တရားလွှတ်တော်ချုပ်ရှေ့နေများ၊အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးမဏ္ဍိုင်တွင်ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်တွင် မဏ္ဍိုင်ကြီး (၃) ရပ်ရှိသည့်အနက် မိမိတို့လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးသားများအကျိုးဖြစ်ထွန်းစေမည့် ခေတ်ကာလအခြေအနေနှင့်ကိုက်ညီမှုမရှိသည့်ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ လိုအပ်ပါက ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်းကောင်း၊ လွှတ်တော်ခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်းတာဝန်ကိုလည်းကောင်း၊ အခြားမဏ္ဍိုင်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူနှင့် အစိုးရကြား ပေါင်းကူးပေးရသည့် တာဝန်ကိုလည်းကောင်းထမ်းဆောင်လျက်ရှိပြီး အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့်ကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ထို့ကြောင့်ကော်မတီများသည် လွှတ်တော်၏အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိပါကြောင်း၊ အထူးသဖြင့် အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနှင့် မူးယစ်ဆေးဝါးဆိုင်ရာ တည်ဆဲဥပဒေများကို လိုအပ်ပါကပြင်ဆင်၊ ဖြည့်စွက်နိုင်ရေးစိစစ်လေ့လာလျက်ရှိပါကြောင်း၊ ယခုတက်ရောက်လာသူများသည် ဥပဒေများနှင့် ရင်းနှီးကျွမ်းဝင်သူများဖြစ်၍ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် အကြံဉာဏ်များ ပြုနိုင်ပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း စွမ်းရည်မြင့်မားပြီး ပြည်သူကိုဗဟိုပြုသော ခေတ်မီလွှတ်တော်တစ်ရပ် ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိပြီး အားကိုးအားထားပြုသည့် မဏ္ဍိုင်ဖြစ်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ယနေ့လွှတ်တော်အစည်းအဝေးတွင် ပြည်သူများ၏အသံနှင့်ဆန္ဒများနှင့်စပ်လျဉ်း၍ မေးခွန်းများမေးမြန်းဆောင်ရွက်နေမှုများကို ကိုယ်တိုင်ကိုယ်ကျမြင်တွေ့ခွင့်ရသည့်အတွက် လွှတ်တော်သည် ပြည်သူနှင့်တစ်သားတည်း ရှိသည်ကိုတွေ့ရှိရသဖြင့် အားရကျေနပ်မိပါကြောင်း၊ ပွင့်လင်းမြင်သာပြီး ဒီမိုကရေစီနည်းလမ်းကျစွာ ဆောင်ရွက်နေမှုများသည် အရွေ့တစ်ခုသို့ရောက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ လွှတ်တော်သည်ပြည်သူများအတွက် အရေးကြီးသည့်မဏ္ဍိုင်တစ်ခုဖြစ်ပြီး လာရောက်လေ့လာသင့်သည့် နေရာတစ်ခုဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၉



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်ဦးမြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီး H.E မစ္စတာ လဲ့ဟိုင်ချိ၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ်အောက်တိုဘာလ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ China National Convention Center ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ကျွန်းစုနိုင်ငံများ၊ SCO အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊အဆင့်မြင့်အရာရှိကြီးများ၊ WHO အဖွဲ့မှ တာဝန်ရှိသူများနှင့် အတူတက်ရောက်ခဲ့သည်။

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E မစ္စတာ လီချန်ကု အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားကျန်းမာရေးကော်မရှင်ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးနှင့် ပေကျင်းမြူနီစီပယ်အစိုးရ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် "Advancing Primary Health Care Together: From Commitment to Action" ခေါင်းစဉ်ဖြင့်ကျင်းပသည့်Government Forum သို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Global Traditional Medicine Strategy 2025–2034 နှင့်အညီ ရွေးကောက်ခံအစိုးရ၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးကုသမှုလုပ်ငန်းများ၏ အရေးပါမှု၊ တိုင်းရင်းဆေးဝါးများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့်အရည်အသွေးပြည့်ဝစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းဆေးပညာရှင်များ စနစ်တကျမွေးထုတ်လေ့ကျင့်ပေးနေမှု၊ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများ အဆင့်မြှင့်တင်ရေးဆောင်ရွက်မည့် အခြေအနေများ၊တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှစ်စဉ် သုတေသနညီလာခံဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးပင်များ စဉ်ဆက်မပြတ်ပြုစုထိန်းသိမ်းရေးဝန်ကြီးများအဆင့် Roundtable Discussion သို့တက်ရောက်၍ ဆေးပင်များ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်း၏အရေးပါမှု၊ မြန်မာနိုင်ငံတွင်လည်း နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ပရဆေးဥယျာဉ်များ တည်ထောင်ထားရှိမှုနှင့် ရှားပါးပရဆေးပင်များ ပြုစုထိန်းသိမ်းထားရှိမှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတက်ရောက်နေစဉ်အတွင်း တရုတ် အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယဝန်ကြီး H.E. Mr. Zeng Yixin နှင့် လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ အာယုဗေဒကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Vaidya Rajesh Kotecha နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ နယ်စပ်ဒေသ ကူးစက်ရောဂါဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုရေးနှင့်သတင်းအချက်အလက်များ ဖလှယ်ရေး၊ တိုင်းရင်းဆေးပညာ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးရေး၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကိုရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ညီလာခံတက်ရောက်လာသည့် နိုင်ငံတကာကိုယ်စားလှယ်များသည် ပေကျင်းမြို့ရှိ ခုတင်(၁၂၀၀)ဆံ့ ဟိုင်ဒန်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံ၏ အဆင့်မြင့်နည်းပညာသုံး ကင်ဆာဆေးကုသမှု၊ Robotic Surgery နည်းပညာဖြင့် အရိုးရောဂါများ၊ အစာအိမ်အူလမ်းကြောင်းနှင့် ကျောက်ကပ်ရောဂါ ခွဲစိတ်ကုသမှု ဆောင်ရွက်နေမှု၊ ပေကျင်းမြို့ Hygea Health Innovation Center သို့သွားရောက်ပြီး အဆင့်မြင့်နည်းပညာသုံး ကင်ဆာဆေးကုသစက်များ၊ ခွဲစိတ်ကုသမှုလေ့ကျင့်ရေးစင်တာ တည်ထောင်ထားရှိမှုအား လေ့လာကြည့်ရှုခဲ့ကြသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ နိုင်ငံတကာမှကိုယ်စားလှယ်များ၊ ပညာရှင်များ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြပြီး AI နည်းပညာနှင့် Robotic နည်းပညာ အသုံးပြု တိုင်းရင်းဆေးကုသမှု ပြခန်းများ၊ ရောဂါရှာဖွေရေးနှင့် ဆေးကုသမှု အထောက်အကူပြု စက်ပစ္စည်းများ၊ စက်ရုပ်များ ပြသထားကြောင်း သိရသည်။

မြဝတီ

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် တန်ဖိုးမြင့်ပို့ကုန်အတွက် မြန်မာ့နေကြာစိုက်ပျိုးရေး

ဘုန်းမြတ်

မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသည်။ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မိမိတို့နိုင်ငံ၏ အဓိကအခြေခံအကျဆုံး သက်မွေးလုပ်ငန်းများဖြစ်သည်နှင့်အညီ အမှန်တကယ်စွမ်းအားပြည့်ဆောင်ရွက်နိုင်ပါက လူမှုစီးပွားဘဝနှင့်တိုင်းပြည်ကို လက်တွေ့ကျကျအကျိုးပြုနိုင်မည်မှာ အသေအချာပင်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားသည်။**



ယနေ့ခေတ်ကာလတွင် ပြည်တွင်းစားရေရိက္ခာဖူလုံရေးသည်နိုင်ငံတိုင်းအတွက်အမျိုးသားလုံခြုံရေးကဲ့သို့ အရေးပါလာသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွက် နေ့စဉ်မရှိမဖြစ် လိုအပ်လျက်ရှိသော “စားသုံးဆီ”ကဏ္ဍသည် အထူးအာရုံစိုက်ရမည့် အပိုင်းဖြစ်လာသည်။ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းရန် နှစ်စဉ် ပြည်ပမှစားအုန်းဆီ တန်ချိန်သိန်းနှင့်ချီ၍ တင်သွင်းနေရခြင်းက နိုင်ငံခြားငွေယိုစီးမှုများပြားစေရုံသာမက ပြည်တွင်းဆီထွက်သီးနှံစိုက်ပျိုးသူများအတွက်လည်း နစ်နာမှုများရှိစေသည်။

မဟာဗျူဟာမြောက် နေကြာသီးနှံ

ဤကဲ့သို့သော အခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် မြေပဲ၊ နှမ်းတို့အပြင် “နေကြာ” သီးနှံစိုက်ပျိုးရေးသည် အလွန်အရေးပါသော မဟာဗျူဟာမြောက် ဖြေရှင်းချက်တစ်ခုဖြစ်လာသည်။ နေကြာသည် သက်တမ်းတိုတိုဖြင့် စိုက်ပျိုးနိုင်ခြင်း၊ ဆီထွက်နှုန်းကောင်းမွန်ခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီကို ပေးစွမ်းနိုင်ခြင်းတို့ကြောင့် ပြည်တွင်းလိုအပ်ချက်ကို အလျင်အမြန် ဖြည့်ဆည်းပေးနိုင်မည့် သီးနှံဖြစ်သည်။

သို့ဖြစ်၍ နေကြာစိုက်ပျိုးရေးကို ရိုးရာစိုက်ပျိုးနည်းစနစ်များမှသည် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်မှုစနစ်များသို့ ကူးပြောင်းကာ ပြည်တွင်းစားသုံးဆီ ဖူလုံရေးသာမက တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြည်ပသို့ပါတင်ပို့နိုင်ရေးအတွက် နိုင်ငံတော်အဆင့်ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်ရန်အချိန်ကျရောက်နေပြီဖြစ်သည်။

ပြည်တွင်းလိုအပ်ချက်နှင့် ဖူလုံအောင်ထုတ်လုပ်မှုကို တွက်ချက်စီမံခြင်း

မည်သည့်စီးပွားရေးလုပ်ငန်းကိုမဆို ဆောင်ရွက်ရာတွင် ဝယ်လိုအားနှင့် ရောင်းလိုအား/ထုတ်လုပ်နိုင်မှုကို တိကျစွာတွက်ချက်နိုင်ရန် အရေးကြီးသည်။ မိမိတို့နိုင်ငံ၏ လူဦးရေသည် ၅၁ သန်းကျော်ရှိပြီး မြို့ပြနေလူဦးရေက ၃၀ ရာခိုင်နှုန်း (၁၅ သန်းကျော်) နှင့် ကျေးလက်နေလူဦးရေက ၇၀ ရာခိုင်နှုန်း (၃၆ သန်းခန့်)ရှိသည်။ ဤလူဦးရေအချိုးအစားနှင့် နေ့စဉ် စားသောက်မှုပုံစံကို အခြေခံ၍ စားသုံးဆီလိုအပ်ချက်ကို တိကျစွာဆန်းစစ်ရန်လိုအပ်သည်။ တစ်ဦးချင်း၏ တစ်နှစ်စာ စားသုံးဆီလိုအပ်ချက်ကိန်းဂဏန်းများအရ နိုင်ငံတစ်ဝန်းလုံးအတွက် တန်ချိန်ပေါင်းများစွာ လိုအပ်လျက်ရှိသည်။ ဥပမာအားဖြင့် မြို့ပြနေလူဦးရေ ၁၅ သန်းအတွက် နေကြာဆီ မည်မျှထုတ်လုပ်ရမည်၊ ကျေးလက်နေလူဦးရေအတွက် မည်မျှလိုအပ်မည် စသည်တို့ကို ကြိုတင်တွက်ချက်ထားရမည်။ ဤကဲ့သို့ တွက်ချက်ရာတွင် သာမန်ခန့်မှန်းချက်များထက် မြေပြင်သတင်းအချက်အလက် ကိန်းဂဏန်းများကို စနစ်တကျကောက်ယူဆန်းစစ်ရန်အလွန်အရေးကြီးသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသတွင်း ဖူလုံရေး မဟာဗျူဟာ

စားရေရိက္ခာဖူလုံရေးကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး အဝိုင်းအဝာဖြင့်ခြုံငုံစဉ်းစားရသကဲ့သို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသတွင်းဖူလုံရေးကိုလည်း အဓိကထားအကောင်အထည်ဖော်ရမည်။ ဒေသတစ်ခုတွင်ထွက်ရှိသော သီးနှံကိုအခြားဒေသတစ်ခုသို့ သယ်ယူပို့ဆောင်ရာတွင် ကုန်ကျစရိတ်များ မြင့်မားနိုင်သည့်အတွက် မိမိဒေသအတွင်း လိုအပ်သော စားသုံးဆီကို မိမိဒေသတွင်းမှာပင် ထုတ်လုပ်နိုင်ရန်စီမံရမည်ဖြစ်သည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် ဆီထွက်သီးနှံစိုက်ပျိုးရန် ရာသီဥတုနှင့် မြေဆီလွှာအထူးသင့်လျော်သော “ဆီအိုးကြီး”များဖြစ်ကြသည်။ ၎င်းဒေသများတွင် နေကြာစိုက်ပျိုးမှုကို အထူးမြှင့်တင်ပြီး ပို့လျှံသော ထွက်ကုန်များကို နေကြာစိုက်ပျိုးရန် ရာသီဥတုအကန့်အသတ်ရှိသော တောင်တန်းဒေသများ သို့မဟုတ် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဖြန့်ဖြူးပေးနိုင်သည်။



ဒေသတွင်း စက်မှုစုနှင်းယ်များ ဖန်တီးခြင်း

နေကြာစိုက်ပျိုးမှု များပြားသော ဒေသများတွင် ခေတ်မီဆီကြိတ်စက်ရုံများ တည်ဆောက်ပေးခြင်းဖြင့် တောင်သူများအနေဖြင့် မိမိတို့၏ ထွက်ကုန်များကို အလွယ်တကူ ရောင်းချနိုင်ပြီး ကုန်ကြမ်းမှကုန်ချော သို့ တိုက်ရိုက်ပြောင်းလဲနိုင်သော ဒေသတွင်းစီးပွားရေးကွန်ရက်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ပြင် ပြည်နယ်အစိုးရများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မြေပြင်ကွင်းဆင်း၍ မိမိတို့ဒေသ၏ ရေမြေသဘာဝနှင့် အကိုက်ညီဆုံးဖြစ်မည့် နေကြာမျိုးများကို ရွေးချယ်ပေးခြင်း၊ စိုက်ပျိုးချိန်မှမှန်ကန်စေရန် ပညာပေးခြင်းတို့ကို လုပ်ဆောင်ရပါမည်။ အထူးသဖြင့် ဆောင်းရာသီတွင်စိုက်ပျိုးသော ဆောင်းနေကြာသည် အထွက်နှုန်းပိုမိုကောင်းမွန်လေ့ရှိရာ ဒေသအလိုက် ရာသီဥတုပြောင်းလဲမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ စိုက်ပျိုးရေးပြက္ခဒိန်များကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ရေးဆွဲပေးရန်လိုအပ်သည်။ ဤသို့ ဒေသအလိုက်စနစ်တကျလျာထားစီမံခြင်းသည်တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား စီးပွားရေးကွာဟမှုကို လျှော့ချပေးနိုင်ပြီး နိုင်ငံတစ်ဝန်းလုံး အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခိုင်အမာအထောက်အကူပြုမည်ဖြစ်သည်။

အရေအတွက်မှ အရည်အသွေးသို့ ကူးပြောင်းခြင်း

လွန်ခဲ့သော နှစ်များစွာက စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ကေတိုးချဲ့ရေးနှင့် အထွက်နှုန်းတိုးတက်ရေးကိုသာ အဓိကထားဆောင်ရွက်ခဲ့ကြသည်။ သို့သော် ယနေ့ခေတ် ပြည်တွင်း၊ ပြည်ပဈေးကွက်များ၏ တောင်းဆိုချက်အရ လက်ရှိစိုက်မွေးလုပ်ငန်းများအား အရေအတွက် သက်သက်မျှသာမဟုတ်ဘဲ “အရည်အသွေး” သို့ အလေးပေးမြှင့်တင်ရန် အထူးလိုအပ်လာပြီဖြစ်သည်။ နေကြာစိုက်ပျိုးရေးတွင် အရည်အသွေးမြှင့်တင်ခြင်းဆိုသည်မှာ အောက်ပါအချက်များကိုစနစ်တကျအကောင်အထည်ဖော်ခြင်းဖြစ်သည်။

- **အရောင်နှင့်အဆင်း** – နေကြာစေ့များ၏ အရောင်အသွေးတောက်ပြောင်မှုနှင့် အစေ့အဆန် ပြည့်ဖြိုးမှုသည် ဈေးကွက်ဝင်ရန် အတွက် ပထမဆုံး ဆွဲဆောင်မှုဖြစ်သည်။ အထူးသဖြင့် တန်ဖိုးမြှင့် နေကြာစေ့လော့ထုတ်လုပ်ရာတွင် အစေ့အရွယ်အစားညီညာမှုသည် အလွန်အရေးကြီးသည်။
- **အရသာနှင့် အနံ့** – ဆီကြိတ်ခွဲရာတွင် ရရှိလာမည့် နေကြာဆီ၏ သဘာဝအနံ့နှင့် အရသာသည် စားသုံးသူများ၏ ရွေးချယ်မှုကို အဆုံးအဖြတ်ပေးသည်။ ဓာတုကင်းစင်ပြီး သဘာဝအတိုင်း မွှေးပျံ့သော နေကြာဆီကို ထုတ်လုပ်နိုင်ရန် စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းချိန်အထိ ဂရုစိုက်ရမည်။
- **ဆီထွက်နှုန်း** – နေကြာပွင့်ခိုင်ကြီးရုံဖြင့် မလုံလောက်ဘဲ အစေ့အတွင်း ဆီပါဝင်မှုရာခိုင်နှုန်းမြင့်မားသော မျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။ ဆီထွက်နှုန်းကောင်းမှသာ စီးပွားရေးအရ တွက်ခြေကိုက်မည်ဖြစ်သည်။
- **ပန်းတိုင်အထွက်နှုန်း** – တစ်ဧကလျှင် ရရှိသင့်သော အထွက်နှုန်းကို သတ်မှတ်ထားပြီး ထိုပန်းတိုင်သို့ရောက်ရှိရန် မြေဩဇာထည့်သွင်းခြင်း၊ ပိုးမွှားကာကွယ်ခြင်းများကို စနစ်တကျလုပ်ဆောင်ရမည်။

ဤကဲ့သို့ အရည်အသွေးပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ဂရုပြုခြင်းအားဖြင့် ပြည်တွင်းဈေးကွက်တွင် သွင်းကုန်စားအုန်းဆီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည့်အပြင် ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင်လည်း မြင့်မားသောဈေးနှုန်းကို ရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများအား အရည်အသွေး၏ တန်ဖိုးကို နားလည်သဘောပေါက်စေရန် အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရမည်ဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန်သို့ ကူးပြောင်းခြင်း

စိုက်ပျိုးရေးထွက်ကုန်များကို ကြမ်းပြင်ဈေးဖြင့် ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းသည် နိုင်ငံစီးပွားရေးအတွက် ပိုမိုကြီးမားသော အကျိုးအမြတ်ကို ဖြစ်ထွန်းစေသည်။ နေကြာစိုက်ပျိုးရေးမှသည် တန်ဖိုးမြှင့် လုပ်ငန်းစဉ်များဆီသို့ ချဉ်းကပ်ရာတွင် ကွင်းဆက်တစ်ခုလုံးကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ရမည်ဖြစ်သည်။

ပထမဦးစွာ နေကြာဆီထုတ်လုပ်မှုအပိုင်းတွင် ရိုးရာဆီကြိတ်စက်များအစား အအေးခံကြိတ်ခွဲခြင်းစနစ်ကိုအသုံးပြုခြင်းဖြင့် နေကြာဆီ၏ သဘာဝအာဟာရဓာတ်များနှင့် ဗီတာမင်အီးကို မပျက်စီးဘဲ ထိန်းသိမ်းထားနိုင်သည်။ ထိုသို့ အရည်အသွေးမြင့်မားစွာ ထုတ်လုပ်ထားသော ဆီကို နိုင်ငံတကာစံချိန်စံညွှန်းမီ ထုပ်ပိုးမှုဖြင့် ဆွဲဆောင်မှုရှိအောင် ပြင်ဆင်ပြီး ကျန်းမာရေးကို အလေးထားသော စားသုံးသူများထံ ဈေးကွက်ဖော်ဆောင်နိုင်သည်။

ဒုတိယအနေဖြင့် ဆီကြိတ်ရန်သာမက လူသုံးကုန်သရေစာအဖြစ် နေကြာစေ့လော့ကို စနစ်တကျထုတ်လုပ်ခြင်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် အသီးအနှံများကို ကြာရှည်ခံစနစ်များဖြင့် စနစ်တကျထုပ်ပိုးတင်ပို့နေသကဲ့သို့ ကျွန်ုပ်တို့၏ နေကြာစေ့များကိုလည်း အရသာမျိုးစုံ (ဥပမာ – ထောပတ်အရသာ၊ ရေညှိအရသာ)ဖြင့် ကြာရှည်ခံအောင် အခြောက်ခံ၊ အလှော်ခံပြီး နိုင်ငံတကာအဆင့်မီ သရေစာအဖြစ် တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်းရမည်ဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ထုပ်ပိုးမှုဒီဇိုင်း၊ ကျန်းမာရေးထောက်ခံချက် (FDA) အသိအမှတ်ပြုလက်မှတ်များနှင့် သက်တမ်းကုန်ဆုံးရက် သတ်မှတ်ချက်များကို တိကျစွာလိုက်နာရန် အရေးကြီးသည်။ သို့မှသာ ပြည်ပနိုင်ငံများ၏ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရာတွင် ယုံကြည်စိတ်ချရသော ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ **စာမျက်နှာ ၁၃ သို့ ◆**

◆ **စာမျက်နှာ ၁၂ မှအဆက်**

ဤကဲ့သို့ ကုန်ကြမ်းမှသည် တန်ဖိုးမြှင့်ကုန်ချော များအဖြစ်သို့ အဆင့်ဆင့်ပြောင်းလဲနိုင်ရန် အတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို နည်းပညာနှင့် ငွေကြေးအရ ပံ့ပိုး ကူညီမှုများပေးအပ်ရန် လိုအပ်လျက်ရှိသည်။

ဘေးထွက်ပစ္စည်းအသုံးချမှုနှင့် မွေးမြူရေးကဏ္ဍ အချိတ်အဆက်

စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းသည် ခွဲခြား၍မရသော အပြန်အလှန် မှီခိုနေသည့်လုပ်ငန်း များဖြစ်ကြသည်။ နေကြာစိုက်ပျိုးပြီး ဆီကြိတ်ခွဲရာမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းဖြစ်သည့် “နေကြာဖတ်” သည် မွေးမြူရေးကဏ္ဍအတွက် အလွန်တန်ဖိုးကြီးမားသော တိရစ္ဆာန်အစာဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကြီးမား ဆုံးကုန်ကျစရိတ်မှာ တိရစ္ဆာန်အစာဖိုးပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် နွေစဉ်နှင့်အမျှ ကြက်ဥ၊ ကြက်သား၊ ဝက်၊ ငါး လိုအပ်ချက်များ မြင့်မားနေသဖြင့် မွေးမြူရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေရ သည်။ ထိုသို့လုပ်ဆောင်ရာတွင် ပြည်တွင်းမှာရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲကြိတ်ဖတ်များအပါအဝင် နေကြာဖတ် များကို ဂုဝ ရာခိုင်နှုန်းခန့် ပြန်လည်အသုံးပြုပြီး တိရစ္ဆာန်အစာအဖြစ် ဆောင်ရွက်ထုတ်လုပ်ရမည် ဖြစ်သည်။

နေကြာဖတ်၏ အာဟာရတန်ဖိုး

နေကြာဖတ်တွင် ပရိုတင်းဓာတ်အမြောက်အမြား ပါဝင်ပြီး တိရစ္ဆာန်များ၏ ကြီးထွားနှုန်းနှင့် ဥနှုန်း၊ သားပေါက်နှုန်းတို့ကို များစွာအထောက်အကူပြု သည်။ ပြည်ပမှအစာကုန်ကြမ်း တင်သွင်းနေရမှုကို လျှော့ချနိုင်ပြီး မွေးမြူရေးသမားများအတွက် အစာဖိုးကုန်ကျစရိတ်ကို သက်သာစေသည်။

အထူးသဖြင့် ငါး၊ ပုစွန် ပြည်တွင်းမွေးမြူထုတ် လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရှိ၌ ပင်လယ်၊ မြစ်ချောင်းများမှ ဖမ်းဆီးမှုက ဂုဝ ရာခိုင် နှုန်းနှင့် မွေးမြူရေးမှ ၃၀ ရာခိုင်နှုန်းခန့် သာ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ သဘာဝ ရေသယံဇာတမှ ဖမ်းဆီးထုတ်လုပ်ခြင်းထက် ကိုယ်တိုင်မွေးမြူရေးမှ ထုတ်လုပ်ခြင်းလုပ်ငန်းကို ရေရှည်အတွက် အားပေးကြရမည်ဖြစ်ရာ ဤသို့ မွေးမြူရာတွင် လိုအပ်သောအာဟာရပြည့် ငါးစာ၊ ပုစွန်စာများကို နေကြာဖတ်များအသုံးပြု၍ ထုတ်လုပ်နိုင်သည်။

ထို့ကြောင့် နေကြာစိုက်ပျိုးရေး အောင်မြင်ခြင်း သည် လူတို့အတွက် စားသုံးဆီကိုသာမက မွေးမြူရေးတိရစ္ဆာန်များအတွက် အစာကိုပါ ပံ့ပိုး ပေးနိုင်ပြီး ၎င်းမှတစ်ဆင့် ပြည်သူလူထုအတွက် အသား၊ ငါး၊ ကြက်ဥလိုအပ်ချက်ကို ပြည့်စုံစေသည့် စက်ဝန်းပုံစီးပွားရေးကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။

ပြည်ပဈေးကွက် အခွင့်အလမ်း

ပြည်တွင်းဝမ်းစာဖူလုံရေးကို အောင်မြင်စွာ တည်ဆောက်နိုင်ပါက မိမိတို့၏ ဒုတိယပစ်မှတ်မှာ ပြည်ပသို့တင်ပို့နိုင်ရေးပင်ဖြစ်သည်။ မိမိတို့ အိမ်နီးချင်း တရုတ်နိုင်ငံသည် လူဦးရေထူထပ်များပြားမှုကြောင့် ပြည်တွင်းစားသုံးမှုလုံလောက်စေရေး စားရေရိက္ခာ အတွက် ပြည်ပမှ ကြက်၊ ဝက်၊ ဆိတ်၊ အမဲသား၊ ငါးများကိုသာမက စားသုံးဆီနှင့် သီးနှံများစွာကို တင်သွင်းလျက်ရှိသည်။ ဤအချက်များသည် မြန်မာ နိုင်ငံအတွက် ကြီးမားသော ပြည်ပဈေးကွက်ကြီး အသင့်ရှိနေသည်ကို ပြသနေခြင်းဖြစ်သည်။ ပဲပုပ် နှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ မိမိတို့နိုင်ငံအား “ကြိုက်သလောက်တင်ပို့ပါ။ ဝယ်ယူမည်” ဟု အာမခံ ပြောကြားခဲ့ဖူးပြီး မိမိတို့ဘက်မှ မှာသလောက် ထုတ်လုပ်ပေးနိုင်မှုမရှိမည်ကိုသာ စိုးရိမ်နေရသည့် အခြေအနေဖြစ်သည်။ အလားတူစွာ ကန်စွန်း၌၊ ပိန်း၌၊ ဝဲ၌၊ မြေပဲဆားလှော် စသည်တို့ကဲ့သို့ပင် နေကြာဆီနှင့် နေကြာစေ့တန်ဖိုးမြှင့်ထုတ်ကုန် များကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ စနစ်တကျ ထုပ်ပိုးထုတ်လုပ်နိုင်ပါက နိုင်ငံခြားငွေ များစွာရရှာဖွေပေးနိုင်မည်မှာအသေအချာပင်ဖြစ်သည်။

သို့ဖြစ်၍ နေကြာစိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အဓိကသော့ချက်တစ်ခုဖြစ်သည်။ စိုက်ပျိုးရေးအခြေခံ အုတ်မြစ်များကို စနစ်တကျအသုံးချပြီး အရေအတွက် မှသည် အရည်အသွေးသို့၊ ကုန်ကြမ်းမှသည် တန်ဖိုးမြင့် ကုန်ချောများအဖြစ်သို့ ကူးပြောင်းနိုင်ရန် နိုင်ငံတော်၊ ပညာရှင်များနှင့် တောင်သူများအားလုံး ဟန်ချက် ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အချိတ်အဆက် မိမိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ပြည်တွင်းစားရေရိက္ခာ ဖူလုံရုံသာမက နိုင်ငံတကာ ဈေးကွက်သို့ပါ ထိုးဖောက်နိုင်ပြီး မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် စီးပွား ရေးမောင်းနှင်အားတစ်ရပ်အဖြစ် မလွဲမသွေဖြစ်ပေါ် လာမည်ဖြစ်ကြောင်း ယုံကြည်စွာဖြင့်တင်ပြလိုက် ရသည်။ ။

ပွင့်ဖြူမြို့နယ်၌ နေကြာစိုက်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သည့် နေကြာစိုက်ဧကအားလုံးကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၁၁၂၁ ဧကစိုက်ပျိုးနိုင်ခဲ့သည်။ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

“နေကြာသီးနှံက အောင်မြင်ဖြစ်ထွန်းမှုရှိတဲ့အတွက် သီးနှံအထွက်နှုန်းလည်း ကောင်းမွန်ပါတယ်။ နေကြာသီးနှံ ရိတ်သိမ်းခြွေလှေ့တာနဲ့ ပတ်သက်ပြီး အထွက်နှုန်းတွေ လျော့နည်းမှုမဖြစ်အောင် တောင်သူတွေကို အချိန်မီရိတ်သိမ်းခြွေလှေ့ကြဖို့၊ သီးနှံအရည်အသွေး ကောင်းမွန်အောင် အမိုးအကာ အောက် စနစ်တကျသိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးစရိတ် အကုန်အကျသက်သာပြီး သီးနှံဝင်ငွေ ပိုမိုရရှိသည့် နေကြာသီးနှံ စိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူများက မိုးရာသီနှင့် ဆောင်းရာသီတွင်အားထားစိုက်ပျိုး လုပ်ကိုင်ကြပြီး ယခုနှစ်တွင် မိုးသီးနှံ နေကြာစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံ အထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပင်အရေအတွက် ပြည့်မီစေရန် စိုက်ပျိုးရေးအသိပညာပေးဆွေးနွေး ခြင်းများ ဆောင်ရွက်ပေးခြင်းစသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက် အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံသော သီးနှံများကို ရောင်းချ နိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



မီးဘေးလုံခြုံမှုရှိစေရေး စက်သုံးဆီဆိုင်များအား ကွင်းဆင်းစစ်ဆေး

လှိုင်ကော် အောက်တိုဘာ ၁၉

ကယားပြည်နယ် လှိုင်ကော်မြို့နယ် မီးသတ်ဦးစီးဌာနသည် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၁၉ ရက် နံနက် ပိုင်းတွင် မီးဘေးလုံခြုံမှုရှိစေရေး စက်သုံးဆီအရောင်းဆိုင် ၁၅ ဆိုင်အား ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနယ်(လ)ဆင်လှမြိုင်နှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များသည် စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အရောင်းဆိုင်ဝန်ထမ်းများအား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်း၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်စေခြင်း၊ ဆိုင်အတွင်းရှိ မီးငြိမ်းသတ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ခြင်းရှိ၊ မရှိစစ်ဆေးခြင်းနှင့် ရေများ အလွယ်တကူရရှိနိုင်ရန် စီမံဆောင်ရွက်မှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးကာ အသိပညာ ပေးဟောပြောခြင်းများ ဆောင်ရွက်ကြောင်းသိရသည်။ **(၄၀၅)**

အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်လှစ်

ကော့သောင်း အောက်တိုဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၁၀)ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဇာထိုး၊ ပန်းထိုးနှင့်အိမ်တွင်းအလှပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများအား လိုက်လံကြည့်ရှုကြသည်။

အဆိုပါသင်တန်းအား နယ်စပ်ဒေသရှိအမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်း ပညာအဖြစ် ကိုယ်ပိုင်စီးပွားရေးအဆင့်အထိ လုပ်ကိုင်ဆောင်ရွက်နိုင်ကြရန် အတွက် ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ပြီး သင်တန်းသူ ၂၀ ဦးအား သင်တန်းကာလ ၂၂ ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ် ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**



MWD Variety Channel ၂၀-၁၀-၂၀၂၆(အင်္ဂါနေ့)

၁။ ဝ၉:၂၀ သိမှတ်ဖွယ်ရာ သုတကမ္မာ
၂။ ၁၁:၅၀ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများ မြှင့်တင်စို့
၃။ ၁၄:၄၀ ဖတ်ပါ မှတ်ပါ လေ့လာပါ
၄။ ၁၆:၂၀ ဥပဒေမှတ်စု

သံအမတ်ကြီး ဦးစိုးသက်နောင် ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် အောက်တိုဘာ ၁၉

ဘရူနိုင်းဒါရုဿလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးသက်နောင်သည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် ဘရူနိုင်းဒါရုဿလမ်နိုင်ငံ၊ အီစတာနာနန်းတော်၌ ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒ်ဒိုလာ အဗ်ဒီ အယ်လ် မာဟွန် ဆူလ်တန် ဟာဂျီ အိုမာအလီ ဆိုဖ်ဒူဒင် ဆအာဒူလ် ခိုင်ရီ ဝါဒင် ထံသို့ပေးအပ်ခဲ့ပြီးဖြစ်သည်။

မြဝတီ

အထည်များကို Made in Myanmar ဖြင့် Export တင်ပို့ပြီးနိုင်ငံခြားဝင်ငွေရရှိရေးသည် အရေးကြီးသည့်အတွက် အရည်အသွေးကောင်းမွန်မှုရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းမှာကြား



နေပြည်တော် အောက်တိုဘာ ၁၉

စက်ရုံမှထွက်ရှိသော အထည်များကို Made in Myanmar ဖြင့် Export တင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိရေးသည် အရေးကြီးသည့်အတွက် အရည်အသွေးကောင်းမွန်မှုရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့ နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် သီရိစန္ဒာအထည်ချုပ်နှင့်အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ အထည်ချုပ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် စက်ရုံတာဝန်ရှိသူများအားမှာကြားသည်။

ထို့ပြင်နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ ချည်ဝယ်ယူတင်သွင်းမှုကို လျော့ချနိုင်ရေး၊ နိုင်ငံခြားငွေသုံးစွဲမှု လျော့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထည်ချုပ်စက်ရုံများအတွက် လိုအပ်သော ချည်ထည်နှင့်ကုန်ကြမ်းများရရှိရေးနှင့် ဝါစက်ရုံ၊ ချည်စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မှသာ စက်ရုံအပေါ်မှီခိုနေသည့် အလုပ်သမား ၇၀၀ ကျော် အလုပ်အကိုင်များ ရရှိမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုများလည်း အဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့သွားရောက်စဉ် စက်ရုံတာဝန်ရှိသူများက စက်ရုံအနေဖြင့် အထည်ချုပ် အလုပ်သမား ဦးရေ ၇၀၀ ကျော်ဖြင့် နေ့စဉ်လည်ပတ်ထုတ်လုပ်နိုင်မှု၊ ကျပန်နိုင်ငံနှင့်ဥရောပနိုင်ငံများသို့ Export တင်ပို့နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြမှု အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နေပြည်တော်ရှိ တည်းခိုရေးစခန်း (ရွာတော်)ရှိ စားရိပ်သာအဆောင်များတွင် ပြိုင်ပွဲဝင်များအား တည်ခင်းဧည့်ခံကျွေးမွေးနိုင်ရန် ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး အသောက်ဆိုင်ရာ ကုန်ကြမ်းပစ္စည်းများ စနစ်တကျထားသိုသိမ်းဆည်းထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြိုင်ပွဲဝင်များကို အစားအစာများ ဧည့်ခံကျွေးမွေးရာတွင် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများဖြစ်စေရန် စနစ်တကျချက်ပြုတ်ကျွေးမွေးနိုင်ရေး အထူးဂရုပြု ဆောင်ရွက်ကြရန်၊ နေ့စဉ်ချက်ပြုတ် ကျွေးမွေးမည့် နံနက်စာ၊ နေ့လယ်စာနှင့် ညစာ ဟင်းလျာ၊ အချိုပွဲနှင့်လက်ဖက်ရည် Menu များကိုနေ့အလိုက်ကျွေးမွေးမှု ဇယားရေးဆွဲဆောင်ရွက်သွားရန်၊ သောက်သုံးရေနှင့် နေ့စဉ်ဧည့်ခံမည့် အစားအသောက်များကို ချက်ပြုတ်ရာတွင် သန့်ရှင်းမှုရှိစေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)နှင့်ပူးပေါင်း၍ နေ့စဉ်စစ်ဆေးဆောင်ရွက်သွားရန်၊ စားရိပ်သာအတွက် လိုအပ်သော ပရိဘောဂနှင့် မီးဖိုချောင်သုံးပစ္စည်းများကို စနစ်တကျပြည့်စုံစွာအသင့်စီမံဆောင်ရွက်ထားရှိရန်၊ အစားအစာများကို ပြင်ဆင်ချက်ပြုတ်ရာတွင် အလေအလွင့်မရှိစေရေး၊ သန့်ရှင်းလတ်ဆတ်မှုရှိစေရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေး တို့ကို အလေးထားကြပ်မတ်ဆောင်ရွက်သွားကြရန်တာဝန်ရှိသူများအား မှာကြားပြီး အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲဝင်များ နေ့လယ်စာသုံးဆောင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)ရှိ စားရိပ်သာတွင် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံကျွေးမွေးမည့်အစားအစာများ ချက်ပြုတ်ပြင်ဆင်နေမှု၊ တည်ခင်းဧည့်ခံမှုနှင့် ကုန်ကြမ်းပစ္စည်းများ စနစ်တကျထားသိုသိမ်းဆည်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြဝတီ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီချိန်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ အန္တရာယ်နှင့် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၉

ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများအန္တရာယ်နှင့်မသန်စွမ်းမှုဆိုင်ရာအသိပညာပေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပြင် ဆက်စပ်အဖွဲ့အစည်း/ဌာန (၁၉)ခုမှ အရာထမ်း ၄၀ တက်ရောက်ကြမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းလုပ်ငန်းစဉ် (၅)ရပ်အနက် မိုင်းအန္တရာယ် အသိပညာပေးခြင်း (Mine Risk Education)၊ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကူညီထောက်ပံ့ခြင်း(Victim Assistance)နှင့် တိုက်တွန်းနှိုးဆော်ခြင်း(Advocacy) စသည့် မိုင်းလုပ်ငန်းစဉ် (၃)ရပ်အား ဆက်နွယ်ဌာနများဖြင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြည်သူများအနေဖြင့် မိုင်းနှင့်ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ၏ အန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် အန္တရာယ်ဖြစ်ပွားနိုင်ခြေတို့ကို လျှော့ချနိုင်ရေး မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ရှိထားပြီးဖြစ်သော အသိပညာဗဟုသုတများနှင့် သင်တန်းမှရရှိသည့်အတွေ့အကြုံဗဟုသုတများအား ပေါင်းစပ်ပြီး မသန်စွမ်းသူများအား စာနာစိတ်ဖြင့် အလေးထားဆောင်ရွက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ငြိမ်းချမ်းရေးတိုးမြှင့်ဖော်ဆောင်မှုနှင့်အတူ ပြည်သူများ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများအန္တရာယ်ကင်းဝေးစေရေး ပါဝင်ဆောင်ရွက်စေလိုကြောင်း ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်က တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ "ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများအန္တရာယ်နှင့် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်း"ကို အောက်တိုဘာလ ၁၉ မှ ၂၁ အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

အယ်လ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများကြောင့် နွေကာလပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်အဖွဲ့များသည် အောက်တိုဘာလ ၁၆ ရက်မှစတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော်တည်းခိုရေးစခန်းသို့ ရောက်ရှိကြရာ ယနေ့တွင် ပြိုင်ပွဲဝင်အဖွဲ့များ အားလုံး ရောက်ရှိကြပြီဖြစ်သည်။

“ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်အဖွဲ့အနေနဲ့ စုစုပေါင်း ဦးရေ ၂၂၀ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲဝင်မယ့် ကလေးတွေရဲ့ လေ့ကျင့်ရေး၊ ကျန်းမာရေးနဲ့ လိုအပ်တာတွေ အားလုံးကို အခက်အခဲမရှိအောင် ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်တုန်းကတော့ တစ်နိုင်ငံလုံးအနေနဲ့ အဆင့် ၅ ရခဲ့တယ်။ ဒီနှစ်မှာတော့ ဆုတံဆိပ်တွေ ပိုမိုရရှိအောင်နဲ့ အဆင့်ကို အရင်နှစ်ထက်ပိုတက်အောင်လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ လာရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကလေးတွေအနေနဲ့ အထူးကြိုးစားထားကြတဲ့အတွက် ကျေနပ်အားရမိပါတယ်။ ပဲခူးတိုင်းဒေသကြီးက ဇာတ်တော်ကြီးပြိုင်ပွဲနဲ့ ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲမှာလည်း အင်ပြည့်အားပြည့်နဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်” ဟု တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က ပြောသည်။

ထိုသို့ ရောက်ရှိလာကြသည့် ပြိုင်ပွဲဝင်အဖွဲ့များကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များအလိုက် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရေး အတွက် ပြင်ဆင်ဆောင်ရွက်ပေးကြသည်။



“အဆိုပြိုင်ပွဲကာလပေါ်ဘာသာရပ်မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ (၁၈)ကြိမ်မြောက်ပြိုင်ပွဲကတည်းက စပြီး ယှဉ်ပြိုင်ခဲ့တာပါ။ ဒီနှစ်နဲ့ဆိုရင် ၉ နှစ်မြောက်ရှိပါပြီ။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရတဲ့ အခါမှာ အတွေ့အကြုံတွေအများကြီးရသလို အနုပညာညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်က ဘယ်လိုတွေ ကြိုးစားလာတယ်။ တစ်နှစ်ထက်တစ်နှစ် မတူတဲ့ အတွေ့အကြုံတွေ အများကြီးရတဲ့အပြင် ရခဲ့တဲ့ အတွေ့အကြုံတွေကနေပြီးတော့ ကိုယ်ရှုံးနိမ့်ခဲ့တဲ့ အရာတွေ၊ ဆုမရခဲ့တဲ့အရာတွေကို သင်ခန်းစာယူပြီးတော့ မနှစ်ကတော့ သမီး ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း မနှစ်ကထက် ဆုတွေ ပိုမိုရရှိအောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်” ဟု မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင် မစုမြတ်နိုးက ပြောသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန မှ ပြိုင်ပွဲဝင်အဖွဲ့များ ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကုသပေးနိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အဖွဲ့များ စာပေဗဟုသုတများတိုးပွားစေရန် အတွက်သုတ၊ ရသစာအုပ်၊ စာစောင်များစုံလင်စွာဖြင့် စာကြည့်တိုက်ကိုလည်းကောင်း ဖွင့်လှစ်ပေးထားသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်မှ ၁၁၃ ဦး၊ ကယားပြည်နယ်မှ ၉၃ ဦး၊ ကရင်ပြည်နယ်မှ ၁၃၅ ဦး၊ ချင်းပြည်နယ်မှ ၄၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၂၀၊ မကွေးတိုင်းဒေသကြီးမှ ၁၃၅ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၅၈ ဦး၊ မွန်ပြည်နယ်မှ ၂၁၆ ဦး၊ ရခိုင်ပြည်နယ်မှ ၁၀၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၈၂ ဦး၊ ရှမ်းပြည်နယ်မှ ၁၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၈၉ ဦးတို့က ပြိုင်ပွဲအမျိုးအစားအဆင့် အလိုက် ပါဝင်ယှဉ်ပြိုင် သွားကြမည် ဖြစ်ကြောင်း သိရသည်။

မြဝတီ

ရေခန်းခြောက်မှုလျော့ပါးသက်သာစေရေး သောက်သုံးရေကန်များအား အမိုးများပြုလုပ်ဆောင်ရွက်ပေး

ဖျာပုံ အောက်တိုဘာ ၁၉

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေကန်များ ရေခန်းခြောက်မှုလျော့ပါးသက်သာစေရေးအတွက် ဖျာပုံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုမိမံခန်ခွဲရေးဦးစီးဌာနမှ အပူဒဏ်ကာကွယ်ရေး အစိမ်းရောင်အမိုးများပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေကန်၏ရေမျက်နှာပြင်ပေါ်တွင် ရေအနိမ့်အမြင့်ဖြစ်ပေါ်လာသည့် အတိုင်း အကာအကွယ်ပေးနိုင်စေရန် ရေပေါ်ပေါ်သော ပလတ်စတစ်ပုံများနှင့် ဇာစိမ်းစများအသုံးပြု၍ အုပ်မိုးပေးထားလျက်ရှိသည်။ ရေကန်အမိုးမိုးပေးခြင်းဖြင့် ရေကန်တစ်ကန်တွင် ရေဂါလန်ကိုးသောင်းကျော်အငွေ့ပြန်ခန်းခြောက်ခြင်းမှ သက်သာစေပြီး ပိုမိုသုံးစွဲနိုင်စေမည်ဖြစ်သည်။

ကုန်ကျစရိတ်သက်သာ၍ လွယ်ကူစွာဆောင်ရွက်နိုင်သည့် ရေကန်အမိုးမိုးခြင်းများကို ဖျာပုံမြို့နယ် ထိန်တပင်ကျေးရွာ ကျိုက်လတ်မြို့နယ် ဘိုးလူဝကျေးရွာ၊ ကရင်ကုန်းကျေးရွာ၊ ဒေးဒရဲမြို့နယ် ကျုံမှော်ကျေးရွာနှင့် ဘိုကလေးမြို့နယ် အုပ်ကျွတ်ကျေးရွာတို့တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၁၆)



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနှမ်းဧကများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မင်းကင်း အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးကလေး ခရိုင် မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနှမ်းဧကများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနခွဲ ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။

မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးနှမ်း ၄၄၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ နှမ်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်မှာ မိုးနှမ်း ၄၄၅၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားအန္တရာယ်ကျရောက်မှု ကင်းဝေးစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးခဲ့တယ်” ဟု ၎င်းကပြောသည်။

ယခုနှစ် မင်းကင်းမြို့နယ်၌ မိုးနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် တခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)




အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံ ဖြတိန်နိုင်ငံတတိယမြောက်ချစ်ဘုရင်က စာအုပ် ၂ အုပ် အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၉


ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံ ဖြတိန်နိုင်ငံ တတိယမြောက် ချစ်ဘုရင်ကပေးပို့သည့် စာအုပ် ၂ အုပ် (The Land Gardeners – Soil to Table နှင့် Soil The World at Our Feet) အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပေးပို့ခဲ့သည့်စာအုပ်များ



Soil The World at Our Feet



The Land Gardeners – Soil to Table

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပပြုလုပ်



စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းနောင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တိုက်ဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား တိုက်ဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက်ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအားသက်စွန်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများကအောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

မိုင်းနောင်မြို့ရှိ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှားခရိုင်၊ မိုင်းနောင်မြို့ရှိ သက်ကြီးဘိုးဘွားများအား အဆိုပါမြို့ရှိ နမ့်ခုံးရှမ်းများ ပရဟိတအသင်းရုံးကုသိုလ်ဖြစ်ဆေးခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သက်ကြီးဘိုးဘွား ၁၅၀ ဦးအား သွေးတိုး ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နမ့်ခုံးရှမ်းများပရဟိတအသင်းရုံးကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

❖ ရှေ့ဖုံးမှအဆက်

တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှောဇ၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်း တို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာလ ၁၉ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၃ ဒသမ ၄၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၁ ဒသမ ၅၅ ပေခန့် လျော့နည်းသွားကြောင်း သတင်းရရှိသည်။ (၁၀၀)

❍ **ကျောဖုံးမှအဆက်**

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၁ ရက် နံနက် ၉ နာရီတွင် MICC –၁ ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD၊ MRTV Entertainment၊ MRTV Parliament၊ MRTV NRC Channel နှင့် MWD HD Channel၊ MWD Variety HD Channel တို့မှ လည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTVOnline Platform တို့မှတိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။ **မြဝတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် -၂၀ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ကျင်းပသည်။



တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်သည့်ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအနေဖြင့် သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါဆွေးနွေးမှုများမှ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်၊ ဖြည့်စွက်ရန် ၄၃ ချက် သဘောတူနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးသွားရန် နိုင်ငံတော်သမ္မတက ပေးပို့ထားပြီး ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း ကွဲပြားစေသည့် အကြောင်းရင်းများကို သုတေသနပြုဖော်ထုတ်၍ နိုင်ငံရေးပါတီများ၏ ကွန်ရက်ကို အသုံးပြုကာ လူထုစုစည်းရေး၊ ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတွင် ပိုမိုပါဝင်လာအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ဘာသာပေါင်းစုံကွဲပြားနေသော ပြည်သူများကို နိုင်ငံရေးပါတီများက ပေါင်းစည်းပေးစေလိုပြီး လူမှုသဟဇာတဖြစ်ရေး ညှိနှိုင်းရေး ကော်မတီအနေဖြင့် သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကိုဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်အဖွဲ့အနေဖြင့် နေရပ်စွန့်ခွာသူများအား ကူညီဆောင်ရွက်ပေးနိုင်ရေးလှုပ်ရှားမှုများကို သီးခြားဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း၊ နေရပ်ပြန်မည့် နေရပ်စွန့်ခွာသူများအတွက် ရေရှည်အသက်မွေးဝမ်းကျောင်းဆိုင်ရာမူဝါဒများ ဆွေးနွေးရန်နှင့် အစိုးရ၏လုပ်ဆောင်ချက်များတွင် ပေါင်းစပ်အကူအညီပေးစေလိုကြောင်း၊ ကယား၊ ချင်း၊ ပအိုဝ်းဒေသများရှိ ပြည်သူများ၏နေရပ်ပြန်ရေး၊ လုံခြုံရေး၊ စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကို ကူညီဖြေရှင်းပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူလူထုကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်ကြောင်း၊ မီဒီယာကို အသုံးချ၍ အစိုးရနှင့်ပြည်သူ၊ တပ်မတော်နှင့်ပြည်သူ၊ ပြည်သူနှင့်ပြည်သူအကြား အမြင်ကွဲပြားအောင် ဆောင်ရွက်နေကြကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်စည်စီးဆင်းမှုကောင်းမွန်ရေးအတွက် ပြည်သူ့ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုချက်များ အပေါ်တွင် လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးနေကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင်ဒေါက်တာအောင်မြတ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားရာ မိမိတို့ဒေသအတွင်းရှိ ပြည်သူလူထုအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်ဆောင်ရွက်ရေး ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း၊ ပဋိပက္ခဒဏ်ခံစားနေကြရသော ဒေသခံပြည်သူများ၏ လိုလားချက်များ၊ တောင်းဆိုမှုများအား သိရှိအောင်ဆောင်ရွက်ပြီး လိုအပ်ချက်များအား ကူညီဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင် ပေးသွားကြမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးမှုအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရာ နိုင်ငံရေးပါတီများအစုအဖွဲ့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အားလုံးပါဝင်ရေးအတွက် ကြားဝင်စေ့စပ်ဆောင်ရွက်ရာတွင် ပါတီအစုအဖွဲ့မှ လုပ်ဆောင်သွားမည့်အစီအစဉ်ကို အချင်းချင်းညှိနှိုင်းပြီး ညှိနှိုင်းရေးကော်မတီသို့ တင်ပြသွားမည့်ကိစ္စ၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ လှုမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမြင်သဘောထားများအား ဆန်းစစ်ကောက်ယူဆောင်ရွက်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြားဝင် ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအား ချိတ် ဆက် ဆောင် ရွက် သွား ရေး၊ ယုံကြည်မှုတည်ဆောက်နိုင်ရန်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များတွေ့ဆုံဆွေးနွေးရန်လိုပြီး အစိုးရနှင့်ပြည်သူအကြား လူမှုသဟဇာတဖြစ်ပေါ်စေရေးအစီအမံများ ချမှတ်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင် နိုင်ငံရေးပါတီများကို ဒေသအလိုက် ငြိမ်းချမ်းရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးသတ်မှတ်ဆောင်ရွက်သွားမည့် ကိစ္စတို့အား ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များအပေါ်တွင် ကျယ်ပြန့်စွာသိရှိနားလည်ပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသော ငြိမ်းချမ်းရေးမူဝါဒများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ပိုမိုလေးနက်စွာနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပိုမိုအထောက်အကူပြုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရေး၊ ဒေသခံပြည်သူများ၏လိုအပ်ချက်များအား ပူးပေါင်းညှိနှိုင်းဖြေရှင်းရေး၊ ဒေသအလိုက်မတူညီသော အခြေအနေများအပေါ်အခြေခံပြီး နိုင်ငံရေးပါတီ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် နည်းလမ်းများ၊ မီဒီယာနှင့် လူထုထိတွေ့ဆက်ဆံရေး လိုအပ်ချက်များနှင့် နိုင်ငံရေးပါတီများ၏ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် ပထမနေ့ဆွေးနွေးပွဲကိုရပ်နားပြီး ဆွေးနွေးပွဲ ဒုတိယနေ့ကို အောက်တိုဘာလ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

ရွှေတောင်မြို့နယ်၌ တစ်နိုင်တစ်ပိုင် ဇွန်ပန်းစိုက်ပျိုးရောင်းချသူများအဆင်ပြေ



ရွှေတောင် အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် အင်ကြင်းစင်ကျေးရွာ၌ ဇွန်ပန်းများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိကာ မိသားစုများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

အင်ကြင်းစင်ကျေးရွာ၌ အိမ်ထောင်စု ၆၅ စုခန့် နေထိုင်လျက်ရှိပြီး အများစုမှာ အပိုဝင်ငွေရရှိရေးအတွက် ဇွန်ပန်းရုံများကို နေအိမ်မြေကွက်လပ်များ၌ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးထားကြသည်။

ဇွန်ပန်းစိုက်ပျိုးရာတွင် မိုးတွင်းကာလဖြစ်သော နယုန်လနှင့်ဝါဆိုလတို့တွင် ပျိုးပင်များစတင်စိုက်ပျိုးကြပြီး ထိုသို့စိုက်ပျိုးနိုင်ရန် မြေကျင်းတူး၍ မြေဆွေး၊ နုန်းမြေ၊ သဲနှင့် စက်ဖွဲပြာတို့ကိုရောစပ်ကာ တစ်လခန့် ကြိုတင်နှပ်ထားပြီးမှ စိုက်ပျိုးရသည်။ အပင်ကြီးထွားစေရန် တစ်ပင်နှင့်တစ်ပင် ၁၀ ပေခန့်ခြား၍ စိုက်ပျိုးကြရပြီး ရေဝပ်လျှင် အမြစ်ပုပ်တတ်သောကြောင့် အပင်ခြေ၌ ရေမဝပ်စေရန် ရေကိုဂရုတစိုက်ဖျန်းပေးရကြောင်း၊ စိုက်ပြီးနှစ်ပတ်မှ တစ်လအတွင်း မြေဩဇာ သို့မဟုတ် သဘာဝမြေဆွေးကို ၁၀ ရက်လျှင် တစ်ကြိမ်ခန့် ထည့်သွင်းပေးရကြောင်း၊ အပင်အညွှန့်သစ်များထွက်စေရန်နှင့် အဖူးအပွင့်များပိုမိုဝေဆာစေရန် တပေါင်းလကွဲသို့ နွေရာသီတွင် အပင်ထိပ်ဖျားများကိုဖြတ်၍ အပင်ခြေ၌ပေါင်းမြက်များမရှိစေရန် ပေါင်းရှင်းပေးရကြောင်း အင်ကြင်းစင်ကျေးရွာ၌ တစ်နိုင်တစ်ပိုင် ဇွန်ပန်းစိုက်ပျိုးရောင်းချသူ တစ်ဦးက ပြောသည်။

အဆိုပါဇွန်ပန်းရုံများမှ ပန်းမပွင့်မီ ခူးယူထားသော ပန်းအငုံများကို အပ်ချည်တွင်သီကုံး၍ ပြန်လည်ရောင်းချရပြီး တစ်ရက်လျှင် ပန်းအကုံး ၁၅၀၀ ခန့် ရောင်းချရသဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးမှ နေ့စဉ်ဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း၊ အငှားသီသူများအနေဖြင့်လည်း ပန်းအကုံး ၁၀၀ လျှင် ငွေကျပ် ၁၀၀၀ နှုန်းရရှိပြီး တစ်ရက်လျှင် အကုံး ၅၀၀ ခန့်ပြီး၍ အပိုဝင်ငွေရရှိကြောင်း သိရသည်။

ရန်ကင်း

ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့ တွေ့ဆုံ၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၁၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် သည်ယနေ့နံနက်ပိုင်းတွင်ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များအား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နားလည်မှုစာချုန်လွှာ (MoU) ရေးထိုးသွားမည့်ကိစ္စ၊ ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် အထွက်နှုန်းတိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့်ကိစ္စ၊ စီမံကိန်းအသစ်များတွင် ထပ်မံ၍ရင်းနှီးမြှုပ်နှံသွားလိုသည့်ကိစ္စ၊ ထိုင်းနိုင်ငံသို့ သွယ်တန်းထားသည့် ပိုက်လိုင်းများ စွမ်းဆောင်ရည်အပြည့်အဝ အသုံးချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စ၊ မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံပူးပေါင်း၍ ထားဝယ်ဒေသကို အခြေပြု၍ စွမ်းအင်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စ၊ သံလွင်မြစ်ဝှမ်းနှင့် တနင်္သာရီမြစ်ဝှမ်းများရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ထိုင်းနိုင်ငံမှကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်သွားလိုသည့် ကိစ္စ၊ နိုင်ငံဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်းများအပါအဝင် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေး ကိစ္စများတွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီများပါဝင်၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီးနှင့်အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး၊ ထိုင်းနိုင်ငံရှိ PTT၊ PTTEP ကုမ္ပဏီနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ (EGAT)တို့မှ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လိုက်ပါလျက် မာရဝိယေဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား သွားရောက်ဖူးမြော်ကြည်ညိုရာ တာဝန်ရှိသူများက ဘုရားကြီး ထူဆစ်ကိုးကွယ်ခဲ့မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ



နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများအများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများအများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင်အဆောက်အအုံများအနက်ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကို လည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)







အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့မွန်းလွဲ ၁၂ နာရီ ၅၉ မိနစ် ၄၁ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(တီးတိန်မြို့၏ အနောက်ဘက် ၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၅၂ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈၎)

လူငယ်များ၏အနာဂတ်ကိုတည်ဆောက်ခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်ခြင်းဖြစ်သည့်အတွက် လူငယ်များအနေဖြင့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူများဖြစ်လာစေရေးကြိုးပမ်းကြရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ပြောကြား



တာချီလိတ် အောက်တိုဘာ ၁၉

လူငယ်များ၏ အနာဂတ်ကို တည်ဆောက်ခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်ခြင်းဖြစ်သည့်အတွက် လူငယ်များအနေဖြင့် ဘဝရည်မှန်းချက်များကို မှန်ကန်စွာသတ်မှတ်ပြီး လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူများဖြစ်လာစေရေးကြိုးပမ်းကြရန်ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

ထို့ပြင် လူငယ်တစ်ဦးချင်းစီ၏ အနာဂတ်သည် နေ့စဉ်လေ့လာသင်ယူသည့် အသိပညာများ၊ ကျင့်သုံးသည့် အလေ့အကျင့်များနှင့် ချမှတ်လိုက်သည့်ဆုံးဖြတ်ချက်များအပေါ် များစွာမူတည်နေကြောင်း၊ ထို့ကြောင့် ငယ်စဉ်ကတည်းက အချိန်ကို တန်ဖိုးရှိစွာအသုံးချခြင်း၊ ရည်မှန်းချက်ထား၍ ကြိုးစားခြင်း၊ အခက်အခဲများကို ဇွဲလုံ့လဖြင့်ရင်ဆိုင်ခြင်းနှင့် မိမိကိုယ်ကို အစဉ်မပြတ်ပြုပြင်တိုးတက်အောင် လေ့လာသင်ယူခြင်းတို့ဖြင့် အလေ့အကျင့်ကောင်းများအဖြစ် မွေးမြူကြရမည်ဖြစ်သည့်အပြင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့်ဘောဂဗလတို့ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘပြည်သူများကလည်း လူငယ်များ၏ အရည်အချင်းနှင့် ဝါသနာများကို သိရှိနားလည်ပြီး မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး လမ်းညွှန်ပေးရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ တာချီလိတ်မြို့နယ်မြေခံတပ်နယ်အတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ငါးစုံနှင့် Sky Net DTH ငါးစုံတို့ကိုလည်းကောင်း၊ တာချီလိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ ငါးစုံ၊ Sky Net DTH စလောင်း ငါးစုံနှင့် Myansat DTH စလောင်း ငါးစုံတို့ကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် တာချီလိတ်မြို့ရှိ အခြေခံပညာကျောင်းများမှကျောင်းသား၊ ကျောင်းသူများက **"လူငယ်နှင့် ဆိုရှယ်မီဒီယာ"**၊ **"လူငယ်နှင့် အားကစား"** ၊ **"လူငယ်နှင့်စာရိတ္တ"**၊ **"လူငယ်နှင့်စာပေ"** နှင့် **"လူငယ်နှင့်အနာဂတ်"** စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများ အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့များနှင့်စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ပြခန်းများကိုကြည့်ရှုအားပေးသည်။

ထို့နောက် တာချီလိတ်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ MRTV, FM, Digital T2, Tx; Room နှင့် CHERRY FM, Tx; Room တို့တွင် ရုပ်မြင်သံကြားနှင့် FM လိုင်းများထပ်ဆင့်ထုတ်လွှင့်နေမှု၊ တာဝါတိုင်နှင့် ဂြိုဟ်တုစလောင်းများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မွန်းလွဲပိုင်းတွင် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝအရည်အသွေးမြင့်မားလာစေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူငယ်ဖွံ့ဖြိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအသိပညာများအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် သတင်းအချက်အလက်များကို မီဒီယာကဏ္ဍမှတစ်ဆင့် မှန်ကန်ပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြည်သူ့စာကြည့်တိုက်များ၊ လူထုအခြေပြုဗဟိုဌာနများနှင့် လူထုဆက်ဆံရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ရန်၊ ဒေသအကျိုးပြုအသိပညာပေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်နှင့်ပြည်သူ့စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မြဝတီ**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်



နေပြည်တော် အောက်တိုဘာ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့်အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် နယ်စပ်ဒေသအပါအဝင်အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ တိုင်းရင်းသား၊ တိုင်းရင်းသူများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အဖြစ် စက်မှုကျောင်း လေးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အိမ်တွင်းမှုသင်တန်းကျောင်း ၂၀ တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတို့အား ယနေ့ နံနက်ပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ မုဒုမြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးအောင်ဝင်းသန်း၊ ပုသိမ်မြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးအေးကျော်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ကျော်ထက်၊ လွိုင်ကော်မြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းစိုးအောင်၊ မြိုင်ကြီးငူအိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ထားဝယ်မြို့ စက်မှုဆင်ထန်းကျောင်းတွင်တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးရန်ကြီးအောင်၊ ဘားအံမြို့ စက်မှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညီညီဇော်၊ လပွတ္တာမြို့ စက်မှုသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဒေါ်မေသန်းဦး၊ ဆိုက်ခေါင် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဘုန်းကြွယ်ဟန်၊ လဟယ်မြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးညီညီထွေးတို့တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက် ရှိဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါစက်မှုသင်တန်းကျောင်းတွင်သင်တန်းသား၊သင်တန်းသူ ၁၇၀ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင်သင်တန်းသား၊သင်တန်းသူ ၅၄၀ ဦး စုစုပေါင်း ၇၁၀ ဦး တက်ရောက်၍ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက်မှ ၂၀၂၇ ခုနှစ်မတ်လ ၁၉ ရက်ထိ ရက်သတ္တ ၂၂ ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ်စ တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စက်မှုကျောင်းများတွင်သင်တန်းသား၊သင်တန်းသူ ၇၂၁၆ ဦးနှင့်အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသူ ၉၈၆၅၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ



အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာ

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)သို့ အောက်တိုဘာလ ၁၈ ရက်က သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာရာတွင် ကြီးကြပ်ဆရာမကြီးဒေါ်ခင်လေးရီဦးဆောင်သော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် အမျိုးသားပြတိုက်(ရန်ကုန်)ရှိ သီဟာသနပလ္လင်ပြခန်း၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ မြန်မာ့ပန်းချီခန်းမဆောင်၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ ဗုဒ္ဓအနုပညာပြခန်းနှင့် အာဆီယံပြခန်းစသည်တို့ကိုကြည့်ရှုလေ့လာကြသည်။

အဆိုပါ အမျိုးသားပြတိုက်(ရန်ကုန်)ကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် တနလင်္ဂနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

မင်းသိန်းထွန်း

⇨ **ကျောပုံးမှအဆက်**

ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ သရေကျခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားသည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲတွင် နှစ်ဖက်အသင်း အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုများကြောင့် ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်း မရှိကြဘဲ ဂိုးမရှိသရေဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းတိုက်စစ်မြှင့် ကစားခဲ့ကြသည်။ ပထမအကျော့တွေ့ဆုံမှုတွင် ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ထား၍ နိုင်ပွဲရရန် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲပြင်းထန်ခဲ့သည်။ ပွဲကစားချိန် ၄၈ မိနစ်တွင် ပြိုင်ဘက်နောက်တန်းအမှားကနေ ဇင်မိုးပြည့်က အကောင်းဆုံးအခွင့်အရေးရယူကာ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူပေးခဲ့သကဲ့သို့ပွဲကစားချိန် ၈၈ မိနစ်တွင် ဆွေမာအောင်က နောက်တန်းခံစစ် နှစ်ယောက်ကို ထိုးဖောက်ကာ ဒုတိယဂိုးသွင်းယူခဲ့ပြီး ပွဲကစားချိန် ၉၀+၃ မိနစ်တွင် လူစားဝင်ကစားသမား မေသန့်ဇင်က တတိယဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် ၃ ဂိုး ဂိုးမရှိဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

သန်လျင်မြို့ စတားစီးတီး အားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည့် လက်ရှိချန်ပီယံ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ပွဲတွင် ပထမပိုင်း ပွဲစကတည်းက ဧရာဝတီယူနိုက်တက်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ရတနာပုံအသင်းကို ဖိအားပေးကစားခဲ့သည်။ရတနာပုံအသင်းသည် ခံစစ်နှင့်တိုက်စစ်မျှတအောင် ကစားပြီး ဦးဆောင်ဂိုးရဖို့ကြိုးစားခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းမှ နော်ထက်ထက်ဝေ၊ ဟီနာရီမီယာမိုတို့၊ ကာနာအူအဲဒါ၊ မင်တုန်မေဇီတာတို့ အချိတ်အဆက်မိမိကစားပြီး ပြိုင်ဘက်ဂိုးဧရိယာအတွင်းအကြိမ်ကြြိမ် ထိုးဖောက်ဝင်ရောက်ခဲ့သော်လည်း ရတနာပုံအသင်းနောက်တန်းနှင့် ဂိုးသမား လှလှထွေးတို့၏ အကောင်းဆုံးဟန့်တားကာကွယ်နိုင်မှုတို့ကြောင့် ဧရာဝတီယူနိုက်တက်အသင်းနှင့် ဦးဆောင်ဂိုးနှင့် ဝေးခဲ့ရသည်။

ရတနာပုံအသင်းသည်ဝင်းသိဂီထွန်းနှင့် ရူပါခိုင်တို့၏အတွဲအဆက်ကနေ အဖွင့်ဂိုးရနိုင်သည့် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း ဂိုးအဖြစ်အသုံးမချနိုင်ခဲ့၍ ပထမပိုင်းအပြီး ဂိုးမရှိသရေဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်ပွဲကစားချိန်မိနစ် ၆၀ နောက်ပိုင်း ဧရာဝတီယူနိုက်တက်အသင်းတိုက်စစ်နှင့် ရတနာပုံအသင်းခံစစ်တို့ အားပြိုင်ခဲ့ကြပြီး နှစ်ဖက်အသင်း ဦးဆောင်ဂိုးရရှိရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း ဂိုးသွင်းနိုင်ခြင်းမရှိ၍ ဂိုးမရှိသရေဖြင့်သာ ပြိုင်ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

ဝန်းရံခ

စပိန်လာလီဂါပွဲစဉ်(၉)တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၉

စပိန်လာလီဂါပွဲစဉ်(၉)အဖြစ် ရီးယဲလ်မက်ဒရစ် အသင်းနှင့် ဆီဗီလာအသင်းတို့ စပိန်နိုင်ငံ မက်ဒရစ်မြို့ ဘာနေဗျူးကွင်း၌ ယနေ့ နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြရာ ရီးယဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင်ရီးယဲလ်မက်ဒရစ်အသင်းအတွက်ပွဲကစားချိန်မိနစ်၃၀ နှင့် ၃၇ မိနစ်တွင် အာဒါဂူလာနှင့် အမ်ဘာပေတို့က ဂိုးများသွင်းယူပေးခဲ့သည်။ ထိုသို့ဦးဆောင်ဂိုးများခွင့်ပြုပေးလိုက်ရသည့်နောက်ပိုင်းတွင် ဆီဗီလာအသင်း တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်း၏ ခံစစ်ကိုကျော်ဖြတ်နိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ၂ ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မြှင့်ကစားခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် ရရှိလာသည့် ပယ်နယ်တီကိုအမ်ဘာပေက ပွဲကစားချိန် ၆၃ မိနစ်တွင် အမှားအယွင်းမရှိကန်သွင်းကာ တတိယမြောက်ဂိုးသွင်းယူခဲ့သည်။ထို့နောက် ပွဲကစားချိန်မိနစ် ၈၀ တွင် ဆီဗီလာအသင်းအတွက် မန်နူဘရူနိုက ချေးပဂိုးတစ်ဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ သို့သော် ပွဲကစားချိန် ၈၂ မိနစ်တွင် ဒီယိုမန်ဒီက ရီးယဲလ်မက်ဒရစ်အသင်းအတွက် စတုတ္ထမြောက် ဂိုးသွင်းယူပေးခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်(၁၀)အဖြစ် အောက်တိုဘာလ ၂၆ ရက်တွင် ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO



အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် မြန်မာယူ-၁၅ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၉

အာဇာတိဂျန်နိုင်ငံ ဘာကူးမြို့တွင်ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏ အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် (FIFA U-15 World Cup & Festival 2026) ပြိုင်ပွဲသို့ မြန်မာယူ-၁၅ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာယူ-၁၅ အသင်းသည် လက်ရှိတွင်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေပြီး အောက်တိုဘာလ ၂၁ ရက်တွင် ရန်ကုန်မြို့မှ အာဇာတိဂျန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲ၏ အုပ်စု(W)တွင်ပါဝင်ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ဂူအမ်အသင်းနှင့်လည်းကောင်း၊ အောက်တိုဘာလ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ဂါနာအသင်းနှင့်လည်းကောင်း၊ ည ၈ နာရီ ၄၅ မိနစ်တွင် ဘဟားမားစ်အသင်းနှင့်လည်းကောင်း၊ အောက်တိုဘာလ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကာဇက်စတန် နှင့်လည်းကောင်း၊ ည ၇ နာရီခွဲတွင် ဥဇောက်ကစ္စတန်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

ဝန်းရံခ

✦ အာရှမသန်စွမ်းသူများမှ

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ/နည်းပြများနှင့် မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ ဦးတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းမှစတင်၍ ပြေးခုန်ပစ်၊ ရေကူးနှင့် တိုက်ကွမ်ဒိုအားကစားနည်း သုံးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာမသန်စွမ်း ရေကူးအားကစားအဖွဲ့သည် ယနေ့ ရေကူးအားကစားနည်း အမျိုးသား မီတာ ၅၀ အလွတ်ကူး (Men's 50 m Freestyle S3)ပြိုင်ပွဲတွင် တောင်ကိုရီးယား၊ ဂျပန်၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ ညီညီလင်းထက်က ၄၄ ဒသမ ၅၃ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ကြေးတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက် ဒေသစံတော်ချိန် ၇ နာရီခွဲတွင် မသန်စွမ်းရေကူးအားကစားနည်း အမျိုးသား မီတာ ၅၀ ပက်လက်ကူး (Men's 50 m Breaststroke SB3)ပြိုင်ပွဲတွင် မြန်မာအသင်းမှ ညီညီလင်းထက်က လည်းကောင်း၊ မသန်စွမ်းပြေးခုန်ပစ် အားကစားနည်း အမျိုးသားအမြင့်ခုန် (Men's High Jump T45,T64,T47) ပြိုင်ပွဲတွင် မြန်မာအသင်းမှ အောင်မြင့်မြတ်ကလည်းကောင်း အသီးသီး ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

▼ လက်ွေ့ပြိုင်ပွဲမှ

အားကစားရုံ၌ ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၄၈၊ ၅၄၊ ၆၀၊ ၈၀) ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး (၅၀)ကီလိုတန်း ပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၄၄ သိန်း(တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၂ ဘီလီယံ) နှင့် ဘိန်းညိုမှုန့် ၁၆၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ်သုည ဒသမ ၈ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် အဆိုပါနေရာ၌ သီပေါမှနောင်ချိုသို့ လားရှိုးမြို့နယ်၊ နောင်မိုရွာနေ သူများဖြစ် သည့် စိုင်းညွှန့်ဆွေ(၂၈)နှစ် မောင်းနှင်ပြီး စိုင်းအောင်ပွင့် (၃၁)နှစ် လိုက်ပါလာသော MITSUBISHI CANTER အမျိုးအစားယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁ ဒသမ ၃ သိန်း (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ်သိန်း ၆၅၀)ကို ဆက်လက် ဖမ်းဆီးရမိသဖြင့် မျိုးသန့်ထက်၊ မခတ္တာဖူး၊ စိုင်းညွှန့်ဆွေနှင့် စိုင်းအောင်ပွင့်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာလ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နောင်ချိုမြို့နယ် မကျီးရေကျေးရွာအနီးတွင် မိုင်းရယ်မှ မန္တလေးသို့ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းလေးရွာနေ မျိုးသန့်ထက်(၃၄)နှစ် မောင်းနှင်ပြီး ဒိုက်ဦးမြို့နယ်၊ အောင်စိုးမိုးရွာနေ မခတ္တာဖူး လိုက်ပါလာသော HINO VAN အမျိုးအစား မော်တော်ယာဉ်



တရားခံ မျိုးသန့်ထက်နှင့် မခတ္တာဖူးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

နောင်ချိုမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၀၆၅ ဘီလီယံတန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၉

နောင်ချိုမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၀၆၅ ဘီလီယံတန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီးဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာလ ၁၆ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နောင်ချိုမြို့နယ် မကျီးရေကျေးရွာအနီးတွင် မိုင်းရယ်မှ မန္တလေးသို့ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းလေးရွာနေ မျိုးသန့်ထက်(၃၄)နှစ် မောင်းနှင်ပြီး ဒိုက်ဦးမြို့နယ်၊ အောင်စိုးမိုးရွာနေ မခတ္တာဖူး လိုက်ပါလာသော HINO VAN အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၄၄ သိန်း(တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၂ ဘီလီယံ) နှင့် ဘိန်းညိုမှုန့် ၁၆၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ်သုည ဒသမ ၈ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် အဆိုပါနေရာ၌ သီပေါမှနောင်ချိုသို့ လားရှိုးမြို့နယ်၊ နောင်မိုရွာနေ သူများဖြစ် သည့် စိုင်းညွှန့်ဆွေ(၂၈)နှစ် မောင်းနှင်ပြီး စိုင်းအောင်ပွင့် (၃၁)နှစ် လိုက်ပါလာသော MITSUBISHI CANTER အမျိုးအစားယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁ ဒသမ ၃ သိန်း (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ်သိန်း ၆၅၀)ကို ဆက်လက် ဖမ်းဆီးရမိသဖြင့် မျိုးသန့်ထက်၊ မခတ္တာဖူး၊ စိုင်းညွှန့်ဆွေနှင့် စိုင်းအောင်ပွင့်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH DAILY EDITION

Thai Minister of Energy-led delegation calls on President U Min Aung Hlaing

NAY PYI TAW October 19

A delegation led by H.E. Mr. Akanat Promphan, Minister of Energy of Thailand, paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall this morning.

Union Ministers U Khin Maung Yi, U Tin Maung Swe and U Ko Ko Lwin, along with officials concerned, attended the meeting. The Thai delegation was accompanied by H.E. Mr. Tor Saralamba, Ambassador of Thailand to Myanmar, and officials concerned.

During the meeting, they cordially discussed the steadily improving friendship and cooperation between Myanmar and Thailand as good neighbouring countries; the discussions and efforts made to further strengthen bilateral cooperation during President U Min Aung Hlaing's goodwill visit to Thailand; opportunities to further enhance cooperation in the energy and natural gas sectors; and bilateral cooperation in disaster preparedness and prevention measures to address potential natural disasters arising from climate change.

After the meeting, the President and the Thai Minister of Energy posed for a group documentary photograph.

Myawady



President U Min Aung Hlaing receives Minister of Energy of Thailand H.E. Mr. Akanat Promphan and delegation members.

Mawlaik District to plant more than 7,000 acres of soya bean

MAWLAIK October 19

Statistics from Mawlaik District Agriculture Department in Sagaing Region stated that local farmers will grow more than 7,000 acres of soya bean as this year's cold season crops in the district.

During the 2026-2027 winter crop cultivation season, the township-wise cultivation targets for soybean in Mawlaik District are 388 acres in Mawlaik Township and 7,212 acres in Phaungpyin Township, totaling 7,600 acres.

"More than 7,000 acres of soybean are planned to be cultivated in Mawlaik District during this year's winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. Awareness-raising activities will also be carried out to prevent pest infestations. Farmers have also been encouraged to obtain the necessary seeds and to gain knowledge about soybean cultivation," said Daw Kywe Kywe Hlaing, Head of the District Agriculture Department in Mawlaik District.

In Mawlaik District, the Township Agriculture Departments will provide farmers cultivating soybeans with technical knowledge on obtaining good-quality and pure varieties suitable for local conditions, proper cultivation methods, prevention of pest infestations, systematic use of fertilizers and improvement of crop yields.

During this year's winter crop cultivation season, efforts are also being made in cooperation with farmers to provide the good-quality and pure seeds, agricultural inputs and post-harvest technologies necessary to improve the yield and quality of various pulse crops.

SK

Myinmu Township to grow more than 1,000 acres of rainfed paddy this year

MYINMU October 19

Myinmu Township Agriculture Department stated that local farmers decided to grow more than 1,000 acres of rainfed paddy as monsoon crops in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop season, Myinmu Township has set a target of cultivating 12,138 acres of rainfed monsoon paddy. Planting began in July this year, and 1,212 acres have been planted so far.

"This year, more than 12,000 acres of monsoon paddy are targeted for cultivation in Myinmu Township. More than 1,000 acres have already been planted as of today. We are making arrangements to ensure that the targeted acreage is fully cultivated. We are also conducting field activities to help farmers plant their monsoon paddy in a timely manner," said U Soe Paing, Head of the Township Agriculture Department in Myinmu Township.

During this year's monsoon crop season, the Township Agriculture Department and local farmers are working together to ensure that monsoon paddy is cultivated systematically and without difficulties.

In Myinmu Township, farmers cultivating monsoon paddy are being provided with agricultural technical guidance and awareness on preventing pest infestations, minimizing crop damage and losses, and ensuring that harvested paddy is transported under proper shelter in a timely manner.

This year, staff members from the Township Agriculture Department are conducting field activities to provide farmers with agricultural technical guidance aimed at ensuring successful growth and good yields of monsoon paddy. These activities include selecting and cultivating quality seeds, monitoring for pest infestations, puddling and weeding, removing off-type plants, and systematic broadcasting of fertilizers.

SMK

Vice President U Nyo Saw inspects implementation of development tasks and beautification for Yangon to meet municipal standards

NAY PYI TAW October 19

Accompanied by members of his entourage, Vice President U Nyo Saw arrived at the Botahtaung Jetty in Yangon Region this morning and inspected the implementation plans for development tasks. Yangon Region Chief Minister U Aung Naing Thu, the Yangon City Mayor, and responsible officials briefed him on the project arrangements.



Vice President U Nyo Saw inspects proposed site for construction of park and football stadium in Shwepyitha Township.

Subsequently, the Vice President inspected efforts to enhance the neatness and systematic appearance of housing along Kannar Road in Botahtaung Township. He then toured and inspected the proposed land sites for constructing football and sports grounds on Kyansittha Road in Hlaingthaya (East) Township, the proposed land site on Kanaung Minthar Gyi Road, the proposed site for a modern park and football ground on the Sethmudaytha Road in Shwepyitha Township, the proposed football stadium site on Pyidaungsu Road in Shwepyitha Township, and the proposed expansion land areas at the Anawrahta Industrial Zone in Hlaingthaya (West). During the inspection tours, the Yangon Region Chief Minister and responsible officials conducted him around and explained the respective undertakings.

Myawady

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) goes on

NAY PYI TAW October 19

The government has placed emphasis on combat against online scams and gambling as a national responsibility and carried out systematic and total demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used for such crimes again.

In doing so, demolition works of a 5-storey building, one of the buildings used in online scams and gambling and to be demolished with the use of machinery in Shwe Kokko (Part-II), completed 100 percent while that of another 5-storey building completed 30 percent so far.


Out of 63 buildings to be demolished in Shwe Kokko (Part-II) were classified into 25 to be knocked down with the use of machinery, four to be detonated and 34 to be brought down manually floor by floor due to their proximity to residential buildings and systematic demolition works were carried out. Demolition of four buildings to be detonated and two buildings to be knocked down with the use machinery completed while plans to systematically demolish the remaining 57 buildings.

In cooperation with neighboring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which has posed a threat to the global socio-economic arena and national security.

100



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

Hundreds arrested in Paris as rioters defy Macron



PARIS October 19

Nearly 350 people were arrested in Paris on Sunday and overnight amid violent unrest sweeping France despite President Emmanuel Macron's appeals for calm, the authorities said on Monday.

Hundreds of thousands protested rising living costs and education funding cuts over the weekend, with demonstrations escalating into clashes with police, arson and looting.

The violence erupted Saturday as Yellow Vest demonstrations merged with student protests that began last month at a high school in Creteil, near Paris, over teacher shortages and deteriorating facilities. The movement has since broadened into protests against inequality and rising living costs, with labor unions joining in opposition to the government's proposed 2027 budget and spending cuts.

Despite Macron's Friday appeal for "calm and respect," Paris endured two days of rioting. On Sunday, protesters clashed with police near Place de la Republique as vehicles and trach cans burned, shops were looted and officers deployed tear gas and water cannons.

RT

Russia-Africa summit to focus on economic, investment cooperation- Russia Foreign Ministry

MOSCOW October 19

The agenda of the Russia-Africa summit will focus on economic, investment and trade cooperation, Tatiana Dovgalenko, head of the Russian Foreign Ministry's Department for Partnership with Africa, said on Monday.

The third Russia-Africa Summit will be held on October 28-29 in Moscow.

"I would say that this time the agenda will really focus on economic, trade and investment issues. Because, as I have already said, we have a task, relatively speaking, to adjust our economic ties to dynamically developing political positions," Dovgalenko told reporters.

Preparations for the third Russia–Africa summit are in the final stage, Tatiana Dovgalenko, said expressing hope that the African guests will enjoy Moscow.

"This is indeed the final stage [of the summit's preparation], and for the first time it will be held in Moscow, in the capital. We hope that our African guests will really enjoy it here," Dovgalenko said.

Sputnik

Trump claims France fell to migrants, urges it to close borders to immigration

WASHINGTON October 19

US President Donald Trump on Monday claimed that France has fallen to migrants and further urged the European country to close its borders to immigration.

In early October, the US president attributed the protests in France to an out-of-control mass migration, arguing that problems in the education system have nothing to do with the situation.

"The migrants have taken over France. They must CLOSE THE BORDERS, FAST!," Trump said via Truth Social.

Mass demonstrations over the rising costs of living and falling education standards escalated into clashes with law enforcement in France on Saturday. The protests were accompanied by riots, looting and vandalism. In the city of Limoges, rioters set fire to the historic city hall building. Administrative buildings in Marseille and other cities were also attacked.

According to the French Ministry of Interior, it is assessed that 550,000 people took part in the protests, including 110,000 in Paris. More than 2,000 people were detained on Sunday.

Sputnik

About 160 schools in Northern Ireland receive bomb threats, some evacuated

LONDON October 19

About 160 schools across Northern Ireland received bomb threats by email on Monday, prompting evacuations and school closures, local authorities said.

Northern Ireland's Education Minister Paul Givan said the emails claimed explosive devices had been planted inside school buildings and contained references to Islamic law.

Givan said the threats were not being treated as credible, although they had caused widespread alarm and disruption to education.

Several schools, including St Colman's Primary School in Lambeg and Greenisland Primary School, were evacuated following the threats.

The Police Service of Northern Ireland confirmed that it had received reports of threatening emails sent to a number of schools and was conducting urgent inquiries.

Police said they were working closely with the affected schools and would provide further updates.

Northern Ireland's Education Authority said it was liaising with police and had issued guidance to schools, while continuing to support school leaders, staff, pupils and families.

The origin of the threatening emails remains unclear. Similar threats were sent to schools in the Republic of Ireland last week.

Xinhua

Indonesia identifies 97 firms suspected of involvement in forest, land fires

JAKARTA October 19

Indonesian authorities have identified 97 companies suspected of involvement in forest and land fires across Sumatra and Kalimantan islands, Coordinating Minister for Political and Security Affairs Dudung Abdurachman said Monday.

Dudung said the companies were identified based on reports received by regional and national police units, urging investigators to thoroughly investigate those responsible for the fires.

As of October 13, police had named nine companies and 223 individuals as suspects in separate forest and land fire cases, said Pipit Subiyanto, a senior official with the National Police's special crimes unit.



The corporate cases were linked to 98 police reports, while the individual cases involved 273 reports, Pipit said.

He warned that offenders could face prison sentences of 10 to 12 years, stressing that burning land should not be used as a cheap and easy method of land clearing.

The investigations follow President Prabowo Subianto's order last month for police to intensify their crackdown on companies suspected of causing forest and land fires, which have spread haze across parts of Indonesia and neighboring countries.

Xinhua




King Charles III of the United Kingdom sends two books along with one sealed envelope and a sealed diplomatic pouch to prisoner Daw Aung San Suu Kyi

NAY PYI TAW October 19


Officials from the Ministry of Home Affairs handed over two books along with one sealed envelope and a sealed diplomatic pouch sent by King Charles III of the United Kingdom to prisoner Daw Aung San Suu Kyi this morning. The books were The Land Gardeners – Soil to Table; and SOIL The World at Our Feet.

Myawady

The books sent to prisoner Daw Aung San Suu Kyi.



Soil the World at Our Feet



The Land Gardeners – Soil to Table

Dedaye Township dispatches 46,000 viss of flower snails to Yangon market

DEDAYE October 19

Daw Aye Myat, the owner of seafood trading depot in Dedaye Township of Ayeyawady Region, said that local merchants from Dedaye Township sent 46,000 viss of flower snails to Yangon market .

From Dedaye Township, up to 46,000 viss of flower snails were exported and sold to the Yangon market.

"We export aquatic products from this area to the Yangon market. Among the aquatic products exported and sold, flower snails accounted for as much as 46,000 viss. At present, the Yangon market is also showing strong demand for aquatic products from this area.

"The price of flower snails varies depending on their freshness and cleanliness. The volume of exports has increased because seafood shops are currently purchasing flower snails actively. The increase in export volume is mainly benefiting fishery operators and traders," said Daw Aye Myat.

Flower snails from Dedaye Township are currently fetching between Ks-25,000 and Ks-32,000 per viss. In addition to flower snails, other aquatic products from the area are also enjoying strong trade and increased export demand. As a result, employment opportunities are improving for fishermen, small-scale traders, brokerage business operators, merchants and cargo truck rental operators.

SMK

Cultivation for more than 8,000 acres of sunflower earmarked in Dabayin Township

DABAYIN October 19

The Dabayin Township Agriculture Department showed its data that local farmers decided to grow more than 8,000 acres of sunflower as cold season crops in Dabayin Township of Sagaing Region this year.

For the 2026-2027 winter crop cultivation season, Dabayin Township plans to grow 8,369 acres of sunflower. Cultivation will be carried out from October to December this year.

"We have planned to grow more than 8,000 acres of sunflower in Dabayin Township during the upcoming winter crop cultivation season. We will make necessary arrangements to ensure that the targeted acreage is fully cultivated. We will promote the expansion of sunflower cultivation, an oilseed crop, in order to reduce reliance on imported palm oil. Sunflower produces more oil per acre than other oil crops such as groundnut and sesame," said Daw Aye Myat Mon, Head of the Dabayin Township Agriculture Department.

It is also planned to step up educational and training programmes conducted by the Township Agriculture Department to promote the expansion of sunflower cultivation in Dabayin Township. Training programmes will also be intensified to enhance the capacity of departmental staff and farmers who will grow sunflower.

This year, arrangements will be made to provide sunflower seeds to farmers in Dabayin Township, sell urea fertilizers at affordable prices, and distribute locally produced sunflower seeds through farmer-to-farmer exchange systems.

SK



Plan underway to cultivate more than 4,000 acres of vegetables in Budalin Township

BUDALIN October 19

Statistics of Budalin Township Agriculture Department stated that local farmers will place more than 4,000 acres of croplands under vegetables in Budalin Township of Sagaing Region this year.

During the 2026-2027 winter crop cultivation season, Budalin Township has planned to grow 4,440 acres of vegetables. Cultivation will be carried out from October to December this year.

"This year, Budalin Township has planned to grow more than 4,000 acres of vegetables during the upcoming winter crop cultivation season. The crops include mustard, chilli, spices, potato, cauliflower, eggplant and cabbage. We are providing farmers with technical assistance so that all vegetables can be cultivated in accordance with Good Agricultural Practices (GAP). We will also provide farmers with technical guidance on cultivating vegetables in a way that is safe for health and minimizes chemical residues," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Budalin Township Agriculture Department will provide technical training to vegetable growers on GAP-based cultivation. It will also provide technical guidance to ensure that vegetables produced from the farms are safe and suitable for consumption, and will take measures to encourage farmers to expand vegetable cultivation.

A variety of vegetables are cultivated seasonally in Budalin Township every year. The crops have been successfully grown, providing income for farming families. The Township Agriculture Department will also provide awareness training to farmers planning to grow vegetables on proper cultivation methods, prevention and control of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents.

SMK

ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့် ဂဟေသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



ထားဝယ် အောက်တိုဘာ ၁၉

နယ်စပ်ရေးရာ ဝန်ကြီးဌာနပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ထားဝယ်)၏ ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့်ဂဟေသင်တန်းအမှတ်စဉ် (၁၄/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ရန်ကြီးအောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ(၄)ရပ်ကို ချမှတ်ပြီး နှစ်ရှည်၊ နှစ်လတ်စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ မြိတ်နှင့် ကော့သောင်းမြို့တို့၌ အမျိုးသမီးအိမ်တွင်းမှု ကျောင်းနှစ်ကျောင်းနှင့် ထားဝယ်မြို့၌ စက်မှုလက်မှုပညာ သင်တန်းကျောင်း တစ်ကျောင်းတို့ကိုဖွင့်လှစ်ပြီး လူငယ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များအား လေ့ကျင့်သင်ကြား ပေးလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် စာတွေ့၊ လက်တွေ့ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားသင်ယူကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးရန်ကြီးအောင်နှင့် တာဝန်ရှိသူများက သင်တန်းသားများအသုံးပြုမည့် လက်တွေ့သုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

သင်တန်းတွင် ဆောက်လုပ်ရေးပညာရပ်ဖြစ်သည့်လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ ပိုက်ပြင်/ပိုက်ဆက်ပညာရပ်များ၊ လျှပ်စစ်ပညာရပ်တွင် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် Air-con ပြုပြင်ခြင်းပညာရပ်များ၊ ဂဟေပညာရပ်တွင် လျှပ်စစ်ဂဟေ၊ ဓာတ်ငွေ့ဂဟေ ပညာရပ်များကို ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဝက်သက်၊ ဂျုိက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းများဆောင်ရွက်

ဘိုကလေး အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနခွဲ အောက်တိုဘာလ ၁၉ ရက်တွင် အသက်ကိုးလမှ ငါးနှစ်အောက်ကလေးငယ်များအား ဝက်သက်၊ ဂျုိက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က ကလေးငယ်များအနေဖြင့် သတ်မှတ်ကာကွယ်ဆေးများကို သတ်မှတ်အရွယ်အလိုက် ထိုးနှံကြရန်အရေးကြီးကြောင်း၊ တက်ရောက်လာကြသူများကလည်း မိမိတို့ပတ်ဝန်းကျင်မှ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံနိုင်ရေး ထပ်ဆင့်မျှဝေသတင်းစကားပြောကြရန်နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲဝင်းထွန်းက ဝက်သက်၊ ဂျုိက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ဆွေးနွေးပြီး ကာကွယ်ဆေးထိုးနှံနိုင်ရေး လှုံ့ဆော်အသိပညာပေးဗီဒီယိုပြသခြင်းတို့ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနခွဲ အသက်ကိုးလမှ ငါးနှစ်အောက်ကလေးငယ်များအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံနေမှုများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြောင်းနှင့် ဘိုကလေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို သတ်မှတ်စုရုပ်နေရာများ၌ အောက်တိုဘာလ ၁၉ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဌေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့်ကော်မတီဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာရဲဝင်းထွန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)



လူမှုစီးပွားဘဝမြင့်မားလာစေရေး အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်လှစ်

ဆီဆိုင် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ် ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြ ကျေးရွာရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၈) ကို အောက်တိုဘာလ ၁၉ ရက်တွင် ဖွင့်လှစ်သည်။

အခမ်းအနားတွင် တာဝန်ရှိသူ တစ်ဦးက အမှာစကားပြောကြား ပြီး အမျိုးသမီးအိမ်တွင်းမှုသက် မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဆိုက်ခေါင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းက သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသူ ၃၀ ဦးတက်ရောက်လျက်ရှိပြီး သင်တန်း



ကာလမှာ အောက်တိုဘာလ ၁၉ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၁၉ ရက် အထိဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရွှေဘိုမြို့နယ်၌ စိုက်ပျိုးခဲ့သောဖူးစားပြောင်းများရိတ်သိမ်းပြီးစီး

ရွှေဘို အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိခရိုင် ရွှေဘိမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောဖူးစားပြောင်း ၈က ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ရွှေဘိမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၈က ၂၄၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီး တစ်၈ကလျှင် ပန်းတိုင်အထွက်နှုန်း ပြည့်မီခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိမြို့နယ်မှာ ဖူးစားပြောင်း ၈က ၂၄၅၀ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ပြောင်းခင်းတွေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေအောင်မြင်ဖြစ်ထွန်းဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

ယခုနှစ် ရွှေဘိမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင့်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အသိပညာပေးသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် တခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ စျေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းစျေးကွက်တွင်သာမက ပြည်ပစျေးကွက်များပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိခြင်းကြောင့် တောင်သူများအနေဖြင့် လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကြောင်း သိရသည်။ (၄၀၉)

နေကြာတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဆွေးနွေး

ပြည် အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ငါးရွာအုပ်စု၌ အောက်တိုဘာလ ၁၉ ရက်တွင် နေကြာတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က စိုက်နည်းစနစ်မှန်ကန်စေရေး၊ ဝတ်မှုန်ကူးနိုင်ရန် ပျားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ အချိုးကိုက်အချိုးကျထည့်သွင်းရေး၊ နေကြာတစ်ကွင်း တစ်စပ်တည်းသီးသန့်စိုက်ဧကများ ဖြစ်ပေါ်စေရေး၊ ရေဆင်းပေါ်ဆန်း-၁၊ ရေဆင်းပေါ်ဆန်း-၂ စပါးမျိုးများကို နွေစပါးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တောင်သူများအသုံးပြုနေသော အဓိကနိယမ်ဆာလဖိတ်ဓာတ်မြေဩဇာကိုသုံးစွဲရာတွင် မိမိတို့စိုက်ပျိုးမြေ၏မြေချဉ်ငန်ကိန်း၊ စိုက်ပျိုးသည့်သီးနှံအမျိုးအစားပေါ်မူတည်၍ ထည့်သွင်းသင့်သည့်ပမာဏများကို စိုက်ပျိုးရေးပညာရှင်များနှင့် မြေဆီလွှာပညာရှင်များ၏ထောက်ခံအကြံပြုချက်များရယူ၍ အသုံးပြုရန်လိုအပ်ကြောင်းနှင့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲပုပ်တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့ကို တောင်သူများအား အသိပညာပေးဆွေးနွေးသည်။

ထိုသို့ဆွေးနွေးခြင်းဖြင့် ဒေသခံတောင်သူများသည် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသစ်များနှင့် အလေ့အကျင့်ကောင်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာမည်ဖြစ်ပြီး သီးနှံအထွက်နှုန်းများ တိုးတက်လာကာ ဒေသတွင်းဆီဖူလုံရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်း

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ခဲ့တဲ့ တရုတ်နိုင်ငံ

ထက်မြတ်

ယမန်နေ့မှအဆက်

တရုတ်နိုင်ငံရဲ့ ထုတ်ပြန်ချက်အရဆိုရင် ရှစ်နှစ်တာကာလအတွင်း ကျေးလက်မှာ နေထိုင်နေတဲ့ပြည်သူ သန်း ၁၀၀ နီးပါးကို ဆင်းရဲနွမ်းပါးမှုမှ အကြွင်းမဲ့လွတ်မြောက်စေခဲ့တယ်လို့သိရပါတယ်။ ဒီလိုမျိုးအောင်မြင်မှုကြောင့် ကုလသမဂ္ဂရဲ့ ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအစီအစဉ်မှာ သတ်မှတ်ထားတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရည်မှန်းချက်ကို သတ်မှတ်ချိန်ထက် ၁၀ နှစ်စောပြီး ပြည့်မီခဲ့တယ်လို့ တရုတ်နိုင်ငံက ဖော်ပြခဲ့ပါတယ်။

ဒီလိုအောင်မြင်မှုအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတားရက်ကလည်း ရှီကျင့်ဖျင်ထံ ဂုဏ်ပြုစာပေးပို့ခဲ့ပါတယ်။ အဲဒီစာမှာ ဒီအောင်မြင်မှုဟာ နိုင်ငံတကာအသိုက်အဝန်းတစ်ရပ်လုံးအတွက် မျှော်လင့်ချက်နဲ့ အတုယူစရာဖြစ်စေတယ်လို့ဖော်ပြခဲ့ပါတယ်။ ဒီနေရာမှာ ခွဲခြားနားလည်ဖို့လိုတဲ့အချက်တစ်ခုရှိနေပါတယ်။ အကြွင်းမဲ့ဆင်းရဲနွမ်းပါးမှုပပျောက်သွားပြီလို့ ကြေညာနိုင်တာဟာ ဆင်းရဲနွမ်းပါးမှုနဲ့ပတ်သက်တဲ့ပြဿနာအားလုံး အပြီးတိုင် ပျောက်သွားပြီလို့ ဆိုလိုတာတော့ မဟုတ်ပါဘူး။ ဝင်ငွေမညီမျှမှု၊ ကျေးလက်နဲ့မြို့ပြကြား ဖွံ့ဖြိုးမှုကွာဟချက်၊ အလုပ်အကိုင်တည်ငြိမ်မှုနဲ့ လူမှုဖူလုံရေးလိုကိစ္စတွေကိုလည်း ဆက်လက်အာရုံစိုက်ဖို့လိုအပ်နေပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံရဲ့ အတွေ့အကြုံကိုလေ့လာတဲ့အခါ အောင်မြင်မှုရလဒ်ကိုသာကြည့်တာထက် အဲဒီရလဒ်ရရှိဖို့ ဘယ်လိုမူဝါဒတွေချမှတ်ခဲ့သလဲ၊ ဘယ်လိုမျိုးအကောင်အထည်ဖော်ခဲ့သလဲ၊ ရရှိလာတဲ့အကျိုးကျေးဇူးတွေကို ဘယ်လိုမျိုးရေရှည်တည်တံ့အောင် ထိန်းသိမ်းမလဲဆိုတာတွေကိုပါ စဉ်းစားဖို့လိုပါတယ်။

နိုင်ငံများစွာက လာရောက်လေ့လာရ

တရုတ်နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွေ့အကြုံဟာ ပြည်တွင်းမှာသာ အာရုံစိုက်ခံခဲ့ရတာမဟုတ်ပါဘူး။ အခြားနိုင်ငံများမှ ခေါင်းဆောင်တွေကလည်း ဒီအတွေ့အကြုံတွေကိုလေ့လာဖို့ စိတ်ဝင်စားခဲ့ကြပါတယ်။ အဲဒီအတွေ့အကြုံတွေထဲမှာ ရှီကျင့်ဖျင်ရဲ့ အစောပိုင်းအယူအဆတွေကိုစုစည်းထားတဲ့ "Up and Out of Poverty" ဆိုတဲ့ စာအုပ်လည်းပါဝင်နေပါတယ်။ ဒီစာအုပ်မှာ ၁၉၈၈ ခုနှစ်မှ ၁၉၉၀



ပြည့်နှစ်အထိ နင်းတဲ့ဒေသမှာ တာဝန်ထမ်းဆောင်ဆဲဦးရှီကျင့်ဖျင်ပြောခဲ့တဲ့အယူအဆတွေ၊ရေးသားခဲ့တဲ့ဆောင်းပါးတွေနဲ့ တွေ့ဆုံမေးမြန်းခန်းတွေ စုစည်းထားပါတယ်။

ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ဖို့ဆိုရင် ငွေကြေးအခြေအနေကို တိုးတက်အောင်လုပ်ရုံနဲ့ မလုံလောက်ဘူးလို့ ရှင်းပြထားပါတယ်။ ဆင်းရဲနွမ်းပါးမှုကို ဆက်လက်ဖြစ်ပေါ်စေတဲ့ အတွေးအခေါ်တွေနဲ့ အတားအဆီးတွေကို ဖယ်ရှားဖို့လိုအပ်တယ်ဆိုတဲ့ အမြင်ကိုလည်းဖော်ပြထားတာတွေ့ရပါတယ်။

အူဇောဘက်ကစွတန်သမ္မတ ရှက်ဗကတ် မီယာဇိုယက်က ဒီစာအုပ်ဟာ ပထမဆုံးထုတ်ဝေခဲ့တဲ့အချိန်ကနေ ဆယ်စုနှစ်သုံးခုကျော်ကြာမြင့်ခဲ့ပေမယ့် နိုင်ငံတော်နဲ့ လူမှုအဖွဲ့အစည်းတွေကို စီမံအုပ်ချုပ်ရာမှာ အရေးပါတဲ့ လမ်းညွှန်ချက်တစ်ခုအဖြစ် ရှိနေဆဲဖြစ်တယ်လို့ပြောပါတယ်။ ၂၀၂၆ ခုနှစ် အောက်တိုဘာလမှာ တရုတ်နိုင်ငံကို လာရောက်ခဲ့တဲ့ ဘော့ဆွာနာသမ္မတ ဒူမာဂီဒွန်ဘိုကိုဟာလည်း ဖူကျန့်ပြည်နယ်က ဖူကျိုးနဲ့ နင်းတဲမြို့တို့ကို သွားရောက်ကာ လေ့လာခဲ့ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာပြပွဲတစ်ခုကို ကြည့်ရှုခဲ့ပါတယ်။ ပေကျင်းမြို့မှာ ရှီကျင့်ဖျင်နဲ့ တွေ့ဆုံစဉ် တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို သမိုင်းမှာ ယခင်ကမမြင်တွေ့ဖူးတဲ့ စီးပွားရေးနဲ့နိုင်ငံရေးဆိုင်ရာ အံ့ဖွယ်ဖြစ်ရပ်တစ်ခုအဖြစ် ဖော်ပြခဲ့ပါတယ်။

လာအိုသမ္မတဟောင်း ဘွန်ညန်ဗိုရာချစ်သည်လည်း တရုတ်နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွေ့အကြုံတွေကို လေ့လာခဲ့သူဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဇွန်လမှာ ဟူနန်ပြည်နယ် ရှီပတုန်းကျေးရွာကို သွားရောက်စဉ် ကျေးရွာသူရှီပဆန်ရဲ့အိမ်မှာ ရှီကျင့်ဖျင်က ဒေသခံတစ်ဦးနဲ့ မီးဖိုဘေးထိုင်ပြီး စကားပြောနေတဲ့ ဓာတ်ပုံတစ်ပုံကို တွေ့ခဲ့ပါတယ်။ အဲဒီဓာတ်ပုံကို တွေ့တဲ့အခါ ဘွန်ညန်ဟာ ရုပ်တန့်ကြည့်ရှုခဲ့ပါတယ်။ သူဟာ ရှီကျင့်ဖျင်ရဲ့ ခရီးစဉ်လမ်းကြောင်းအတိုင်းပြန်လည်သွားရောက်ခဲ့ပြီး ဒေသခံတွေနဲ့တွေ့ဆုံဆွေးနွေးပါတယ်။ နောက်ပိုင်းမှာ ရှီပတုန်းကျေးရွာရဲ့ အတွေ့အကြုံတွေကို လာအိုနိုင်ငံမှာ ပြန်လည်အသုံးချနိုင်ဖို့ မျှော်လင့်ကြောင်းပြောပါတယ်။ နောက်တစ်နှစ်မှာ ကျေးရွာသူ၊ ကျေးရွာသားတွေဆီက စာတစ်စောင်ကို ပြန်လည်ဖြေကြားရာမှာလည်း ဒီကျေးရွာရဲ့ အောင်မြင်မှုဟာ လာအိုနိုင်ငံအတွက် တန်ဖိုးရှိတဲ့ သင်ခန်းစာတွေပေးနိုင်တယ်လို့ ချီးကျူးခဲ့ပါတယ်။

၂၀၂၆ ခုနှစ် စက်တင်ဘာလမှာ မာဒါဂတ်စကာဝန်ကြီးချုပ် မာမီတီယာနာရာဂျာအိုနီဆန်ကလည်း ရှီပတုန်းကျေးရွာကို သွားရောက်ခဲ့ပါတယ်။ သူဟာ ဒေသခံတွေရဲ့ ဘဝပြောင်းလဲလာပုံကို ကိုယ်တိုင်မြင်တွေ့ခဲ့သလို မိအိုတိုင်းရင်းသားတွေရဲ့ ရိုးရာပန်းထိုးအနုပညာ သရုပ်ပြမှုတွေကိုလည်း ကြည့်ရှုခဲ့ပါတယ်။ ဒီခရီးစဉ်ကနေတစ်ဆင့် ရှီကျင့်ဖျင်ရဲ့ ပြည်သူတွေအပေါ်ထားရှိတဲ့ နက်ရှိုင်းတဲ့ဂရုစိုက်မှုကို နားလည်ခဲ့ရပြီး မာဒါဂတ်စကာနိုင်ငံအတွက် အတုယူစရာတွေရရှိခဲ့တယ်လို့ပြောခဲ့ပါတယ်။ ဒီခရီးစဉ်တွေကို ကြည့်လိုက်ရင် နိုင်ငံတစ်နိုင်ငံရဲ့ အတွေ့အကြုံဟာ အဲဒီနိုင်ငံအတွင်းမှာပဲ အဆုံးသတ်သွားစရာ မလိုဘူးဆိုတာ တွေ့နိုင်ပါတယ်။ အခြားနိုင်ငံတွေကလည်းကိုယ့်နိုင်ငံရဲ့ အခြေအနေနဲ့ကိုက်ညီမယ့် နည်းလမ်းတွေကိုရှာဖွေပြီး ပြန်လည်အသုံးချနိုင်ပါတယ်။

မှီစိုက်ပျိုးရာမှ ဖြစ်ပေါ်လာတဲ့ ဘဝအလှည့်အပြောင်း

တရုတ်နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွေ့အကြုံကို အခြားနိုင်ငံတွေဆီမျှဝေဖို့ ကြိုးပမ်းမှုတွေဟာ အစောပိုင်းကာလကတည်းကစတင်ခဲ့တာပါ။ အဲဒီအချိန်မှာ ရှီကျင့်ဖျင်ဟာ ဖူကျန်ပြည်နယ်နဲ့ အနောက်မြောက်ပိုင်း နင်းရှားဟွေ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ပူးပေါင်းဆောင်ရွက်တဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းတစ်စိတ်တစ်ပိုင်းအဖြစ် ကျွင်းဟောင်နည်းပညာကိုမြှင့်တင်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ပါပူအာနယူးဂီနီနိုင်ငံမှ ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးကို ဒီနည်းပညာမိတ်ဆက်ပေးခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ပါပူအာနယူးဂီနီမှာ ကျွင်းဟောင်နည်းပညာ သရုပ်ပြစခန်းတစ်ခုတည်ထောင်လိုက်နိုင်ပါတယ်။ ကျွင်းဟောင်နည်းပညာဆိုတာက မြက်ပင်ကို အသုံးပြုပြီး မှိုစိုက်ပျိုးတာနဲ့ မွေးမြူရေးတိရစ္ဆာန်တွေအတွက် အစာထုတ်လုပ်တာတွေလုပ်ဆောင်နိုင်တဲ့ နည်းပညာတစ်ခုဖြစ်ပါတယ်။ ဒီနည်းပညာဟာ နိုင်ငံပေါင်း ၁၀၀ ကျော်ကိုပျံ့နှံ့သွားပြီး အလုပ်အကိုင်အခွင့်အလမ်းသိန်းနဲ့ချီ ဖန်တီးပေးနိုင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒီနည်းပညာကြောင့် လူတစ်ဦးရဲ့ဘဝ ပြောင်းလဲသွားတဲ့ ဖြစ်ရပ်တစ်ခုလည်းရှိပါတယ်။ ဇင်ဘာဘွေနိုင်ငံမှ တောင်သူ မန်ဒီအူဇာမာဆဗွန်ဂိုဟာ ၂၀၂၅ ခုနှစ် ဇွန်လမှာ ကျွန်းပင်နည်းပညာအသုံးပြုပြီး မှိုစိုက်ပျိုးပါတယ်။ မှိုရောင်းချရာကနေ အမေရိကန်ဒေါ်လာ ၃၃၀ ရရှိပါတယ်။ အဲဒီဝင်ငွေကို အသုံးပြုပြီး သန့်ရှင်းရေးသုံးပစ္စည်းတွေ ရောင်းချတဲ့ အသေးစားလုပ်ငန်းတစ်ခုကို စတင်နိုင်ခဲ့ပါတယ်။ သူ့အတွက် မှိုစိုက်ပျိုးမှုကနေရရှိတဲ့ဝင်ငွေဟာ ငွေကြေးအနည်းငယ်ရရှိလာတာထက် ပိုပြီးအဓိပ္ပာယ်ရှိပါတယ်။ ကိုယ်ပိုင်လုပ်ငန်းတစ်ခု စတင်နိုင်တဲ့ အခွင့်အလမ်းတစ်ခုအထိဖြစ်လာတာပါ။ ဒါကြောင့် အဲဒီနည်းပညာဟာ သူ့ဘဝကို ပြောင်းလဲပေးနိုင်တဲ့ အလှည့်အပြောင်းကြီးတစ်ခုဖြစ်လာနိုင်တယ်လို့ ပြောပါတယ်။

ဒီဖြစ်ရပ်က ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာအရေးကြီးတဲ့ အချက်တစ်ခုကိုပြသနေပါတယ်။ လူတစ်ဦးကို အကူအညီပေးတာဟာ ကောင်းမွန်တဲ့အရာပါ။ ဒါပေမဲ့ အဲဒီလူကို ကိုယ်တိုင်ကိုယ်ကျဝင်ငွေရှာနိုင်မယ့် နည်းပညာနဲ့ အခွင့်အလမ်းတွေ ပေးနိုင်မယ်ဆိုရင် အကျိုးကျေးဇူးက ပိုပြီးရေရှည်ခံနိုင်ပါတယ်။

လမ်း၊ ရေ၊ လျှပ်စစ်မီးနဲ့ စီးပွားရေးအခွင့်အလမ်း

စိုက်ပျိုးရေးနည်းပညာတစ်ခုတည်းနဲ့ ဆင်းရဲနွမ်းပါးမှုကို အပြည့်အဝဖြေရှင်းလို့ မရပါဘူး။ လူတွေ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနဲ့ လျှပ်စစ်မီးလိုအခြေခံဝန်ဆောင်မှုတွေရှိဖို့လည်း လိုအပ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံ တာနော်ကျေးရွာမှာ တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ဆောင်ရွက်တဲ့ စီမံကိန်းတစ်ခုကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာပါတယ်။ **Ref: Xinhua**

ဆက်လက်ဖော်ပြပါမည်

ရွှေ့ပြောင်းဒုက္ခသည်များပါရေယာဉ်တစ်စင်းက ဂရိကမ်းခြေစောင့်သဘော်နှင့်ဝင်တိုက်



အေသင်၊ မတော်တဆမှု

ရွှေ့ပြောင်းဒုက္ခသည်များ တင်ဆောင်လာသည့် အမြန်ရေယာဉ်တစ်စင်းသည် အေဂျီယန်ပင်လယ်အတွင်းရှိ လက်စဘော့ကျွန်းကမ်းလွန်တွင် ဂရိကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်ရေယာဉ်နှင့် တိုက်မိမှုဖြစ်ပွားရာ မွေးကင်းစကလေးငယ်တစ်ဦး အပါအဝင် လူခြောက်ဦး သေဆုံးကြောင်း ဂရိတာဝန်ရှိသူများကပြောသည်။

အမြန်ရေယာဉ်သည် ကမ်းခြေစောင့်တပ်ဖွဲ့၏ စစ်ဆေးမှုကိုရှောင်ရှားနိုင်စေရန်ထွက်ပြေးစဉ် ယခုကဲ့သို့မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ထားသည်။

အမြန်ရေယာဉ်က ကင်းလှည့်ရေယာဉ်နှင့် ဝင်တိုက်ပြီးနောက် တိမ်းမှောက်နစ်မြုပ်သွားကြောင်း၊ ယင်းရေယာဉ်မှ သေဆုံးသူအမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးနှင့် မွေးကင်းစကလေးငယ်တစ်ဦး၏ ရုပ်အလောင်းများကို ဆယ်ယူရရှိထားကြောင်း တာဝန်ရှိသူများကပြောသည်။

ယင်းဖြစ်စဉ်သည် အောက်တိုဘာလ ၁၈ ရက်နံနက်ပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ နစ်မြုပ်သွားသည့်အမြန်ရေယာဉ်မှ အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး၊ ကလေးငယ်နှစ်ဦးကို ကမ်းခြေစောင့်တပ်ဖွဲ့ကကယ်ဆယ်နိုင်ပြီး ဆေးကုသမှုပေးနိုင်ရန် ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်း သိရသည်။

Ref: Xinhua

အင်ဒိုနီးရှားတွင် တောမီးလောင်မှုကြောင့် မြေဟက်တာ ၁၉ သိန်းကျော် ပျက်စီး



ဂျကာတာ၊ တောမီး

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများကြောင့် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ မြေဧရိယာ ဟက်တာ ၁၉ သိန်းကျော် မီးလောင်ပျက်စီးခဲ့ကြောင်း ဂြိုဟ်တုခြေတပ်ပုံများကို အသုံးပြုစောင့်ကြည့်နေသည့် Nusantara Atlas အဖွဲ့က အောက်တိုဘာလ ၁၉ ရက်တွင် ထုတ်ပြန်သည်။

မီးလောင်ကာပျက်စီးသွားသည့် မြေဧရိယာစုစုပေါင်းမှာ ဟက်တာ ၁၉၁၀၀၀ ကျော်ရှိပြီး ထိုပမာဏသည် လန်ဒန်မြို့၏ဧရိယာထက် ၁၂ ဆနီးပါးကြီးမားသည်။ မီးလောင်မှုအများစုမှာ ဇွန်လမှစတင်ကာ မိုးခေါင်မှု ပြင်းထန်သည့်ကာလတွင် ဖြစ်ပွားပြီး အားကောင်းသော အပူဒဏ်ကြောင့် မြေပြင်အခြေအနေကို တိတိကျကျ မခြင်နိုင်သည့်အချိန်များရှိသကဲ့သို့ ဟက်တာ ၆ ဒသမ ၂၅ အောက်ရှိ မီးလောင်ဧရိယာငယ်များကိုလည်း ထည့်သွင်းတွက်ချက်ထားခြင်းမရှိကြောင်း အဖွဲ့ကိုတည်ထောင်သူ ဒေးဗစ်ဂါဗူးကပြောသည်။ ထို့ကြောင့် အမှန်တကယ်မီးလောင်ပျက်စီးသည့် မြေဧရိယာမှာ ယခုထုတ်ပြန်ထားသည့် ပမာဏထက် ပိုမိုများပြားနိုင်ကြောင်း ၎င်းကသုံးသပ်ထားသည်။

ယခုနှစ် စက်တင်ဘာလကုန်အထိ မီးလောင်ပျက်စီးသည့် ဧရိယာသည် ၂၀၁၉ ခုနှစ်အလားတူကာလထက် ၃၈ ရာခိုင်နှုန်း ပိုမိုများပြားနေသည်။ ၂၀၁၅ ခုနှစ်ကလည်း အင်ဒိုနီးရှားနိုင်ငံတွင်ပြင်းထန်သောတောမီးလောင်မှုများ ဖြစ်ပွားခဲ့သော်လည်း ထိုအချိန်ကအသုံးပြုသည့် ဂြိုဟ်တုစနစ်နှင့် ယခုစနစ်တို့မတူညီသဖြင့် တိုက်ရိုက်နှိုင်းယှဉ်ကြည့်ရန် ခက်ခဲကြောင်းသိရသည်။

တောမီးများမှ ထွက်လာသည့် မီးခိုးမြူများသည် မလေးရှား၊ စင်ကာပူနှင့်အရှေ့တီမောနိုင်ငံတို့အထိ ပျံ့နှံ့သွားပြီး ဒေသအချို့တွင်စာသင်ကျောင်းများကိုပိတ်ရသည့် အခြေအနေအထိ ဖြစ်ပေါ်နေကြောင်း သိရသည်။ **Ref: ST**

ဇီလန်စကီသည် ယူကရိန်းပဋိပက္ခကို အဆုံးသတ်လိုခြင်းမရှိဟု ထရမ့်ပြော



ဝါရှင်တန်၊ နိုင်ငံရေး

ယူကရိန်းနိုင်ငံသမ္မတ ဗိုလိုဒိုမာ ဇီလန်စကီသည် ရုရှားနှင့်ဖြစ်ပွားသော ယူကရိန်းပဋိပက္ခကို အဆုံးသတ်လိုခြင်းမရှိကြောင်း၊ ယင်းသို့ဆန္ဒမရှိသည်မှာလည်း ဖြစ်နိုင်ခြေများကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

အနောက်နိုင်ငံများက ယူကရိန်းနိုင်ငံသို့ ဒေါ်လာဘီလီယံများစွာ ထောက်ပံ့ပေးထားခြင်းသည် စစ်ပွဲအဆုံးသတ်ရန် ဇီလန်စကီ၏ ဆန္ဒမရှိမှုနှင့် ဆက်စပ်နေနိုင်ကြောင်း ၎င်းက ဆိုသည်။ ထို့ပြင် ရုရှားရေနံချက်စက်ရုံများအပေါ် ယူကရိန်း၏ တိုက်ခိုက်မှုများကြောင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်းလည်း ထရမ့်ကဆက်ပြောသည်။

ဇီလန်စကီသည် ဥရောပနိုင်ငံများနှင့် သမ္မတဟောင်း ဂျိုးဘိုင်ဒင်အစိုးရထံမှ ထောက်ပံ့ငွေအမြောက်အမြားရရှိထားသော်လည်း စစ်ပွဲကို အဆုံးသတ်လိုခြင်းမရှိကြောင်း၊ လွန်ခဲ့သည့်နှစ်နှစ်က ပိုမိုကောင်းမွန်သည့် သဘောတူညီချက်တစ်ရပ် ရယူနိုင်ခဲ့သော်လည်း ယခုအချိန်တွင် ထိုသို့ရရှိရန် ခက်ခဲလာနေပြီဖြစ်ကြောင်း ထရမ့်က လူမှုကွန်ရက်တွင် ရေးသားထားသည်။ **Ref: RT**

မြောက်ကိုရီးယားက အသံချဲ့စက်ဖြင့်ဝါဒဖြန့်မှုပြန်စရန် စဉ်းစားနေ

ပြိုယမ်း၊ နိုင်ငံရေး

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်၏ ညီမ ကင်ယိုဂျုံသည် တောင်ကိုရီးယားနယ်စပ်အနီးတွင် အသံချဲ့စက်ဖြင့် ဝါဒဖြန့်ထုတ်လွှင့်မှုများ ပြန်လည်လုပ်ဆောင်ရန်နှင့် နည်းဗျူဟာမြောက် တိုက်ခိုက်ရေးလက်နက်များ ထပ်မံဖြန့်ကြက်ရန် စဉ်းစားနေကြောင်း အောက်တိုဘာလ ၁၉ ရက်တွင် ပြောသည်။

တောင်ကိုရီးယားစစ်ဘက်၏ လုပ်ဆောင်ချက်များကြောင့် နယ်စပ်အခြေအနေမှာ မတည်မငြိမ်ဖြစ်လာနေကြောင်း ကင်ယိုဂျုံကပြောသည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနကဖော်ပြထားသည်။

တောင်ကိုရီးယားစစ်ဘက်က နယ်စပ်အနီးတွင်မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များကို သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့သလို အသံချဲ့စက်မှတစ်ဆင့်လည်း သတိပေးထုတ်လွှင့်မှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းကပြောသည်။

မြောက်ကိုရီးယားနှင့်တောင်ကိုရီးယားနိုင်ငံတို့ကြား တင်းမာမှုများမြင့်တက်နေပြီး မကြာသေးမီက နယ်စပ်အနီးတွင် မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များကို သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့သလို အသံချဲ့စက်မှတစ်ဆင့်လည်း သတိပေးထုတ်လွှင့်မှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းကပြောသည်။

မြောက်ကိုရီးယားနှင့်တောင်ကိုရီးယားနိုင်ငံတို့ကြား တင်းမာမှုများမြင့်တက်နေပြီး မကြာသေးမီက နယ်စပ်အနီး မိုင်းပေါက်ကွဲမှုများလည်းဖြစ်ပွားထားသည်။ ယခုကဲ့သို့သောအခြေအနေတွင် မြောက်ကိုရီးယားက အသံချဲ့စက်ထုတ်လွှင့်မှုများကိုပြန်စမည်ဆိုပါက နှစ်နိုင်ငံကြား စိတ်ဓာတ်စစ်ဆင်ရေးများ ပြန်လည်ပြင်းထန်လာနိုင်ပြီး နယ်စပ်တင်းမာမှု ပိုမိုမြင့်တက်လာနိုင်ကြောင်းသိရသည်။ **Ref: ST**

ထိုင်းနှင့်ကမ္ဘောဒီးယားက ရေပိုင်နက်အငြင်းပွားမှု ဖြေရှင်းရေး ယုံကြည်မှုတည်ဆောက်ရန် သဘောတူညီချက်ရရှိ

ဖနွမ်းပင်၊ နိုင်ငံရေး

ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ကြား ရေပိုင်နက်အငြင်းပွားမှုကို ဖြေရှင်းရန် ကုလသမဂ္ဂ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ပြုလုပ်သည့် ဆွေးနွေးပွဲ၌ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းကို သဘောတူကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၁၈ ရက်နေ့ည်းပိုင်းတွင် ထုတ်ပြန်သည်။

နှစ်နိုင်ငံကြား အပြန်အလှန်ယုံကြည်မှုတိုးမြှင့်ရန်နှင့် နိုင်ငံတကာဥပဒေနှင့်အညီ တရားမျှတပြီး ချစ်ကြည်ရင်းနှီးသော ဖြေရှင်းချက်တစ်ရပ်ရရှိနိုင်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးအစီအမံများကို သဘောတူခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သဘောတူညီချက်အရ နှစ်ဖက်စလုံးသည် မိမိတို့၏တရားဝင်အခွင့်အရေးကိုကာကွယ်ရန် သို့မဟုတ် မှားယွင်းသော အချက်အလက်များနှင့် သတင်းမှားများကို ပြင်ဆင်တုံ့ပြန်ရန် လူသိရှင်ကြားထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ **Ref: Xinhua**



ပြင်သစ်တွင် ဆန္ဒပြမှုများအတွင်း လုံခြုံရေးပျက်ကွက်မှုကို မက်ခရွန် ဝန်ခံ

ပဲရစ်၊ ပြည်တွင်းရေး

ပြင်သစ်၌ လူနေမှုစရိတ်မြင့်တက်မှုအပေါ် ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုများ နိုင်ငံတစ်ဝန်းပျံ့နှံ့ဖြစ်ပွားပြီးနောက် လုံခြုံရေးဆိုင်ရာကြိုတင်ပြင်ဆင်မှုနှင့် ထောက်လှမ်းရေးအားနည်းချက်များရှိခဲ့ကြောင်း သမ္မတ အမ်မန်နျူယယ်မက်ခရွန်က အောက်တိုဘာလ ၁၉ ရက်တွင် ဝန်ခံထားသည်။

အလားတူ ပြည်ထဲရေးဝန်ကြီး လောရန့်နူနန့်ကလည်း ဆန္ဒပြမှုများအတွင်း မြို့အချို့၌ရဲတပ်ဖွဲ့၏ထိန်းချုပ်မှုလျော့နည်းသွားကြောင်းဝန်ခံပြီး ဖြစ်ပွားခဲ့သည့် အခြေအနေအတွက် မိမိတွင်တာဝန်ရှိသည်ဟု ယူဆသဖြင့် နုတ်ထွက်စာတင်ကြောင်းပြောသည်။ သို့သော် မက်ခရွန်က လက်ရှိအချိန်တွင် ရဲတပ်ဖွဲ့နှင့် လုံခြုံရေးအဖွဲ့အစည်းများ၏ အမိန့်ပေးကွပ်ကဲမှုစနစ်ဆက်လက်တည်ငြိမ်နေရန်လိုအပ်သဖြင့် ပြည်ထဲရေးဝန်ကြီး၏နုတ်ထွက်ခွင့်ကိုငြင်းဆိုထားသည်။

အောက်တိုဘာလ ၁၇ ရက်နှင့် ၁၈ ရက်တွင်ဖြစ်ပွားသော ဆူပူအကြမ်းဖက်မှုများအတွင်းလူ ၂၄၀၀ နီးပါးအဖမ်းခံရပြီး ရဲတပ်ဖွဲ့ဝင်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၀ နီးပါး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ထို့အတူ ဈေးဆိုင်များ လုယက်ခံရခြင်းနှင့်မီးရှို့မှုများလည်း ဖြစ်ပွားကြောင်းသိရသည်။ **Ref: AGC**

ဂျပန်-အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင် တာဝေးပစ်ဒုံးကျည်များကိုဖြန့်ကြက်




တိုကျို၊ စစ်ရေး

ဂျပန်နှင့် အမေရိကန်တို့သည် အောက်တိုဘာလ ၁၉ ရက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ပြီး ယင်းလေ့ကျင့်မှုအတွင်း တာဝေးပစ်ဒုံးကျည်အမျိုးအစားတစ်ခုကို အခြေစိုက်စခန်းပြင်ပ၌ ပထမဆုံး အကြိမ် ဖြန့်ကြက်မည်ဖြစ်ကြောင်း သိရသည်။

Keen Sword ဟု အမည်ပေးထားသည့် ထိုစစ်ရေးလေ့ကျင့်မှုကို ဂျပန်နိုင်ငံရှိ နေရာအများအပြား၌ အောက်တိုဘာလ ၂၉ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ ပူးတွဲလေ့ကျင့်မှုတွင် ဂျပန်တပ်ဖွဲ့ဝင် ၄၅၀၀၀ ခန့်နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀ ခန့် ပါဝင်ပြီး နှစ်နိုင်ငံကြား အကြီးမားဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှုများအနက် တစ်ခုဖြစ်မည်ဖြစ်သည်။

ဂျပန်၏ ပူးတွဲစစ်ဦးစီးဌာနက တာဝေးပစ် Type 25 မြေပြင်မှ သဘော်ပစ် ပဲ့ထိန်းဒုံးကျည်များကို ကျူးဒေသရှိ လေ့ကျင့်ရေးကွင်း တစ်ခုသို့ ဖြန့်ကြက်မည်ဖြစ်ကြောင်း ယခင်က ထုတ်ပြန်ထားသည်။ ထိုဒုံးကျည်များသည် ၂၀၂၆ ခုနှစ် အစောပိုင်းတွင် ကူမာမိုတိုစီရင်စုသို့ ရောက်ရှိလာပြီးနောက် အခြေစိုက်စခန်းပြင်ပ၌ ပထမဆုံးအကြိမ် ဖြန့်ကြက်ခြင်းဖြစ်သည်။

အကွာအဝေး ကီလိုမီတာ ၁၀၀၀ အထိ ပစ်ခတ်ရောက်ရှိနိုင်သည့် ထိုဒုံးကျည်များသည် ထိုင်ဝမ်ကျွန်းအနီး ရေပြင်များအထိ ရောက်ရှိနိုင်ကြောင်း သိရသည်။ **Ref: ST**



ဝူဟန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ပိုလန်တင်းနစ်မယ် ချာဝါလင်စကာ ချန်ပီယံဆုဆွတ်ခူး

ပေကျင်း အောက်တိုဘာ ၁၉

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဝူဟန်အိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပိုလန်တင်းနစ်မယ် ချာဝါလင်စကာက အင်္ဂလန်တင်းနစ်မယ် ကာတယ်အား အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ချာဝါလင်စကာနှင့် ကာတယ်တို့ ကစားကြရာ ပထမပွဲငယ်တွင် (၂-၆)ရလဒ်ဖြင့် ရှုံးနိမ့်သော်လည်း ဒုတိယပွဲငယ်တွင် (၆-၄)ရလဒ်၊ တတိယပွဲငယ်တွင် (၆-၂)ရလဒ်ဖြင့် အနိုင်ရရှိပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ချာဝါလင်စကာက “ကာတယ်က ပြိုင်ဘက်ကောင်းကစားသမားတစ်ဦးဖြစ်ပါတယ်။ ပထမပွဲမှာ ရှုံးနိမ့်တယ်ဆိုပေမယ့် နောက်ပွဲစဉ်တွေမှာ သေချာအာရုံစိုက်ပြင်ဆင်ပြီး ကစားနိုင်လို့ အခုလို ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တာပါ။ အခုလို ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့လို့ နောက်ထပ်ပြိုင်ပွဲတွေအတွက် အားအင်ဖြစ်စေပါတယ်။ အဓိကဆုဖလားကို ဆွတ်ခူးနိုင်တဲ့အတွက် ကျေနပ်ပါတယ်"ဟုပြောသည်။

ချာဝါလင်စကာသည် ဝူဟန်အိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့်အတွက် ဆုကြေးငွေအမေရိကန်ဒေါ်လာ ၆၆၅၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

Ref;AGTP Tennis

WBA အဖွဲ့ချုပ်က အမေရိကန်လက်ဝှေ့သမား ဖီဂူယာအိုး၏ ကမ္ဘာဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို ပြန်လည်ရုပ်သိမ်း

ဝါရှင်တန် အောက်တိုဘာ ၁၉

WBA အဖွဲ့ချုပ်က အမေရိကန်လက်ဝှေ့သမား ဖီဂူယာအိုး၏ WBA ကမ္ဘာ့ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း အတည်ပြုကြေညာသည်။

ဖီဂူယာအိုသည် ၎င်း၏ WBA ကမ္ဘာ့ချန်ပီယံ ခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမား ကာမီဒါနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ဖီဂူယာအိုအနေဖြင့် သတ်မှတ်ဝိတ်တန်းမရှိသည့်အတွက် ပွဲစဉ်ကို ဖျက်သိမ်းရပြီးနောက် WBA အဖွဲ့ချုပ်က ကမ္ဘာ့ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

WBA ကမ္ဘာ့ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် သတ်မှတ်ကိုယ်အလေးချိန်မှာ ၁၂၆ ပေါင်ဖြစ်သော်လည်း ဖီဂူယာအိုသည် ၁၂၇ ဒသမ ၄ ပေါင် ဖြစ်နေပြီး ၁ ဒသမ ၄ ပေါင် ပိုနေသည့်အတွက် ပွဲစဉ်ကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

ကာမီဒါသည် WBA ကမ္ဘာ့ဖယ်သာဝိတ်တန်း ချန်ပီယံခါးပတ်စိန်ခေါ်ပွဲစဉ် ဖျက်သိမ်းခဲ့ရသောကြောင့် အခွင့်အရေး ဆုံးရှုံးရသော်လည်း WBA အဖွဲ့ချုပ်က ကာမီဒါအား လစ်လပ်နေသည့် WBA ကမ္ဘာ့ဖယ်သာဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲစဉ်တွင် ဦးစားပေးအဖြစ် ယှဉ်ပြိုင်စေမည်ဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကာမီဒါက WBA ကမ္ဘာ့ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်လုပွဲစဉ်ကိုဖျက်သိမ်းရသည့်အတွက် စိတ်မကောင်းဖြစ်ခဲ့ရသော်လည်း နောက်ထပ် WBA ကမ္ဘာ့ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်လုပွဲစဉ်အတွက် ဦးစားပေးအဖြစ် ယှဉ်ပြိုင်ခွင့်ရရှိရန် WBA အဖွဲ့ချုပ်နှင့် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

Ref;Boxing Scene

ရေဗားပလိတ်အသင်းက အယ်ဗာရက်အား အဌားစာချုပ်ဖြင့် ခေါ်ယူရန်စီစဉ်

မက်ဒရစ် အောက်တိုဘာ ၁၉

အာဂျင်တီးနားထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ရေဗားပလိတ်အသင်းက အသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် အက်သလက်တီကိုအသင်း တိုက်စစ်ကစားသမား အယ်ဗာရက်အား ကာလတိုအငှားစာချုပ်ဖြစ်သည့် ခြောက်လစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေသည်။

အယ်ဗာရက်သည် ရေဗားပလိတ်အသင်း အကယ်ဒမီထွက်ကစားသမား တစ်ဦးဖြစ်ပြီး အသင်းတွင် ၂၀၁၈ ခုနှစ်မှ စတင်ပါဝင်ကစားခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ၂၀၂၂ ခုနှစ်က မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အယ်ဗာရက်သည် မန်စီးတီးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ဟာလန်းနောက်မှသာ ပွဲကစားခွင့်ရရှိနေသည့်အတွက် ၂၀၂၄ ခုနှစ်က မန်စီးတီးအသင်းမှ အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အယ်ဗာရက်သည် အက်သလက်တီကိုအသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အသင်းမှ ထွက်ခွာပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် တောင်းဆိုမှုများ လုပ်ဆောင်ခဲ့ပြီးနောက် နည်းပြဆီမြွန်နီနှင့် ဆက်ဆံရေးတင်းမာမှုများ ရှိနေခြင်းဖြစ်သည်။

အယ်ဗာရက်က လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အက်သလက်တီကိုအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသောကြောင့် ရေဗားပလိတ်အသင်းက ကာလတိုစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref;Topskillsport UK

ဘောလုံးရာသီအစ ခုနစ်ပွဲကစားပြီး တစ်ပွဲသာနိုင်ပွဲရရှိသည့်မှတ်တမ်းဟောင်း မန်ယူအသင်း ပြန်လည်ရရှိ



မန်ချက်စတာ အောက်တိုဘာ ၁၉

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ်ကစားခဲ့သည့် လီဒ်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ပြီးနောက် ၁၉၈၆-၁၉၈၇ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရာသီအစ ခုနစ်ပွဲကစားပြီး တစ်ပွဲသာအနိုင်ရရှိသည့်မှတ်တမ်းဟောင်းကို ပြန်လည်ရရှိခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြကာရစ်လက်အောက်တွင် ရလဒ်ကောင်းများရရှိပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်များမတည်မငြိမ်ဖြစ်နေကာ ရာသီအစ ခုနစ်ပွဲကစားပြီးချိန်တွင် တစ်ပွဲသာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ၁၉၈၆-၁၉၈၇ ဘောလုံးရာသီက ရာသီအစ ခုနစ်ပွဲကစားပြီးချိန်တွင် တစ်ပွဲသာ အနိုင်ရရှိပြီး အဆိုပါကာလ နောက်ပိုင်း ယခုဘောလုံးရာသီမှသာ ခုနစ်ပွဲတွင်တစ်ပွဲသာပြန်လည် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခု ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲ ခုနစ်ပွဲကစားပြီးချိန်တွင် အစ်ဂုစ်အသင်းကို ၅ ဂိုး - ၂ ဂိုးဖြင့် အနိုင်ရရှိပြီး ကျန်ခြောက်ပွဲစလုံးတွင် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ခြောက်ပွဲတွင် ဟူးလ်စီးတီးအသင်းကို ၂ ဂိုး - ဂိုးမရှိ၊ မန်စီးတီးအသင်းကို ၁ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး လီဒ်အသင်း၊ စပါးအသင်း၊ ဖူလ်ဟမ်အသင်းတို့နှင့်ပွဲစဉ်တို့တွင် တစ်ဂိုးစီသရေရလဒ်၊ အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အောက်တိုဘာလ ၂၁ ရက်တွင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကိုမိုအသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်တွင် ရှုံးနိမ့်မည်ဆိုပါက နည်းပြကာရစ် အနေဖြင့် နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိနေသည်။

မန်ယူအသင်းတာဝန်ရှိသူများက လက်ရှိတွင် နည်းပြသစ်အဖြစ် နာပိုလီအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြကွန်တီအား ခန့်အပ်ဖွယ်ရှိကြောင်း သိရသည်။

Ref;TNT Football

မန်စီးတီးအသင်းက နိုင်ငံရေးသမားများအား ငွေကြေးအပါအဝင် လက်ဆောင်များ ပေးခဲ့ကြောင်း သတင်းထွက်ပေါ်

မန်ချက်စတာ အောက်တိုဘာ ၁၉

မန်စီးတီးအသင်းအနေဖြင့် အသင်းဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်သည့်ပြဿနာများနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် နိုင်ငံရေးသမားများအား ငွေကြေးအပါအဝင် လက်ဆောင်များပေးခဲ့ကြောင်း သတင်းများ ထွက်ပေါ်သည်။

Metro သတင်းဌာန၏ဖော်ပြချက်အရ မန်စီးတီးအသင်းပိုင်ရှင်များသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံရှိ ပါတီတချို့မှ နိုင်ငံရေးသမားများအား စတာလင်ပေါင် ၂၅၀၀၀၀ တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည့်အပြင် နိုင်ငံရေးသမားများ ခရီးသွားလာရာတွင်လည်း လေယာဉ်လက်မှတ်များ အခမဲ့လက်ဆောင်ပေးခြင်း၊ နိုင်ငံရေးသမားများအတွက် သီးသန့်ဧည့်ခံပွဲများ လုပ်ဆောင်ပေးခြင်း၊ ဘောလုံးပွဲကြည့်ရှုခွင့်လက်မှတ်များကို အခမဲ့ပေးခြင်း စသည့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်ဟု ဖော်ပြခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းအနေဖြင့် အသင်းဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုနှင့်ပတ်သက်ပြီး ပရီးမီးယားလိဂ်အဖွဲ့ချုပ်နှင့် အမှုရင်ဆိုင်နေရချိန်တွင် ယခုကဲ့သို့ အင်္ဂလန်နိုင်ငံရေးသမားများနှင့်လည်း လာဘ်ပေးလာဘ်ယူမှုများလုပ်ဆောင်ခဲ့သည်ဟု သတင်းများထွက်ပေါ်လာပြီးနောက် နိုင်ငံရေးနှင့်ပတ်သက်လာသည့်အတွက် ပိုမိုပြင်းထန်သည့် အရေးယူမှုများနှင့်ပါ ဆက်လက်ရင်ဆိုင်ရဖွယ်ရှိနေသည်။

အဆိုပါသတင်းများနှင့်ပတ်သက်ပြီး မန်စီးတီးအသင်းတာဝန်ရှိသူများက ငြင်းဆိုထားကြောင်း သိရသည်။

Ref;Topskillsport UK

မှတ်စုတို

အေအိုင်နည်းပညာနှင့်လျှပ်စစ်စွမ်းအင်လိုအပ်မှုပြဿနာ

မောင်မောင်စွယ်စုံထွန်း

ဉာဏ်ရည်တု သို့တည်းမဟုတ် တုပဉာဏ်ရည် (artificial intelligence, AI) သည် ကွန်ပျူတာ သိပ္ပံပညာရပ်၏ ဘာသာရပ်ခွဲ တစ်ခုဖြစ်ပြီး စက်ကိရိယာများတွင် လူတို့၏ ဉာဏ်ရည်ဉာဏ်သွေးကို တုပထည့်သွင်းရန် ရည်ရွယ်သည့် ပညာရပ်ဖြစ်သည်။ AI ဖတ်စာအုပ်များတွင် ၎င်းအား “အသိဉာဏ်ရှိသော ကိုယ်စားလှယ်များ (intelligent agents) ဒီဇိုင်းထုတ်ခြင်းကို လေ့လာခြင်း” ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ အသိဉာဏ်ရှိသော ကိုယ်စားလှယ်ဆိုသည်မှာ ပတ်ဝန်းကျင်ကို နားလည်သိမြင်ပြီး အောင်မြင်မှုနှုန်းကို မြှင့်တင်ရန်အတွက် လုပ်ဆောင်နိုင်သည့် စနစ်များဖြစ်သည်။ ဤအသုံးအနှုန်းကို စတင်သုံးနှုန်းခဲ့သူ ဂျွန်မက်ကာသီ (John McCarthy) က ဉာဏ်ရည်တုအား “ဉာဏ်ပညာရှိသော စက်များ ဖန်တီးနိုင်မည့် သိပ္ပံနှင့် အင်ဂျင်နီယာပညာ” ဟု ဖွင့်ဆိုခဲ့သည်။

အမျိုးအစားများ

ဉာဏ်ရည်တုကို ကွဲပြားခြားနားသော အမျိုးအစား သုံးမျိုး ခွဲခြားနိုင်သည်။ ၎င်းတို့မှာ-

- **ခွဲခြမ်းစိတ်ဖြာ AI (Analytical AI)** ၎င်းတွင် သိမြင်မှုဆိုင်ရာ ဉာဏ်ရည် (cognitive intelligence) ၏ ဝိသေသလက္ခဏာများ ပါဝင်သည်။ ကမ္ဘာကြီး၏ သိမြင်မှုဆိုင်ရာ ကိုယ်စားပြုမှုကို ဖန်တီးနိုင်ပြီး အနာဂတ်ဆုံးဖြတ်ချက်များအတွက် အတိတ်အတွေ့အကြုံများအပေါ် အခြေခံ၍ သင်ယူနိုင်သည်။
- **လူ-လှုံ့ဆော်မှု AI (Human–Inspired AI)** ၎င်းတွင် သိမြင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည် (emotional intelligence) ရှိသည်။ လူ့စိတ်ခံစားမှုများကို နားလည်နိုင်စွမ်းရှိပြီး ဆုံးဖြတ်ချက်ချရာတွင် ၎င်းတို့ကို ထည့်သွင်းစဉ်းစားနိုင်သည်။
- **လူ့ AI (Human AI)** ၎င်းတွင် အရည်အသွေးအမျိုးမျိုး (ဆိုလိုသည်မှာ သိမြင်မှု၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး ဉာဏ်ရည်များ) ၏ ဝိသေသလက္ခဏာများ ပါဝင်သည်။ မိမိကိုယ်ကို သတိပြုမိနိုင်ပြီး အခြားသူများနှင့် အပြန်အလှန်ဆက်ဆံရာတွင် မိမိကိုယ်ကို သိရှိနေနိုင်သည်။

သက်ရောက်မှုများနှင့် အသုံးချမှုများ

သိပ္ပံနှင့်နည်းပညာ မြင့်မားလာသည့် လူမှုအသိုက်အဝန်းတွင် AI နည်းပညာသည် သစ်ဆန်းသည့် ဝန်ဆောင်မှုများစွာကို ပေးစွမ်းသည်။ နည်းပညာမျိုးဆက်သစ်များသည် ခေတ်မီကမ္ဘာ၏ ရှုပ်ထွေးမှုများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ အထူးသဖြင့် မြန်မာ့လူငယ်မျိုးဆက်သစ်များသည် AI (ဉာဏ်ရည်တု လူသားမိတ္တူ) နည်းပညာကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ရမည်ဖြစ်သည်။ လက်ဆင့်ကမ်းလာသည့် ပညာရေးစနစ်သည် လူမှုအသိုက်အဝန်း၏ အမှန်တကယ်ပုံရိပ်ကို သိမြင်နားလည်နိုင်စွမ်းကို ရောထွေးစေနိုင်သဖြင့် မျိုးဆက်သစ်များ IT ခေတ်၏ စိန်ခေါ်မှုများကို မြင်နိုင်စွမ်းရှိစေမည့် ပညာရေးစနစ်ကို မရှိမဖြစ် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။

AI သည် လူသားတို့၏ အလုပ်အကိုင်များစွာကို အစားထိုးလာသည်။ နည်းပညာ၊ ကျန်းမာရေး၊ ဘဏ္ဍာရေးကဲ့သို့သော လုပ်ငန်းအမျိုးမျိုးတွင် AI ၏ အရေးပါမှုမြင့်မားလာသည်။ AI သည် ခေတ်မီနယ်ပယ်များအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစွာကို ဖန်တီးပေးထားပြီး စိတ်လှုပ်ရှားဖွယ်အခွင့်အလမ်းများကို ပေးစွမ်းသည်။ AI နည်းပညာ၏ တိုးတက်မှုသည် အလုပ်အကိုင်စွေးကွက်အပေါ် သိသိသာသာ သက်ရောက်မှုရှိသည်။ ၎င်းသည် လက်ရှိအလုပ်အကိုင်အချို့ကို နေရာယူသော်လည်း အလုပ်အကိုင်အခွင့်အလမ်းအသစ်များကိုလည်း ဖန်တီးပေးသည်။

လုပ်ငန်းငယ်များတွင် AI နည်းပညာ အစားထိုးဝင်ရောက်လာသောအခါ ကျန်းမာရေး၊ ဘဏ္ဍာရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် အလုပ်အကိုင်အသစ်များ ဖန်တီးပေးသည်။ Software နှင့် အင်ဂျင်နီယာနယ်ပယ်တွင် AI နည်းပညာသည် ဆင့်ကဲပြောင်းလဲလျက်ရှိသည်။ AI ကျွမ်းကျင်ပညာရှင်များအတွက် တိုးတက်ပြောင်းလဲနေသည့် နည်းပညာနယ်ပယ်အတွင်းသို့ ကူးပြောင်းရန် အခွင့်အလမ်းများ ပွင့်လျက်ရှိသည်။ AI အင်ဂျင်နီယာများ၊ စက်ရုပ်ကျွမ်းကျင်သူများနှင့် ကျင့်ဝတ်ပညာရှင်များ ကဲ့သို့သော လုပ်ငန်းအမျိုးမျိုးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသည်။ ယခုနောက်ဆုံးAIနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိရသည်မှာ AI ဗီဒီယို ၅ စက္ကန့်စာတစ်ခုသည် မိုက်ခရိုဝေ့ဖ် တစ်နာရီကျော် သုံးသည်ထက် လျှပ်စစ်မီးပိုမိုအသုံးပြုသည်ဆိုသည့် အချက်ပင်ဖြစ်သည်။

လျှပ်စစ်သုံးစွဲမှု

MIT Technology Review ၏ လေ့လာချက်အရ ဉာဏ်ရည်တု (AI) နည်းပညာ နောက်ကွယ်မှ စွမ်းအင်သုံးစွဲမှု အခြေအနေသည် တကယ့်ကို အံ့သြစရာကောင်းလောက်အောင်ပင် ကြီးမားနေသည်။ မိုက်ခရိုဝေ့ဖ် တစ်နာရီစာ စွမ်းအင်အား ၅ စက္ကန့်စာ AI ဗီဒီယို တစ်ခု ဖန်တီးရန်အတွက် လျှပ်စစ်စွမ်းအင် ၃ ဒသမ ၄ သန်း ဂျိုး (Joule)ခန့် လိုအပ်သည်။ ထိုအချက်သည် အိမ်သုံး မိုက်ခရိုဝေ့ဖ် တစ်လုံးကို တစ်နာရီကျော် ဆက်တိုက်သုံးစွဲလိုက်သည်နှင့် စွမ်းအင်သုံးစွဲမှုချင်းအတူတူဖြစ်သည်။ ဓာတ်ပုံနှင့် ဗီဒီယို ကွာခြားချက် အားနှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အရည်အသွေးမြင့် AI ပုံတစ်ပုံ ဖန်တီးရန် ဂျိုး ၄၄၀၂ ဂျိုး ခန့်သာစွမ်းအင်သုံးစွဲသည်။

ထို့ကြောင့် AIတစ်ခါသုံးလျှင်စွမ်းအင်မည်မျှလောက်ကုန်သည်ကို လေ့လာကြည့်မည်ဆိုလျှင် မေးခွန်း ၁၅ ခုမေးခြင်း၊ AI ဓာတ်ပုံ ၁၀ ပုံထုတ်ခြင်းနှင့် အတိုစား AI ဗီဒီယို ၃ ခု ဖန်တီးခြင်းတို့ ပါဝင်သည့် တစ်ဆက်တည်း အသုံးပြုမှု တစ်ခုတည်းမှာပင် စွမ်းအင် ၂ ဒသမ ၉ ကီလိုဝပ်နာရီအထိ သုံးစွဲသည်ကိုတွေ့ရှိရသည်။ ထို့ကြောင့် ကျောက်မီးသွေးနှင့် လောင်စာများကို မီးလောင်တိုက်သွင်းနေသည့် AI ကာတွန်းများ၊ အတုအယောင် ဓာတ်ပုံများနှင့် ဗီဒီယိုများ ထုတ်ပေးနေသည့် ဒေတာစင်တာကြီးများသည် လျှပ်စစ်မီးအတွက် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့လို ရှုပ်ကြွင်းလောင်စာများကိုသာ အဓိကအားထားနေရဆဲဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံတစ်ခုတည်းမှာပင် ကျောက်မီးသွေးနှင့် ဓာတ်ငွေ့သည်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းနီးပါးရှိနေသည်။

AI အား စာသားမေးခွန်းများသာမေးခြင်းက စွမ်းအင်သုံးစွဲမှုသက်သာသည်။ စာသား (Text) သက်သက် မေးမြန်းမှုများအတွက် စွမ်းအင်စားသုံးမှု အလွန်နည်းပါးလှသည်။ Google ၏ Gemini AI မှာ ပုံမှန်စာသားမေးခွန်းတစ်ခုအတွက် ဝပ်နာရီ သုည ဒသမ ၂၄ သာ သုံးစွဲပြီး OpenAI ၏ ChatGPT မှာဆိုလျှင်လည်း ဝပ်နာရီ သုည ဒသမ ၃၄ ခန့်သာ လိုအပ်သည်။

အချုပ်အားဖြင့်ဆိုရသော် AIနည်းပညာတိုးတက်လာသည်နှင့် အမျှ ပျော်စရာကာတွန်းလေးများနှင့် အတုအယောင် ဖန်တီးမှုများ နောက်ကွယ်တွင် ကမ္ဘာကြီးကို လောင်ကျွမ်းစေမည့် စွမ်းအင်သုံးစွဲမှုများမည်မျှကြီးမားနေပြီလဲ ဆိုသည်ကို အထက်ပါအချက်များက သက်သေပြနေပြီဖြစ်ပါသည်။ ထို့ကြောင့် AI နည်းပညာကို အကျိုးရှိစွာ အသုံးပြုကြရန်လိုပြီး သာမန်အသေးအဖွဲကိစ္စများ၊ အပျော်အပါး ကိစ္စများအတွက်သာ အသုံးပြုနေခြင်းမျိုးကို လူသားများအနေဖြင့် ဆင်ခြင်သင့်ကြပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

(Ref: Wikipedia from Google,MIT Technology Review, နိုင်ငံတကာစွမ်းအင်အေဂျင်စီ၏ကြေညာချက်များ)

ပျဉ်းမနားမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရှမ်းစုကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ရှမ်းစုကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရှမ်းစုကြီးကျေးရွာ၌ အရှည် ပေ ၃၃၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၂ သန်းဖြင့် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သံသာ(ကျေးလက်)

သဲကုန်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများစတင်ထုတ်ချေးပေးလျက်ရှိ

သဲကုန်း အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ရပ်သာကျေးရွာအုပ်စုနှင့် မင်းလှကျေးရွာအုပ်စုများရှိ ကျေးရွာများမှ ဒေသခံတောင်သူများအား ၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရေးစရိတ် ချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိသည်။

သဲကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာလ ၁၉ ရက်မှစတင်ထုတ်ချေးပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေနှင့် ကြွေးများအားလုံး ပြေကျေသူများကိုထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေရာနှုန်းပြည့် ပြေကျေသော ကျေးရွာအုပ်စုများကို ဦးစားပေးထုတ်ချေးပေးသွားမည်ဖြစ်သည်။

ထိုသို့ထုတ်ချေးပေးရာတွင် ရပ်သာကျေးရွာအုပ်စုမှ ဒေသခံတောင်သူ ၅၄ ဦး၏ စိုက်ဧက ၃၂၀ နှင့် မင်းလှကျေးရွာအုပ်စုမှ ဒေသခံတောင်သူ ၁၃၄ ဦး၏ စိုက်ဧက ၇၆၈ ဧကအား မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းကို အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် စုစုပေါင်းတောင်သူ ၁၈၈ ဦး ဆောင်းသီးနှံစိုက်ဧက ၁၀၈၈ ဧကအတွက် ငွေကျပ် သိန်း ၂၇၂၀၀၀၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကိုကျော်(သဲကုန်း)

မလိုသောမီးများကိုပိတ်ထားခြင်းဖြင့် လျှပ်စစ်မီးကိုချွေတာပါ။

ဖြူးချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ



ဖြူး အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီးဖြူးမြို့နယ်၌ မြစ်ချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ဖြူးချောင်းတံတားအောက်ဖြူးချောင်းသဘာဝရေပြင်၌ ကျင်းပသည်။

အဆိုပါငါးမျိုးစိုက်ထည့်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးကျော်မင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ပဲခူးငါးလုပ်ငန်းစခန်း တာဝန်ခံဦးကျော်စွာဝင်း၊ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ငါးခုံးမကြီးနှင့် ငါးမြစ်ချင်းတို့ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

(၄၁၀)

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

သံတောင်ကြီး အောက်တိုဘာ ၁၉

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက်သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို မြစိမ်းရောင်စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၇ သိန်းအား အတိုးနှုန်းသက်သာစွာထုတ်ချေးပေးထားကြောင်း သိရသည်။

ချမ်းမြေ့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ယူစတားမိသားစုကုမ္ပဏီလီမိတက်
"You Star Family Co.,Ltd."
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၂၀)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ ယူစတားမိသားစုကုမ္ပဏီလီမိတက် "You Star Family Co.,Ltd."အား (၂၀-၁၀-၂၀၂၆)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့် B.Com, C.P.A အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်လိုက်ပါသည်။
ကုမ္ပဏီမှရရန်ရှိနှင့် ပေးရန်ရှိသည်များကို ဒီဇင်ဘာလ(၃၁)ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။
(ဒေါ်မြင့်မြင့်)
ဒေါ်မြင့်မြင့် B.Com, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပျောက်ဆုံးကြောင်း
ဘားအံမြို့၊ တံတားဦးနေ စောထက်ရှား(ဘ)ဦးမြဟန်၃/ဘအန(နိုင်)၄၂၄၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 521224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၅၃၃၂၆၀

ပျောက်ဆုံးကြောင်း
ဇီးကုန်းမြို့၊ ကံကလေးအုပ်စုနေ အိအိဖြိုး(ဘ)ဦးမြမောင် ဂ/ဇကန(နိုင်)၀၆၈၃၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 697678)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၉၅၃၃၇၉၉

ပျောက်ဆုံးကြောင်း
ကျောက်တော်မြို့၊ လိပ်မကျေးရွာနေ စိုးစိုးလင်း(ဘ)ဦးမောင်ကျော်ဇော ၁၁/ကတန(နိုင်)၁၅၇၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 739094)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၉၅၃၃၇၉၉

ပျောက်ဆုံးကြောင်း
လှိုင်းဘွဲ့မြို့၊ သဒီးခိုကျေးရွာနေ စောဝင်းကျော်ခိ(ဘ)ဦးစောမောင် ၃/လဘန(နိုင်)၁၅၂၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 509083)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၀၂၈၄၀၃

ပျောက်ဆုံးကြောင်း
ဝဲနှိုင်းမြို့နယ်၊ မယင်းကျေးရွာနေ မစန်းပပအောင်(ဘ)ဦးတင်ငွေ ၇/ပခန(နိုင်)၄၉၅၅၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 579634)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၁၅၂

ပျောက်ဆုံးကြောင်း
ခင်မျိုးနွယ်(ဘ)ဦးကျော်အောင် ၆/ကသန(နိုင်)၀၅၀၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ဆုရတနာ(ဘ)ဦးသက်စိုး ၁၂/မရုက(နိုင်)၁၇၂၇၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 033973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၆၃၇၉၆၈၃

ပျောက်ဆုံးကြောင်း
မင်းထက်လွင်(ဘ)ဦးသန်းလွင် ၅/ပလဘ(နိုင်)၀၉၀၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 421689)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ခင်ဌေးဝင်း(ဘ)ဦးအောင်ကျော်တင် ၁၀/ပမန(နိုင်)၀၃၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၂၄၆၈၅

အမည်မှန်
ရွှေဘိုမြို့၊ အ.ထ.က(၁) Grade-8 မှ အဘ ဦးဆန်းမောင် ၅/ရဘန(နိုင်)၀၅၄၂၈၄ နှင့် အမိ ဒေါ်ချိုချိုဝင်း ၅/ခဥန(နိုင်)၀၁၀၄၅၆ တို့၏သမီး မအေးမွန်ဖူး၏အမည်မှန်မှာ မအဲမွန်ဖူးဖြစ်ပါကြောင်း။ မအဲမွန်ဖူး

ပျောက်ဆုံးကြောင်း
ပဲခူးမြို့နယ်၊ မယင်းကျေးရွာနေ မစန်းပပအောင်(ဘ)ဦးတင်ငွေ ၇/ပခန(နိုင်)၄၉၅၅၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 579634)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
မြင့်မြင့်သန်း(ဘ)ဦးမန်းကျော် ၈/စတရ(နိုင်)၀၄၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၇၈၉၅၈၈

ပျောက်ဆုံးကြောင်း
ဇာနည်ဘုန်းဝိုင်(ဘ)ဦးမြင့်ကို ၈/တတက(နိုင်)၂၄၇၅၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၃၂၂၇၉၆၉

ပျောက်ဆုံးကြောင်း
ဇော်မင်းအောင်(ဘ)ဦးကျော်ဇော ၁၃/လရန(နိုင်)၁၃၄၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 499271)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
တင်ထွေး(ဘ)ဦးစံသိန်း ၁၀/မဒန(နိုင်)၁၆၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၂၂၀၈၅

အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ကျောက်မြင့်ရွာနေ အဘ ဦးဆန်းမောင် ၅/ရဘန(နိုင်)၀၅၄၂၈၄ နှင့် အမိ ဒေါ်ချိုချိုဝင်း ၅/ခဥန(နိုင်)၀၁၀၄၅၆ တို့၏သား မောင်ဝေနှံဖြိုး၏အမည်မှန်မှာ မောင်ဝေယံဖြိုးဖြစ်ပါကြောင်း။ မောင်ဝေယံဖြိုး

ပျောက်ဆုံးကြောင်း
ဒင်မင်းသက်(ဘ)ဦးဝင်းမောင် ၈/သရန(နိုင်)၀၉၅၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၄၄၁၆၈၄

ပျောက်ဆုံးကြောင်း
လှသန္တာထွန်း(ဘ)ဦးထွန်းမောင် ၁၁/စတန(နိုင်)၁၃၅၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 940267)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၀၅၄၁၆၄

ပျောက်ဆုံးကြောင်း
နှင်းနှင်းဝေ(ဘ)ဦးခင်သိန်း ၇/ကဝန(နိုင်)၁၂၉၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 249308)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
စိုးမင်းထွန်း(ဘ)ဦးပုကြီး ၉/ပဘန(နိုင်)၂၅၉၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၁၃၇၂၇

ပျောက်ဆုံးကြောင်း
နီလာအောင်(ဘ)ဦးခင်မောင် ၈/နမန(နိုင်)၁၃၁၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၄၇၃၃၂၂၉

ပျောက်ဆုံးကြောင်း
ဒင်နိုင်ဝင်း(ဘ)ဦးစောလွင် ၇/ဒဥန(နိုင်)၁၃၃၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၁၅၉၅၂

ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့နေ လင်းလင်း(ဘ)ဦးဝင်းကြည် ၇/သနပ(နိုင်)၁၄၂၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 104562)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့နေ သန်းဇော်ဦး ၇/သနပ(နိုင်)၀၉၅၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 744472)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့နေ သန်းဇော်ဝင်း ၇/သနပ(နိုင်)၁၂၀၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 447237)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ အ.ထ.က-၇(မောင်ငံရပ်ကွက်)။ KG တန်းမှ မောင်ညီသုတ၏ ဖခင်အမည်မှန်မှာ မင်းထွန်းမြင့်ဇော် ၁၀/ခဆန(နိုင်)၀၉၅၁၄၆ ဖြစ်ပါကြောင်း။
မင်းထွန်းမြင့်ဇော်

ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ အ.ထ.က-၇(မောင်ငံရပ်ကွက်)။ Grade-5 တန်းမှ မောင်နေဝသုန် ထွန်း၏ဖခင်အမည်မှန်မှာ မင်းထွန်းမြင့်ဇော် ၁၀/ခဆန(နိုင်)၀၉၅၁၄၆ ဖြစ်ပါကြောင်း။
မင်းထွန်းမြင့်ဇော်

ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ အ.ထ.က-၇(မောင်ငံရပ်ကွက်)။ Grade-5 တန်းမှ မလင်းလက်ကြယ်စင်၏ဖခင်အမည်မှန်မှာ မင်းထွန်းမြင့်ဇော် ၁၀/ခဆန(နိုင်)၀၉၅၁၄၆ ဖြစ်ပါကြောင်း။
မင်းထွန်းမြင့်ဇော်

ပျောက်ဆုံးကြောင်း
စိုးထက်အောင်(ဘ)ဦးဝင်းမောင် ၁၄/မအပ(နိုင်)၃၆၄၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 551117)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၃၃၀၄၅၅၅

ပျောက်ဆုံးကြောင်း
ဇာဇာရွှေ(ဘ)ဦးရွှေထွန်းမောင် ၁၂/ရပသ(နိုင်)၁၃၅၁၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 635182)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း
ဝေယံမိုး(ဘ)ဦးတင်ဆောင် ၈/ရစက(နိုင်)၂၆၁၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 311316)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၀၀၀၄၉၅၁၁

ပျောက်ဆုံးကြောင်း
ဇော်လေဒဲခေါင်(ဘ)ဦးဆောင်းနေဝဲလာ ၁/မကန(နိုင်)၁၆၆၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၇၈၅၀၉၆

ပျောက်ဆုံးကြောင်း
နှင်းဝတ်ရည်(ဘ)ဦးသန်းဝင်း ၁၂/တကန(နိုင်)၂၇၀၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၁၃၂၇

ပျောက်ဆုံးကြောင်း
တင်စိုးကျော်(ဘ)ဦးစိုးမြင့် ၁၂/သဃက(နိုင်)၁၆၃၉၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၁၃၂၇

ပျောက်ဆုံးကြောင်း
အိုက်ကော(ဘ)ဦးအိုက်လှ ၁၃/မတန(နိုင်)၀၃၇၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 397220)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၄၉၉၅၂၂၈

ပျောက်ဆုံးကြောင်း
ခင်မင်ဦး(ဘ)ဦးကျော်ဝင်းမောင် ၁၂/ကသန(နိုင်)၀၆၁၆၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 551117)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၃၃၀၄၅၅၅

ပျောက်ဆုံးကြောင်း
မျိုးမင်းသိန်း(ဘ)ဦးအုန်းသိန်း ၇/ပခန(နိုင်)၂၇၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၂၈၈၉၉၀၁

ပျောက်ဆုံးကြောင်း
ခိုင်နှင်းဝေ(ဘ)ဦးမောင်သန်းခွဲ ၁၁/စတန(နိုင်)၁၃၇၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 940782)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၄၅၁၁၆၀၅

ပျောက်ဆုံးကြောင်း
ထက်ဖူးမောင်(ဘ)ဦးလဖိန်ဂမ်ထွယ် ၁၂/အစန(နိုင်)၂၃၃၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 024410)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၆၄၀၁၅၉

ပျောက်ဆုံးကြောင်း
ချစ်မြတ်နိုး(ဘ)ဦးနေ ၁၀/မဒန(နိုင်)၂၅၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 013417)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၄၀၃၃၆၀

ပျောက်ဆုံးကြောင်း
လှဇော်မင်း(ဘ)ဦးခွေးသိုး ၈/နမန(နိုင်)၁၆၉၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 3780370)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၇၅၈၄၄၈

ပျောက်ဆုံးကြောင်း
လှလင်းလင်း(ဘ)ဦးသိန်းဝင်း ၁၂/တကန(နိုင်)၂၇၀၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၁၃၂၇

ပျောက်ဆုံးကြောင်း
ဆိုင်းမိုင်(ဘ)ဦးမာအောင် ၁၃/ကခန(နိုင်)၀၈၈၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၁၃၂၇

ပျောက်ဆုံးကြောင်း
ဝေဝေလွင်(ဘ)ဦးမြသိန်း ၁၂/ကသန(နိုင်)၀၉၇၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 033973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၆၃၇၉၆၈၃

ပျောက်ဆုံးကြောင်း
ဇော်မင်းအောင်(ဘ)ဦးကျော်ဇော ၁၃/လရန(နိုင်)၁၃၄၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 499271)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ခင်ဌေးဝင်း(ဘ)ဦးအောင်ကျော်တင် ၁၀/ပမန(နိုင်)၀၃၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၂၄၆၈၅

အမည်မှန်
ရွှေဘိုမြို့၊ အ.ထ.က(၁) Grade-8 မှ အဘ ဦးဆန်းမောင် ၅/ရဘန(နိုင်)၀၅၄၂၈၄ နှင့် အမိ ဒေါ်ချိုချိုဝင်း ၅/ခဥန(နိုင်)၀၁၀၄၅၆ တို့၏သမီး မအေးမွန်ဖူး၏အမည်မှန်မှာ မအဲမွန်ဖူးဖြစ်ပါကြောင်း။ မအဲမွန်ဖူး

စာပေမြင့်မှ လူမျိုးတင့်မည်

နိုင်ငံတကာရှိ ကိုတယ်၊ Coffee Shop များတွင် နှစ်မြို့က်မက်မောစွာ အသုံးပြုနေသော

သဘာဝအခမဲ့ အရသာထူး ဒိတ်ရွှင်ကြည်နူး ....

ရွေးချီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) ဆု BEST Practices Award ကိုရရှိသည့် ရွေးချီဦး

Black Tea

Tea Mix

Lemon Tea

ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၃၉၃၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

SIGMA

CABLE & WIRE

COPPER 99.99%

ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၁၀၀၁၈၉၆၂

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

SMART®

GENTLEMEN FASHION

Ph : 033-60337~8 , 09-5022324

Fax : 033-60339

E-mail : mehlgarment.pol@gmail.com

Facebook : Smart Smart

Viber : +95-9777585772

Address : Pyin Oo Lwin

AVAILABLE SERVICES

- Inland Container Depot
- Warehouse Service
- Customs Freight Station Service
- Trucking Service
- Logistic Service
- Multi-modal Transportation Services

lpm

LANN PYI MARINE

COMPANY LIMITED

No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.

Tel. 01 8372879, 8373013 Fax. 095 1 8373011

Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တည်းခိုရေးစခန်းနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ○





ဒုတိယသမ္မတ ဦးညီစော လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းရှိ ဘောလုံးအားကစားကွင်းတည်ဆောက်မည့် လျာထားအဆိုပြုမြေနေရာအား ကြည့်ရှုစဉ်။

ဒုတိယသမ္မတ ဦးညီစော ရန်ကုန်မြို့ မြို့တော်အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

ဒုတိယသမ္မတ ဦးညီစောသည် ခရီးစဉ်တွင်လိုက်ပါလာသော အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မိုလ်တထောင်ဆိပ်ကမ်းသို့ရောက်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လုပ်ငန်း အစီအမံများကို ရှင်းလင်းပြသကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

စာ - ၁၇ သို့

မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်အောက်တိုဘာ ၁၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)

တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၉

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ

စာမျက်နှာ ၂၀ ကော်လံ ၁ ▼

မြန်မာအမျိုးသမီးလိင်္ဂတွင် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရပြီး ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့သရေကျ

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိင်္ဂအမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၀) ပထမနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင်သတ်မှတ်အားကစားကွင်းများ၌ ပြန်လည်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရပြီး

စာမျက်နှာ ၂၀ ကော်လံ ၁ ⇨



(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ညီညီလင်းထက်က တတိယကြေးတံဆိပ်ဆု ဆွတ်ခူး



နေပြည်တော် အောက်တိုဘာ ၁၉

ဂျပန်နိုင်ငံ နာဂိုယာမြို့၌ ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာမသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်ကျော်ကျော်ဦးနှင့်အတူ

စာမျက်နှာ ၂၀ ကော်လံ ၁ ✦

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် တန်ဖိုးမြှင့်ပို့ကုန်အတွက် မြန်မာ့နေကြာစိုက်ပျိုးရေး

ဆောင်းပါး စာ - ၁၂ သို့

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချ ဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၁၈ သို့